
www.burmeseclassic.com
ကိုမိုက်
ဖော်ကောင်အရိပ်နှင့်
မုဆိုးဝတ္ထုတိုများ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ဉာဏ်ပွင့်(စက်မှု)

မျက်နှာဖုံးပန်းချီ — မြတ်မင်းဟန်
အဖုံးဖလင် — Best Color
အတွင်းဖလင် — ကိုဦး
Logo ဒီဇိုင်း — ပန်းချီကိုကျော်သိုက်နှင့် (Q.C)
ကွန်ပျူတာ — မသက်နှင့်ဧဝယျာမြေ
စာစီ — မောင်သာယာ

၂၀၀၆ ခုနှစ်၊ ဇွန်လ၊ တန်ဖိုး (၁၃၀၀) ကျပ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၄၈၀၆၁၁ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၁၆၀၆၀၅ အရ
မာတကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့် မျက်နှာဖုံးရိုက်နှိပ်ကာ
ဦးလှမိုး (ဉာဏ်ပွင့်-စက်မှု) (မှတ်ပုံတင်အမှတ်-၀၃၉၄၉)၊
ဧဝယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပ-ထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ
ပထမအကြိမ်. . . အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

BURMESE CLASSIC .com

ဧဝယျာမြေစာစဉ် -(၆၂)

# ကိုပိုက်

# ဖော်ကောင်အရိပ်

ဧဝယျာမြေ
စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း(၁၈)-ပထပ်၊
(၁၇×၁၈)လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း -၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဖော်ကောင်အရိပ် | ၁ |
| ၂။ | ထူးဆန်းသောမှုဆိုး (၂) | ၁၃၁ |
| ၃။ | မှုဆိုးပါးပုလင်းထိ | ၁၄၃ |
| ၄။ | ထူးဆန်းသောလမ်းပြမှုဆိုး | ၁၄၉ |


မွေးမေ
မွေးဖေ
ပြီးတော . . .
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်
ဆရာသော်တာဆွေအား
ဤစာအုပ်ဖြင့်
ဂါရဝပြုပါသည်။

ကိုပိုက်

BURMESE CLASSIC .com

# ဖော်ကောင်အရိပ်

မိုးစက်မိုးပေါက်များသည် ငှက်ပျောရွက်တို့ဖြင့် မိုးထားလေသည့် တဲအမိုးပေါ် သို့ တစ်ပေါက်ပေါက်ကျလာသံကြောင့် 'ဝင်းကျော်စိုး' သည် အိပ်ရာမှ နိုးလာရတော့၏။

မိုးရွာစပြုလေပြီပဲ။

"ရစ်ချက်၊ ထစမ်း၊ မိုးရွာလာပြီ"

သို့ဆိုသလို သူသည် နံဘေးမှ အိပ်နေသူကို လှုပ်ခါနှိုးလိုက်၏။

"အာ . . . ဟင် . . . ဘာလဲကွာ"

"ဘာလဲကွာ လုပ်မနေနဲ့၊ မိုးရွာလာပြီ"

"မင်းကလဲကွာ . . . မိုးရွာလာတာ ငါ ဘာလုပ်ပေးရမှာတုံး၊ အိပ်ချင်တယ်၊ အိပ်ဦးမယ်ကွာ"

သို့ဆိုလျက် ရစ်ချက်သည် ဝင်းကျော်စိုးဘက် ကျောပေး၍ တစောင်းခွေခွေလေး လှဲအိပ်လိုက်ပြန်တော့သည်။

"အင်း . . . ဟုတ်ပေသားပဲ၊ မိုးရွာတာ သူဘာလုပ်လို့ရမှာတုံး"

သည်နားတစ်ပိုက်ရှိသည့် ဝါးခုတ်တဲတိုင်း သူတို့တဲလိုချည်းပဲ ဖြစ်သည်။ တော်သေးသည်မှာ သူတို့ ဆင်သေချောင်း ဝါးခုတ်စခန်းသို့ ရောက်နေကြသည်မှာ သုံးရက်သာရှိသေးသည်ကြောင့် တဲသစ်များ ဖြစ်သဖြင့် တော်သေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တဖောက်ဖောက်ကျနေသည့် ငှက်ပျောရွက်အမိုးသည် မူလအစိမ်းရောင်ပင် ပျက်ပြယ်ခြင်း မရှိသေးပေ။

ဝင်းကျော်စိုးသည် ပက်လက်အနေအထားဖြင့် ပတ်ဝန်းကျင်အနီးတစ်ဝိုက်မှ ပျံ့လွင့်လာသည့် အရွက်ဖားဖား သစ်ပင်ကြီးတို့ပေါ် ကျလာသည့် မိုးပေါက်သံတို့ကိုလည်း ကြားနေရပြန်သည်ကြောင့် သစဥ်တစ်ခုလို ခံစားတွေးတောနေရာမှ မိုးသည် သည်းလာချေတော့၏။

သို့ပြင်လေပြင်းပါ တိုက်ခတ်လာသည်ကြောင့် မိုးရေတို့ပက်လာချေတော့၏။

နေမရချေပြီ ဖြစ်သောကြောင့် အိပ်ရာမှ လူးလဲထလိုက်သည်။ နံဘေးမှ သူငယ်ချင်း ဖြစ်သူ ရစ်ချက်ကိုလည်း ငုံ့ကြည့်လိုက်လေ၏။

အတော်အအိပ်မက်သည့် ကောင်ပါလား။

လေပြင်းတိုက်ခတ်လာခြင်းကြောင့် မိုးပက်ခံရလေသဖြင့် မိုးရေတို့ စိုစိုရွဲရချေပြီ ဖြစ်သည့်ပြင် ချမ်းလို့ပင်လာချေပြီဖြစ်သည်။

သည်ကြားထဲ မိုးသည်းလေပြင်းကြောင့် ငှက်ပျောရွက်အမိုးလည်း ခံနိုင်ရည် မရှိချေတော့ပြီ။ ငှက်ပျောဖက်အမိုးပေါ် ရေတို့ အိုင်ထွန်းမနေရာမှ ယိုစီးလာချေတော့၏။

ထိုယိုစီးမိုးရေတို့သည် ရစ်ချက်၏ကိုယ်ပေါ်သို့ ကျလာလေပြီဖြစ်သည်ကြောင့် ရစ်ချက်လည်း အလန့်တကြား ရုန်းထလာတော့၏။

"ဆက်အိပ်ဦးလေကွာ"

ဒုက္ခကြားမှပင် ဝင်းကျော်စိုးသည် ရစ်ချက်ကို ပြုံးစေ့စေ့ကြည့်ပြောလိုက်၏။

"ဟိုဘက်တဲ သွားနေကြမယ်"

ရစ်ချက်က ပြောလာသဖြင့်

"သူတို့လဲ ငါတို့လိုပဲလေကွာ၊ ဘာထူးမှာတုံး"

ဝင်းကျော်စိုး ပြောသလိုပင် ဝါးခုတ်သမားတို့၏တဲတိုင်း မိုးရေဒဏ်ကို ကောင်းကောင်းခံနေကြရလေခြင်းကြောင့် တဲတိုင်းတွင် လှုပ်လှုပ်ရွရွဖြစ်နေကြတော့၏။

အခါမဟုတ် ရုတ်ခြည်းရွာချလေသည့် မိုးကြောင့် ဝါးခုတ်သမား





တစ်စု ညဥ့်နက်သန်းခေါင်အချိန်တွင် ဒုက္ခရောက်နေကြပြီဖြစ်သည်။

ဆင်သေမြောင်တွင်းရှိ ဝါးခုတ်သမားတစ်စုသည် ဒုက္ခရောက်နေချေပြီဖြစ်သည်။

"မိုးတွေအုံ့နေတယ်ကွ၊ ငါတော့ သိပ်သဘောမကျလှဘူး၊ စခန်းပြောင်းကြလျှင်ကောင်းမယ်"လို့ ညဦးပိုင်းက ဖထီတာမလာ ပြောခဲ့သား။

"မရွာလောက်ပါဘူးဗျာ၊ ရွာပါဦးတော့ သကြၤန်လက်ဆေးမိုးလောက်က ဘာဖြစ်ရမှာတုန်း"

"အေးလေ၊ ငါ အစိုးရိမ်လွန်လို့ ဖြစ်မှာပေါ့" လို့ ပြောပြီး ဖထီတာမလာသည် နှုတ်ဆိတ်သွားချေတော့၏။

သို့ ဖထီတာမလာက ညဦးပိုင်းက စိုးရိမ်တကြီး ပြောလာခဲ့သလို မထင်မှတ်လေဘဲ မိုးကြီးရွာချလာပြီကော။ သူ့လိုပဲ ငုတ်တုတ် မိုးရေထဲထိုင်၍ မိုးအတိုက်အစဲကို စောင့်ကြရလေမည်လား။

"ဟိုတ်ကောင်တွေ တောင်ကြောပေါ်တက်နေကြလျှင်ဖြင့် ကောင်းမယ်နော်"

သို့ဆိုသလို ဖထီတာမလာ လှမ်းအော်သတိပေးသံကို မိုးသံတို့ကြားမှ သဲ့သဲ့ကြားလိုက်ရသဖြင့် . . .

"ရစ်ချက် ငါတို့ တောင်ကြောပေါ် တက်ကြရအောင်" လို့ ဝင်းကျော်စိုးက ပြောလိုက်၏။

"မင်းကလဲကွာ မိုးထဲလေထဲ ဘယ်လိုသွားနေမှာတုန်း၊ သည်မှာကမှ ဝါးကြမ်းခင်းပေါ် နေနေရသေး၊ မိုးရေယိုနေတဲ့ အမိုးကို ဆွဲစေ့ဆွဲဖာလို့ ရသေးတယ်"

"ဖထီတာမလာက တောင်ကြောပေါ်တက်နေလျှင် အကောင်းဆုံးဖြစ်မယ်ထင်လို့ လှမ်းသတိပေးတာနေမှာပေါ့"

"မင်းကလဲကွာ ဘာသိလို့တုန်း၊ ဖထီက အစိုးရိမ်လွန်နေတာကွ၊ မင်းကြည့်စမ်း၊ သူပြောသလို ဘယ်ကောင်တွေ တောင်ကြောပေါ်တက်ကြလို့လဲ၊ သူကိုယ်တိုင်ရော တဲပေါ်ကဆင်းလို့လား"

ရစ်ချက် ပြောစကားကြောင့် ဝင်းကျော်စိုးသည် ပတ်ဝန်းကျင်မှ ဝါးခုတ်တဲများကို ဝေ့ဝိုက်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လိုပင် တဲကြမ်းခင်းပေါ်တွင် ငုတ်တုတ်ထိုင်နေကြ၏။

မိုးယိုနေသော အမိုးတို့ကို လိုက်လံဖာထေးနေကြ၏။

ဖထီတာမလာပင် တဲပေါ်တွင် ဆောင့်ကြောင့်ကြီးထိုင်လျက် ကွမ်းမြုံ့ဝါးနေလေ၏။

"တော်ပါသေးရဲ့"

မိုးပေါ်မှကျလာသော မိုးရေတို့ ရပ်ဆိုင်းသွားရန်လောက်ကိုသာ အာရုံရှိကြသော ဝါးခုတ်သူတစ်စုသည် ထိုမိုးကြောင့် တောင်ပေါ်မှ ဒလဟောစီးကျလာမည့် တောင်ကျရေကိုတော့ဖြင့် သတိမေ့လျော့နေကြတော့သည်။

ထိုနေရာတစ်ဝိုက် မြောင်ကမ်းပေါ်တွင် တဲထိုးနေထိုင်ကြသည့် ဝါးခုတ်သမားတို့သည် မိုးစဲပြီဆိုသည်နှင့် တဲကြမ်းခင်းပေါ်တွင် လဲလျောင်းအိပ်လိုက်ကြပြန်တော့၏။

ညဥ့်သန်းခေါင်ယံကျော် နှစ်နာရီဝန်းကျင် အချိန်ဆိုလေတော့ အိပ်ကောင်းသည့်အချိန် မဟုတ်ပါလား။

အတန်ကြာတွင် တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့၏။ ဝင်းကျော်စိုး တစ်ယောက်ကတော့ဖြင့် အိပ်ရာထဲလဲလျောင်းနေသော်လည်း အိပ်ပျော်သွားခြင်း မရှိသေးချေ။

မျက်လုံးအပြူးသားနှင့် ရှိနေချေ၏။

သို့ရှိစဉ် တိတ်ဆိတ်နေသော တောသည် ဆူညံစပြုလာချေတော့၏။ ဘာသံပါလိမ့် သူ နားစွင့်လိုက်သည်။

ရစ်ချက်ကို လှုပ်နှိုးပြောမည် ပြုပြီးခါမှ နေပါစေကွာဆိုသည့် ရစ်ချက်၏ အိပ်ချင်မူးတူးအသံကို ကြိုတင်ကြားယောင်နေသည်ကြောင့် သူသည် ဆိတ်ဆိတ်နေလိုက်ပြန်ပြီး သဲ့သဲ့ကြားမိသော ဆူဆူညံညံအသံတို့ကို နားစွင့်လိုက်ပြန်၏။ ရှေ့နောက် ဆင်ဖက်တစ်ချက် တောင်ကြောပေါ်မှ လေပြင်းတိုက်ခတ်သံလိုလို တောကောင်တို့ ပြေးလွှားသံလိုလိုပါကလား။

တောခြောက်သံများလား၊ သူကိုယ်နှိုက် စိတ်ချောက်ချားနေခြင်းများလေလား။





သို့ သူ နားစွင့်နေဆဲ ဝေါဝေါ . . . ဝေါ ရယ်လို့ အော်လဲသံကြီးကို ကြားလိုက်ရသည်တွင် ရင်ထိတ်သွားမိပြန်၏။

"ဘုရား . . . ဘုရား၊ ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်"

သူ့နံဘေးရှိ ရစ်ချက်သည် မည်သို့မျှ ထိုအသံများ ကြားမိပုံမပေါ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေ၏။ တစ်ချက်တစ်ချက် ဟောက်လို့ပင်နေသေးတော့၏။ ဝင်းကျော်စိုးတစ်ယောက် သူ့ကိုယ်သူပင် မယုံနိုင်လောက်အောင် ဖြစ်ရချေတော့၏။ သူလည်း ရောက်လာမည့် အန္တရာယ်ကို ကြိုသိနေသလိုလို ခံစားရလေခြင်းကြောင့် လဲလျောင်းနေရာမှ ကပျာကယာ ထထိုင်လိုက်ကာ တဲရှေ့ခပ်လှမ်းလှမ်း အောက်ဘက်တွင်ရှိ ချောင်းကို လှမ်းကဲကြည့်လိုက်၏။

"ဟင်"

ချောင်းထဲတွင် ရေတို့ရောက်နေပါကလား။ ရေခန်းစပြုနေသော ချောင်းသည် ဘယ်လိုကြောင့် သည်လောက်များများ ရေတွေရောက်လာရပါလိမ့်။

သူစိတ်ထင်လို့များလား၊ ထွက်ပြီး တဲပေါ်မှဆင်းကာ ချောင်း . . သို့ သွားလိုက်၏။

ဟင်, တကယ်ပဲ ရေတွေပါကလား၊ အလျင်အဟုန်ပြင်းပြင်း စီးနေသေးတော့၏။

ဟာ, မဖြစ်ချေပြီ၊ တောင်ကျရေတွေ ဒလဟော စီးလာနေခြင်းပါကလား။ သူ ရင်ထိတ်သွားတော့သည်။ သို့ကြောင့် ကပျာကယာပင် တဲနားသို့ပြန်သွားကာ ရစ်ချက်ကို လှုပ်နှိုးလိုက်၏။

"ရစ်ချက် ထ . . . ထ တောင်ပေါ်ကရေတွေ စီးလာပြီ"

"ဘာဆန်းလို့လဲကွာ၊ မင်းကလဲ ကြောင်နေပြန်ပြီ၊ မိုးရွာလျှင် ချောင်းရေတက်တာ ဘာဆန်းလို့တုန်း၊ အိပ်စမ်းပါကွာ၊ မင်း အိပ်မပျော်တိုင်း ငါ့ကို လာလာနှိုးမနေစမ်းပါနဲ့"

"ဟူး, ဘယ်လိုမှ ပြောမရပါလား"

"သည်ချောင်းကို ဆင်သေချောင်းလို့ ဘာလို့ ခေါ်သလဲသိလား၊ တောင်ကျရေ သိပ်များလာလျှင် အရှိန်ပြင်းပြင်းရေစီးလို့ ဆင်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



ကြွံကြွံမခံနိုင်ဘဲ လဲပြိုပြီး ရေစီးနဲ့မျောပါသွားနိုင်လို့၊ ဆင်တောင်သေရ လို့ ဆင်သေ[illegible]ချောင်းလို့ ခေါ်တာကွ" လို့ သူ့ဘကြီး ပြောဖူးသည့် စကား သတိရလိုက်မိသည်ကြောင့် သူသည် ဘာမှဆက်တွေးမနေတော့ဘဲ တဲ ကိုစွန့်ခွာကာ ဟောင်ကြောပေါ် သွားနေရန် ဆုံးဖြတ်လိုက်သည်နှင့် မမျှော်လင့်ဘဲ ခတောင်ပေါ်မှရေလုံးကြီးသည် အရှိန်ပြင်းပြင်းဖြင့် ထိုးဆင်း လာချေသည်တွင် ဝါးခုတ်တဲတို့သည် ရေအားကြောင့် လဲပြိုကုန်ကြလေ တော့သည်။

သို့ဆိုတော့ အိပ်ပျော်နေသော ဝါးခုတ်သမားတို့သည်လည်း ရေ စီးပြင်းပြင်းနှင့်အတူ မျောပါသွားကြကုန်သည်။

ရေတွင်မျောလိုက်ပါသွားရင်း လူပ်ရှားရုန်းကန် အော်ဟစ်သံတို့ သည် ရေစီးသံကို မကျော်လွှားနိုင်ပါချေ။

ထိုအထဲတွင် သတိလက်လွတ် ဖြစ်သွားရှာသည့် ဖထီးတာမလာ လည်း ပါသွားလေတော့သည်။

ထိုရေစီးနှင့်အတူ ဝါးခုတ်[illegible]ားတို့သာ မဟုတ်၊ အငိုက်မိသွား [illegible] ချေကေ[illegible]၊ တောင်လိပ်ကောင်၊ ပေါးကြီးကောင်နှင့် တောဝက် ကောင်တို့လည်း ပါချေသေးတော့သည်။

သို့ဖြစ်တတ်သည် ဆိုပေမင့် ဖြစ်လေ့ဖြစ်ထ ဖြစ်ခဲသော ရေ တိုက်စားမှုကြီးပင် ဖြစ်တော့သည်။

ထိုကပ်သဘာဝ ဘေးဒဏ်ကို ပိတောက်ကုန်းရွာသား ဝါးခုတ် [illegible]သမားတို့ ခံလိုက်[illegible]ပခြင်းပင် ဖြစ်တော့သည်။

❋





လဟာမငယ်ရွာသား စောစမ်းကြည်သည် နေထိုင်မကောင်းသည် ဖြစ်၍ စခန်းတဲတွင်နေခဲ့သော်လည်း လုပ်ငန်းခွင်မှ သူငယ်ချင်း လှိုင်ညွန့် နှင့် မျိုးဝင်းနိုင်တို့ပြန်လာလျှင် အရန်သင့် လက်ဆေးစားနိုင်ရန်အလို့ငှာ ထမင်းတစ်အိုးတည်ထားလိုက်ပြီး တဲနှင့်ခပ်လှမ်းလှမ်း မြောင်ကမ်းနဖူး တွင် သုတ်ကိုင်းထောင်ထားသည်ကို သွားဖြုတ်ရန် ဆုံးဖြတ်လိုက်၏။

နေထိုင်မကောင်းဟု ဆိုပေမင့် အိပ်ရာထဲ လဲနေလောက်သည့် ချို့ယွင်းမှု မဟုတ်လေသည်ကြောင့် တည်လက်စ ထမင်းအိုးကို ထားခဲ့ ကာ သုတ်ကိုင်းထောင်ထားရာသို့ ဓားမတိုကိုကိုင်၍ ထွက်ခဲ့ချေတော့၏။

နေထိုင်မကောင်း ဆိုသည်မှာလည်း ငှက်ဖျားပြန်ထခြင်းသာ ဖြစ် ချေ၏။

ငှက်ဖျားဆိုသည်မှာ ရောဂါထစဉ် အချိန်လောက်သာလျှင် ကိုယ် ရှိန်ပူလာခြင်း၊ အအေးမှ ခိုက်ခိုက်တုန် ချမ်းလာခြင်း၊ လွန်ကဲစွာ ကိုယ် လက် ကိုက်ခဲလာခြင်းသာဖြစ်၏။ ရောဂါကုန်ချိန်တွင် လူကောင်းပကတိ ကဲ့သို့ ပြန်ဖြစ်ရလေသည့် ဝေဒနာပင်ဖြစ်သည်ကိုး။

သို့ကြောင့် သူသည် စောစောလေးကပင် ရောဂါထခဲ့ပြီး ကျသွား လေသည်ကြောင့် သို့ထွက်လာနိုင်ခြင်း ဖြစ်သည်။

သုတ်ကိုင်းတွင် ကြွက်၊ ငှက် မိနေလို့ကတော့ အဆင်သင့်[illegible] လေဟု တွက်ထားလေခြင်းကြောင့် သူ၏ ခြေလှမ်းများသည် [illegible]လက် လို့ပင် နေသေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်တွင်လည်း ပီတိအဟုန် လွှမ်းခြုံလို့ နေပြန်သေးတော့၏။

သည်သို့ဖြင့် သူလည်း စခန်းတဲနေရာလေးမှ ဆင်ခြေလျှောသာသာလျှင်ရှိသည့် တောင်ကြောအတိုင်း ဆင်းလာသည့်တွင် ဆင်သေချောင်းမှ ခွဲထွက်လာသော စပါးကြီးမြောင်သို့ ရောက်လာတော့၏။

ထိုစပါးကြီးမြောင်အတိုင်း ဆန်တက်လိုက်လေသည်တွင် ဖိုးလှိုင်ညွန့်နှင့် မျိုးဝင်းနိုင်တို့ ထောင်ထားခဲ့သော သုတ်ကိုင်းကို တွေ့လိုက်လေသည်တွင် . . .

"ဟင်"

ဘယ်လို ဖြစ်ရတာပါလိမ့်၊ သုတ်ကိုင်းတွင် သားကောင် မိမနေသည့်အပြင် သုတ်ကိုင်းသည် ပြုတ်ထွက်နေပါပကောလား။

တောကြောင်များ ဒုက္ခ ပေးသွားလေသည်လား။

မှန်း . . .

သူသည် သုတ်ကိုင်းနားရောက်သည်တွင် ပို၍ပင် အံ့ဩသွားရတော့၏။

သုတ်ကိုင်းနားတွင် ရစ်အမွေးများနှင့် လူခြေရာ လတ်လတ်ဆတ်ဆတ် တွေ့ရလေခြင်းကြောင့် ဒေါသလည်း ထွက်သွားမိတော့၏။

"တောက်, မိုက်ရိုင်းလိုက်တာ၊ သစ္စာ မရှိတဲ့လူတွေ"

သို့ဆိုသလို ပြောလိုက်လေပြီး ခပ်လှမ်းလှမ်းမှ ခြေသံကြားလိုက်လေသည်နှင့် လှမ်းကြည့်လိုက်၏။

"ဟင်, ဘယ်သူများလဲလို့ ဝင်းကျော်စိုးပါကလား"

ပီတောက်တုန်းရွာသား ဝင်းကျော်စိုးပေပဲပေါ့။

"ဟိတ်ကောင် ဘာကြည့်နေတာလဲ၊ ငါတို့ ရစ်ကို မင်း ဖြုတ်ယူထားတာလား"

သို့ဆိုသလို စောစန်းကြည်က လှမ်းအော်လိုက်သည်တွင် ဝင်းကျော်စိုးသည် ဘာမျှမပြောလေဘဲ ပြုံးစိစိလုပ်ပြီး ခြေအစုံပူး၍ တွဲလောင်းကိုင်ထားလေသည့် ရစ်သေကောင်ကို မြှောက်ပြကာ ထိုနေရာလေးမှ လှစ်ခနဲ လှည့်ထွက်သွားလေသည့်ကြောင့် . . .





"မင်း ဒါ ဘာလုပ်တာလဲ၊ ငါတို့ ရစ် ပြန်ပေးချေ" ဆိုလျက် သူသည် ဝင်းကျော်စိုးထံသို့ သွက်လက်သော ခြေလှမ်းများဖြင့် အပြေးကလေး လိုက်သွားချေ၏။

"ဟိတ်ကောင် ဝင်းကျော်စိုး . . . ဝင်းကျော်စိုး၊ မင်း အဲဒီလို သစ္စာမရှိတဲ့အလုပ် မလုပ်ပါနဲ့၊ ဒါ ငါတို့ထောင်ထားတဲ့ သုတ်ကိုင်းကွ"

သို့နှယ် ပြောလည်းပြော . . .

"ဟင်"

အရမ်း မြန်သည်၊ မြန်လိုက်သည် ဖြစ်ခြင်း။ ဝင်းကျော်စိုး ဘယ်ရောက်သွားပါလိမ့်။ ထိုနေရာတစ်ဝိုက် အနေအထားသည် ရှင်းလင်းလို့နေချေ၏။ အောက်ပေါင်းရှုပ်သည်လည်း မဟုတ်။ ပင်လုံးဖြောင့် သစ်ပင်ကြီးတို့ ရှိကြသည့်အတိုင်း ဝါးတို့သာ ထိုနေရာတစ်ဝိုက် အပေါက်များခြင်း ဖြစ်၏။

အတော်ခပ်လှမ်းလှမ်း နေရာလောက်ထိ အမြင်ရှင်းနေလေသည်ပဲ။ သူသည် ထိုနေရာလေးမှနေ၍ အရပ်လေးမျက်နှာသို့ လှည့်ပတ်ကြည့်လိုက်ရာ အလိုလေးဗျာ၊ ဝါးပင်ငယ်တစ်ပင်၏ ကိုင်းတက်တွင် ရစ်ကောင်၏ အမွေးအတောင်ပါ အရေခွံသည် သွေးစက်လက်ဖြင့် ရှိနေပါကလား။ ရစ်ကောင်ကို အရေဆုတ်ထားခဲ့လေခြင်း ဖြစ်သည်။

ဘယ်လိုကြောင့်ရယ် မသိ၊ ရစ်ကောင်၏ အရေခွံသည် ကြောက်စရာ ကောင်းလှသည်လည်း မဟုတ်၊ ရွံရှာဖွယ်လည်း မဟုတ်ပေမင့် သူကြက်သီးထသွားရခြင်းသည် ပီတောက်ကုန်းရွာသား ဝင်းကျော်စိုး ရုတ်ခြည်း ပျောက်သွားရခြင်းကြောင့်ဖြစ်သည်။

ဘယ်လိုကြောင့် ရုတ်ခြည်းပျောက်သွားရခြင်းကို သူ သိလိုက်ရ၍ ဖြစ်တော့သည်။

ပီဘောက်ကုန်းရွာသားက သေလေပြီပဲ။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ဆင်သေချောင်းရေ စားခံလိုက်ရ၍ သေပြီမဟုတ်လား။ ခုလှမ်းတွေ့လိုက်သည်။ ရုတ်ခြည်းကို ပျောက်သွားပြန်သည် ဆိုတော့ ဝင်းကျော်စိုးတစ်ယောက် တစ္ဆေသရဲဖြစ်နေ၍ သူ့ကို ကိုယ်ထင်ပြကာ ခြောက်လှန့်ခြင်း ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ သူ တွေးသိလိုက်သည်ကြောင့် ထိုနေရာလေးမှ ကပျာကသီ လှည့်ထွက်ခဲ့တော့၏။

နောက်ကျောပင်မလှုံ။

"ဘုရား . . . ဘုရား၊ ငါ လာမိတာ မှားလေပြီလား"

စခန်းသို့ ပြန်ရောက်သည်တွင် တည်ခဲ့သော ထမင်းအိုး အဆူ လွန်၍ပင်နေတော့သဖြင့် ကပျာကသီ ရေငှဲ့ချလိုက်သည်။

ထမင်းတွေ ပျော့ကုန်ပြီပေါ့၊ ကိစ္စတော့ မရှိပြီ။ သူ နေထိုင် မကောင်းသည်ကြောင့် ထမင်းပျော့ပျော့စားလိုသည်ဟု အကြောင်းပြကာ ပြောရချေတော့မည်။ သည်ကြားက ထမင်းရည်ငှဲ့နှပ်ထားစဉ် ဝင်းကျော်စိုး အကြောင်း တွေးတောရင်း မှင်တက်မိသွားခြင်းကြောင့် ထမင်းအိုးတူးနံ့ ပြင်းပြင်းရလေမှ ကပျာကသီ ထမင်းအိုးကို ဖိုပေါ်မှချလိုက်ရလေ၏။

"ထမင်းက ပျော့ပျော့၊ ချိုးက တူးတူး၊ ကောင်းရောဗျာ"

သို့ဆိုသလို ဖိုးလှိုင်ညွန့်က အချေအတင် ပြောလာချေ၏။

"ဟင်း . . . ဘာတွေ ဖြစ်နေတာလဲကွာ"

မျိုးဝင်းနိုင်က သူရလာသော လိပ်ကောင်ကို အသားဖျက်ရင်း မေးလာချက်ကြောင့် သရဲနာနာဘာဝကောင် ဝင်းကျော်စိုးအား တွေ့ လိုက်ခြင်းကို ပြောလိုက်လေသည်တွင် လှိုင်ညွန့်ရော မျိုးဝင်းနိုင်ပါ ထိတ်လန့် အံ့ဩသွားကြလေတော့သည်။

"အေးကွာ၊ ဟိုနေ့ညကလဲ ငါ အလေးအခင်း သွားတော့လဲ စခန်း နားတစ်ဝိုက်မှာ တရှပ်ရှပ်ခြေသံတွေ ကြားတယ်ကွ၊ ငါက တောကြက်တွေ မြေဝပ်ငှက်တွေ ထင်တာ၊ မင်း ခု ပြောပုံဆိုလျှင်ဖြင့် ဆင်သေချောင်းရေ စားခံသွားရတဲ့ ပိတောက်ကုန်းရွာက လူတွေ မကျွတ်မလွတ်ကြဘူး ထင်တယ်ကွ"

"အေးကွ၊ ငါက မျက်ဝါးထင်ထင် မြင်လိုက်ရတာပဲ"

"မင်း ကယောင်ချောက်ချား ဖြစ်ပြီး ပြောနေတာတော့ မဟုတ် ပါဘူးနော် စန်းကြည်"

သို့ လှိုင်ညွန့်က ပြောလာချေတော့သဖြင့် . . .

"မင်း မယုံလျှင်ဖြင့် လာလိုက်ကြည့်၊ အဲဒီသုတ်ကိုင်းနားမှာ





လူခြေရာတွေရှိတယ်၊ ပြီးတော့ ရစ်အရေခွံ သွေးစက်လက် ရှိနိုင်သေး တယ်" လို့ စောစန်းကြည်က ပြောလေသည်တွင် . . .

"မှောင်စပျိုးပြီ မသွားဝံ့ပါဘူးကွာ၊ မင်းပြောတာကို ယုံပါတယ်"

သို့ဆိုသလို မျိုးဝင်းနိုင်က ပြောရင်း လိပ်ကောင်သားကို ချက်ပြုတ် ရန် စီစဉ်လေတော့၏။

"မင်းအတွက်တောင် ဘာမှ မရှိဘူး"

လှိုင်ညွန့်က စန်းကြည်ကို ပြောလိုက်၏။

"ကိစ္စမရှိပါဘူးကွာ၊ ငါးပိထောင်းနဲ့ ခရမ်းသီး ပြုတ်စားတာပေါ့"

"လိပ်သား စားရဲလျှင်ဖြင့် စားလေ"

သို့ မျိုးဝင်းနိုင်က ပြောလေ၏။

"လိပ်သား သိပ်ကြိုက်တာပေါ့ကွာ၊ ငှက်ဖျားတက်နေတဲ့ အချိန်မို့ မစားတာကွ"

"မင်း စားရဲလို့ စားမယ်ဆိုလဲ ငါ မကျွေးပါဘူး"

"ဘယ်သူကရော စားမယ်ပြောလို့လဲ၊ ငါးပိထောင်းနဲ့ ခရမ်းသီး ပြုတ်စားမယ် ပြောပြီးပြီပဲ"

"ဟာ, ဟုတ်ပြီ၊ မျိုးဝင်းနိုင် လာကွာ၊ မင်းနဲ့ငါ သူပြောတဲ့ ရစ် အရေခွံကို သွားယူပြီး အမွေးနုတ်ချက်စားလိုက်မယ်"

သို့ဆိုသလို လှိုင်ညွန့်က မျိုးဝင်းနိုင်ကို ပြုံးစစမျက်နှာပေးဖြင့် လှမ်းပြောလိုက်လေသည်။

"တော်တော့ကွာ၊ မင်းတို့ တကယ်သွားယူ ချက်လျှင် ငါစားမယ် ကွာ"

"အလကားစတာပါကွာ၊ ဟောဒီမယ် မင်းအတွက် ငါးခေါင်းတို လေးတွေပါတယ်၊ ငရုပ်စပ်စပ် အရည်သောက်လေးချက်ပေးမယ်"

လှိုင်ညွန့်က ငါးပုံးတွင်းမှ ငါးခေါင်းတိုလေးများကို ထုတ်ယူရင်း ခေါင်းထုသတ်လျက် ပြောလာချေဟော့၏။

"တာပလူးအာကြီးလော်"

ရယ်လို့ ကျေးဇူးတင်စကားပြောပြီး စန်းကြည်သည် တဲနှင့်မလှမ်း လှမ်းရှိသော ဆေးခါးကြီးပင်ကို သုံးလေးပင်မျှ ခွဲနုတ်ယူလာလေပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်ညွန့်ရေ ငါ့ကို ဒါလေး သုံးခွက်တစ်ခွက်တင် ကြိုပေးစမ်းပါကွာ၊ ငါ ငှက်ဖျားတက်ချင်လာလို့ စောင်ခြုံကွေးချေဦးမယ်"

လို့ ပြောကာ ဆေးခါးပင်တို့ကို ပစ်ချပေးလိုက်ပြီး တဲပေါ် ကပျာကသီ ပြေးတက်သွားကာ သူ၏ မည်းညစ်ညစ်ဂွမ်းစောင်ကြီးကို တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်တော့၏။

"လှိုင်ညွန့်ရေ အဲဒီငါးတွေထားခဲ့၊ ငါ လိပ်သားချက်ပြီးတာနဲ့ ဆက်ချက်ထားမယ်၊ ဟိုကောင့်ကို သွားပြုစုလိုက်စမ်းပါကွာ"

"အေး အေး" ဆိုလျက် လှိုင်ညွန့်သည် တဲပေါ်သို့ တက်လိုက်သွားပြီး သူနှင့် မျိုးဝင်းနိုင်တို့၏ သက္ကလပ်စောင်နှင့် ဂွမ်းစောင်တို့ကိုပင် စန်းကြည်၏ ကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်သည်။

"မင်းကိုယ်လုံးနဲ့ ငါ့ကိုဖိထားစမ်းပါကွာ"

စောင်ထူထူတို့အောက်တွင် ရှိနေသော်လည်း ခိုက်ခိုက်တုန်ချမ်းနေရှာသည့် စန်းကြည်က အသံတုန်တုန်ခါခါဖြင့် ပြောလာသဖြင့် လှိုင်ညွန့်သည် သူ၏ခန္ဓာကိုယ်ကြီးဖြင့် တက်ဖိပေးလိုက်ချေတော့၏။

စန်းကြည်တစ်ယောက် ငှက်ဖျားဒဏ် အလူးအလဲခံနေရချေပြီဖြစ်သည့်အတောအတွင်း မျိုးဝင်းနိုင်တစ်ယောက် လိပ်သားနှင့် ငါးဟင်းပင် ချက်ပြုတ်ပြီးဖြစ်၏။ လှိုင်ညွန့်သည် မျိုးဝင်းနိုင်နားသို့ ပြန်လာကာ ဝိုင်းကူလုပ်ပေးနေချေတော့၏။

သည်သို့ဖြင့် ဆေးခါးကြီး ကြိုပြီးသည်တွင် စန်းကြည်သည်လည်း ပြန်လည် နိုးလာလေပြီဖြစ်၏။ စုပေါင်း ထမင်းစားကြလေတော့၏။

သို့ ထမင်းဝိုင်းတွင် တိတ်ဆိတ်နေသော်လည်း . . .

"ဒုန်း . . . ဒုန်း . . . . ဒုန်း"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ဟာ, ဘာသံလဲ . . . ဘာသံလဲ"

လှိုင်ညွန့်က ထမင်းစားရင်းတန်းလန်း အသံလာရာသို့ လှမ်းကဲထကြည့်ရင်း ပြောလေ၏။

"ဟိုရှေ့တောင်ကြောပေါ်က လာတဲ့အသံကွ"

"ဝါးတွေကို တုတ်နဲ့ လိုက်ရိုက်နေတဲ့ အသံပဲကွ"





"ဘယ်သူလဲ မသိဘူး"

"သည်အချိန်ကြီး ဘယ်သူက ဝါးတောထဲမှာ ရှိပါ့မလဲကွ၊ စဉ်းစဉ်းစားစားလဲ ပြောပါဦး လှိုင်ညွန့်ရယ်"

သို့ဆိုသလို လှိုင်ညွန့်ကိုပြောရင်း စန်းကြည် ထမင်းဝိုင်းကို လက်စသိမ်းလိုက်လေပြီး လှိုင်ညွန့်အနားထရပ်လိုက်ကာ လှမ်းကဲကြည့်ရင်း နားစွင့်နေလိုက်၏။

တဒုန်းဒုန်း တဒိုင်းဒိုင်း တဖြောင်းဖြောင်း အသံများ ကြားနေရဆဲဖြစ်၏။

"တောခြောက်တာများလား"

"တောဆင်တွေများလား"

"တူ . . . တူ . . . တူ"

"တူ . . . ဝေါ . . . တူ"

သို့အသံတို့သည် တစ်နေရာတည်းမှ ထွက်ပေါ်လာခြင်း မဟုတ်၊ နေရာအနှံ့မှ ပေါ်ထွက်လာခြင်း ဖြစ်လေသဖြင့် . . .

"ဘာတွေလဲကွ" လို့မျိုးဝင်းနိုင်က ညည်းလိုက်လေပြီး ထင်းမီးပုံကြီးရှိရာသို့သွားကာ ထင်းခြောက်များ ထပ်ထည့်လိုက်လေပြီး ဝါးစိမ်းများကို ထပ်ထိုးထည့်လိုက်ပြန်၏။

"ဖောင်း"

"ဖောင်း"

"ဖောင်း"

အတန်ကြာတွင် သူတို့ထင်းမီးပုံမှ ပေါက်ကွဲသံများ ပေါ်ထွက်လာတော့၏။ အခေါင်းပေါက်ရှိသော ဝါးစိမ်းများဖြစ်၍ ထပေါက်လာခြင်းဖြစ်သည်။

"ဖောင်း"

မျိုးဝင်းနိုင်ထည့်ထားသော ဝါးစိမ်းများ ကုန်သွားသည်နှင့် တစ်တောလုံး တိတ်ဆိတ်သွားပြန်တော့၏။

"တို့တွေ အိပ်ကြစို့ကွာ"

လှိုင်ညွန့်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"စန်းကြည် မအိပ်ခင် ဆေးခါးကြီးသောက်လိုက်ဦး"

မျိုးဝင်းနိုင်က ဆေးခါးကြီးခွက်ကို ကမ်းပေး၍ ပြောလိုက်ပြီး တဲပေါ်သို့ တက်သွားလေတော့သည်။

"မနက်ဆို ဝါးခုတ် ငါ လိုက်လို့ရပြီ"

စန်းကြည်က ဆေးခါးကြီးကို ရှုံ့မဲ့သောက်လိုက်လေပြီးသည်နှင့် သို့ ပြောလေသဖြင့် . . .

"ဘာလဲ စခန်းမှာ တစ်ယောက်တည်းမနေရဲလို့လား"

လှိုင်ညွှန့်က မျိုးဝင်းနိုင်နားကပ်၍ လှဲလိုက်လေပြီး ပြောလေ၏။

"သွားစမ်းပါကွာ ဘာကြောက်စရာရှိလို့လဲ၊ ခုဟာကလဲ တောဆင်တွေ ဝါးတောထဲ ဝင်မွှေတာဖြစ်မှာပေါ့၊ ဝါးဖောက်လိုက်တော့ ပြီးသွားပြီလေ"

"ကဲပါ စန်းကြည်ရယ်၊ မင်းအိပ်ရာပေါ် မတက်ခင် ထင်းမီးကို ထပ်ထိုးခဲ့စမ်းပါဦး"

"အေးပါကွာ"

ဆိုလျက် စန်းကြည်သည် ထင်းမီးပုံနားသို့သွားကာ ထင်းခြောက်များ ထပ်ထိုးထည့်လိုက်လေတော့၏။

သူလည်း အိပ်တော့မည်ဆိုတော့ အပေါ့အပါး သွားထားလေဦးမှဟု စဉ်းစားလိုက်ပြီး မှောင်ရိပ်လေးတစ်ခုသို့ သွားလိုက်သည်။

"ဝုန်း"

"ဟာ"

သူ ရင်ထိတ်သွားမိသည်။

မထင်မှတ်ဘဲ ရုတ်တရက် ဖြစ်လာမှုကြောင့် တစ်ကိုယ်လုံး တုန်တက်သွားအောင် တုန်လှုပ်သွားသည်ဆိုပေမင့် သစ်ကိုင်းခြောက်ကျိုးကျလေခြင်း ဖြစ်သည်ကြောင့် စိတ်အေးသွားရတော့၏။

သို့ပေမင့် . . .

"ဟာ"

လေပြည်တစ်ချက်အဝှေ့တွင် ပုပ်အက်အက်အနံ့ ရလိုက်သောကြောင့် ခေါင်းနားပန်းကြီးသွားရပြန်၏။ မဖြစ်ချေပြီ၊ ကပျာကသီ





ထိုနေရာလေးမှထကာ တဲဆီသို့ ပိုမိုသွက်လက်သော ခြေလှမ်းများဖြင့် သွားလိုက်သည်။

"အသံ ကြားတယ်၊ ဘာဖြစ်တာလဲ"

လှိုင်ညွှန့် အိပ်ပျော်ပုံမရသေး။ သူ အသံကြားသည်နှင့် မောလာသဖြင့် သစ်ကိုင်းကျိုးကျတာပါဟု ပြောလိုက်သည်။

"မင်းကလဲကွာ၊ ထင်းမီးထိုးရအောင် သယ်လာခဲ့တာ မဟုတ်ဘူး"

အင်း . . ဟုတ်ပေသားပဲ၊ မီးထိုးရန် သစ်ကိုင်းသစ်တုံးတွေ သူတို့တွင် ကုန်နေလေပြီမဲ့။ သို့ အတွေးရလိုက်ပေမင့် အပုပ်နံ့ရလိုက်ခြင်းကို ပြန်စဉ်းစားမိလိုက်သည်တွင် . . .

"ငါ အိပ်ချင်ပြီကွာ၊ မင်းတို့ သွားယူချည်တော့"

သို့ဆိုလျက် စန်းကြည်သည် တဲဝါးကြမ်းခင်းပေါ် လှဲချပြီး သူ့ဂွမ်းစောင်ကြီးကို တစ်ကိုယ်လုံး လွှမ်းခြုံလိုက်လေတော့သည်။

သို့ကြောင့် လှိုင်ညွှန့်သည် လူးလဲထလိုက်ကာ . . .

"စန်းကြည် ကပ်တယ်ကွာ၊ မီးမရှိလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြော သစ်ကိုင်းခြောက် ဘယ်နားမှာလဲ၊ အတော်ကြီးလား"

လို့ စန်းကြည်ကို မေးလိုက်၏။

"တောင်သရက်ပင်ကြီး အောက်မှာကွ၊ အတော်ကြီးတယ်၊ မင်း မယူလာလို့တော့ ရမယ်မထင်ဘူး တရွတ်တိုက် ဆွဲယူလျှင်ဖြင့်တော့ ရမယ်"

စန်းကြည် သို့နှယ်သာပြောပြီး ဆိတ်ငြိမ်သွားတော့၏။

"ဖိုးလှိုင်ညွှန့် ငါ လိုက်ခဲ့ရမလား"

မျိုးဝင်းနိုင်က သို့သာမေးလိုက်ပေမင့် လူကတော့ တုတ်တုတ်မျှ မလှုပ်။

"ရပါတယ်ကွာ"

လှိုင်ညွှန့်သည် တောင်သရက်ပင်ကြီးရှိရာသို့ သွားလိုက်သည်။

သူတို့တဲရှေ့ ထင်းမီးပုံကြီးနှင့် ဘာမျှမဝေးလောက်ဆိုပေမင့် ထင်းမီးအလင်းရောင်သည် တောင်သရက်ပင် အနောက်တစ်ကြောသို့တိုင် မပေါက်၊ မှောင်မည်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အလင်းဖြာကျသည့်ဘက်ပိုင်းတွင်မတော့ ထင်းခြောက်ကိုင်းကြီး မပြောလေနှင့် သစ်ခက်ခြောက်လေးများပင် ကျိုးပြတ်ကျလေခြင်း မရှိချေ။ သို့ကြောင့် ဖိုးလှိုင်ညွှန့်သည် တောင်သရက်ပင် နောက်ဘက် အမှောင်ထုတွင်း လှမ်းကြည့်လိုက်၏။

သူပဲမျက်စိမှုန်နေလို့လား မသိ၊ မရတွေ့။ သို့ဖြင့် တောင်သရက်ပင် နောက်ကြော အမှောင်ထုတွင်း တိုးဝင်သွားလိုက်သည်။ အေးစိမ့်စိမ့် ရှိချေ၏။

"ဖျောက် ဖျောက် ဖတ် ဖျောက် ဖတ် ရှပ် . . . ရှပ်"

သစ်ရွက်ခြောက်များပေါ် ဟို ဒီ လူးလာခေါက်တုံ့ လျှောက်ရင်း ထင်းခြောက်ကိုင်းဆိုသည်ကို ရှာကြည့်ပါ၏။

မရှိ၊ မတွေ့ချေ။ တောင်သရက်ပင်ဆိုလို့ သည်တစ်ပင်သာ ရှိလေသည်ပဲ၊ စန်းကြည့်ပဲ ထင်မိထင်ရာ ပြောလေခြင်းများလား။

လှိုင်ညွှန့် ခဏမျှရပ်လိုက်လေပြီး အနားတစ်ဝိုက် အတော်လှမ်းလှမ်း နေရာဘက်ဆီသို့ လှမ်းကဲကြည့်လိုက်ရာ . . .

"ရှပ် . . . ရှပ် . . . ဖတ် ရှပ် . . . ဖတ် ရှပ် . . . ရှပ်"

ခြေသံပါကလား၊ ရုတ်တရက် ကြားလိုက်ရသည့် ခြေသံကြောင့် သူ တုန်လှုပ်သွားရသည်တော့ အမှန်။

ရွက်ခြောက်တို့အပေါ် လျှောက်သွားသံ ပေါ်ထွက်ရာသို့ စူးစိုက်ကြည့်နေလိုက်၏။

ခြေသံရှင်ကို မတွေ့။ အသံကိုသာ ကြားနေရသည်ကြောင့် မသိုးမသန့် ဖြစ်မိသည်။

"ဟာ"

သူ ကြက်သီးမွေးညင်းများ ထသွားရပြန်သည်။ ဘယ့်တွက်မှု အပုပ်နံ့သင်းသင်း ရလိုက်သောကြောင့်ဖြစ်၏။

လှိုင်ညွှန့်သည် ကြောက်တတ်သူတစ်ယောက်တော့ မဟုတ်ပေ။ ညဥ့်မှောင်တွင် သူတစ်ယောက်တည်း၊ ခြေသံကြားပြီး ခြေသံရှင်မတွေ့ ရလေခြင်းအပြင် ယခုလို အပုပ်နံ့ပင်ရလိုက်သည်ဆိုတော့ လန့်သွားမိခြင်းဖြစ်သည်။





မည်သို့ပင်ဖြစ်စေ 'သမ္ဗုဒ္ဓေ' ဂါထာကို စိတ်ထဲမှ ကျိတ်ရွတ်နေလိုက်သည်။

'ဝုန်း'

'အား'

သို့ရှိစဉ် သူ့နောက်ဘက်မှ သို့အသံကြောင့် လိပ်ပြာလွင့်မတတ် ဖြစ်သွားရသဖြင့် ကြောက်လန့်တကြား အမှောင်ထုတွင်းမှ ပြန်ထွက်ခဲ့တော့၏။

'အား'

'ဘုတ်'

သူ၏ကြောက်စိတ်နှင့် နမော်နမဲ့နိုင်မှုကြောင့် မြေပြင်ပေါ်ရှိ မာကျောကျောအရာတစ်ခုကို ခလုတ်တိုက်မိကာ ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့၏။ ကပျာကသီပြန်ထကာ ခလုတ်တိုက်မိသည့်အရာကို မကျေမနပ် ပြန်လှည့်ကြည့်လိုက်သည်။

"ဟင်, တောင်လိပ်ကြီးပါကလား"

ဟင်းစားရတာပေါ့လို့ တွက်လိုက်ပြီး ထိုတောင်လိပ်ကို ကုန်းကောက်လိုက်၏။

"ဟာ, သွေးသံရဲရဲနှင့် လိပ်ခွံကြီးပါလား"

အသေအချာ ကြည့်လိုက်ပြီး လိပ်ခွံကြီးကို ကပျာကသီပစ်ချကာ ထိုနေရာမှ ပြေးထွက်ခဲ့တော့သည်။

သူသိလိုက်လေပြီ။

သူတို့ စခန်းနားတစ်ဝိုက်တွင် ဟင်းကောင်ရှိနေတာသေချာပေပြီ။

လိပ်ခွံ၌ သွေးစွန်းပေနေခြင်းသည် ဟင်းကောင်က လိပ်ကို စုပ်ယူစားသောက်လေခြင်းကြောင့်ဖြစ်သည်။

သွေးသံရဲရဲရှိဆဲဆိုတော့ ဘာကြာဦးမှာလဲ၊ ပြီးတော့ ပုပ်အက်အက် ရလိုက်သည့် ရနံ့သည် လေအထက်တွင်ရှိနေသည့် ဟင်းကောင်ထံမှ ပျံ့လွင့်လာသောရနံ့ဖြစ်သည်။

ကြည့်စမ်း၊ သူ မှောင်ရိပ်တွင် တစ်ယောက်တည်း အတော်ကြာကြာ နေလိုက်မိသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဟင်းကောင်က ချောင်းမြောင်းနေလေသည်လားတော့ မသိနိုင်။ မည်သို့ပင် ဖြစ်စေ၊ ဝုန်း ဆိုသော သစ်ကိုင်းကျိုးကျသံကြီးက သူ့ကို တစ်စုံတစ်ခုတော့ဖြင့် ကူညီပံ့ပိုးရာ ရောက်နိုင်၏။

စခန်းတဲပေါ်တွင် စန်းကြည်နှင့်မျိုးဝင်းနိုင်တို့ နှစ်ယောက်အပြိုင် ဟောက်ကာ အိပ်နေကြသည်။

လှိုင်ညွန့်သည် ထင်းမီးပုံနားရှိသမျှ သစ်တုံး သစ်ကိုင်းခြောက်တို့ကို ထပ်မံမီးထိုးလိုက်တော့သည်။

အရှိန်ပျော့ပျော့ မီးတောက်သည့် လောင်စာအရှိန်ကြောင့် ပို၍ လင်းလက်လာတော့သည်။ သည့်နောက်ပိုင်းတွင် သူသည် တဲပေါ်သို့ တက်လှဲအိပ်လိုက်တော့သည်။

"ကျလိ . . . ကျလိ . . . ကျလိ"

"ကွစ် . . . ကွစ် . . . ကွစ် . . . ကွစ်"

"ကွက်ကွက် . . . ကွက်ကွက်"

ဆူဆူညံညံ ဇီးကွက်အော်သံနှင့် ငှက်ငယ်လေးတို့၏အသံကြောင့် အိပ်ယာမှ နိုးလာရတော့၏။

မိုးစင်စင်လင်းနေချေပြီ ဖြစ်သည်။

"လှိုင်ညွန့် ထမင်းစားတော့လေ၊ တော်ကြာနေ ဝါးခုတ်သွားကြတော့မယ်"

သူ အတော်လေး အိပ်ပျော်သွားပါလား။

မျိုးဝင်းနိုင်နှင့် စန်းကြည်တို့နှစ်ယောက် ထမင်းဟင်းချက်ထားပြီး ဖြစ်နေပါကလား။

"အေး အေး"

ဆိုလျက် သူသည် မျက်နှာပင်မသစ်တော့ဘဲ ထမင်းပူပူ၊ ဟင်းပူပူ (ပဲဟင်းနှင့် မျှင်ငါးပိ မီးဖုတ် ဆီဆမ်း) ကိုစား၍ ဝါးခုတ်ဓားမကို ယူကာ စခန်းမှ ထွက်ခဲ့တော့သည်။

လမ်းတွင် ညက သူ့အဖြစ်အပျက်ကို ပြောပြလေ၏။

"နို့ဖြင့် ငါပြောတဲ့ သစ်ကိုင်းခြောက်က ရှိမနေပေဘူးပေါ့"

စန်းကြည်က အံ့ဩတကြီး မေးလိုက်၏။





"ဟုတ်တယ်"

"နို့ဖြင့် မင်းကြားလိုက်တဲ့ ဝုန်းခနဲ ဆိုတဲ့အသံကရော သစ်ကိုင်း ကျိုးကျတာ မဟုတ်ပေဘူးလား"

သို့ဆိုသလို မျိုးဝင်းနိုင်က လှိုင်ညွန့်ကို စိတ်ဝင်တစား မေးလိုက်သည်။

"အဲဒါကျတော့ ငါလဲ ဘာမှန်းမသိဘူး၊ အပုပ်နံ့ရလိုက်တာနဲ့ လန့်ပြီး တဲဘက်ပြန်ပြေးလာခဲ့တာကွ"

"အင်း၊ တောခြောက်တာ ဖြစ်မပေါ့"

စန်းကြည်က ပြော၏။

"တောခြောက်တာဆို အဆန်းသားကွ၊ တို့စခန်းနား ဟင်းကောင် ရှိနေတာ ပြသနာနော်"

"အဲဒါကလဲ မင်း စိတ်ထင်လွဲလို့ဖြစ်မှာပါ ဖိုးလှိုင်ညွန့်ရာ၊ ငါတို့ ဒီစခန်းမှာနေလာတာလဲ သုံးလေးရက်လောက်ရှိနေပြီ"

မျိုးဝင်းနိုင်က သို့နှယ်ပြောပြီး . . .

"လာကြကွာ၊ နည်းနည်းတောင် နောက်ကျနေပြီ၊ နေပူလျှင်ဖြင့် ဝါးခုတ်လို့ သိပ်မကောင်းဘူးကွ"

ဆိုလျက် ရှေ့မှ ခပ်သွက်သွက် ထွက်သွားလေတော့သဖြင့် လှိုင်ညွန့်နှင့် စန်းကြည်သည် သူ့နောက်မှ ကပ်ပါသွားကြတော့သည်။

⁂



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ဂျွတ် . . . ဖျောက် . . . ဖြောင်း"

နလံထဖြစ်သည်ကြောင့် စန်းကြည်သည် ဝါးသုံးလေးပင်ခန့်ခုတ်ပြီးသည်နှင့် ချွေးများဖြိုင်ဖြိုင်ကျလာရသည်။

"ဟူး"

သူ မတတ်နိုင်တော့ချေပြီ။ သို့ကြောင့် အရွက်ဖားဖားကျွန်းပင်ပျိုတစ်ပင်အောက်တွင် သူ ထိုင်နေလိုက်တော့သည်။

ရေငတ်လေသည်ကြောင့် ရေနွေးကြမ်းထည့်လာသော ရေသန့်ဘူးကို လွယ်အိတ်အတွင်းမှထုတ်၍ မော့လိုက်ပြီး လွယ်အိတ်တွင်းမှပင် ကွမ်းရွက်၊ ထုံး၊ ဆေး ထည့်ထားသော ပလတ်စတစ်အိတ် တစ်လုံးကို ထုတ်လိုက်ပြန်ကာ ကွမ်းသီးများများနှင့် ကွမ်းတစ်ယာ ပါးစပ်တွင်းသို့ ထည့်ကာ တမြုံ့မြုံ့ဝါးလိုက်ရင်း သစ်ပင်ကို ကျောမှီမှိန်းနေလိုက်တော့၏။

မျိုးဝင်းနိုင်နှင့် လှိုင်ညွန့်သည် အတော်လှမ်းလှမ်းနေရာတွင် ဝါးများ ခုတ်နေဆဲဖြစ်သည်။

သို့ရှိစဉ် . . .

"ကွစ် . . . ကွစ် . . . ကွစ်"

ခပ်လှမ်းလှမ်း ချုံတောနောက်ကွယ်မှ အသံကြောင့် လှမ်းကဲကြည့်လိုက်၏။

"ဘာကောင်ပါလိမ့်"





ချုံနောက်ကွယ်မှ အသံသာ ကြားရသည်။ ကောင်လုံးကို မမြင်ရချေ။ သို့ဖြင့် သူသည် ထိုင်နေရာမှ ထရပ်လိုက်ကာ လှမ်းကြည့်လိုက်ပြန်၏။

"ကွစ် . . . ကွစ် . . . ကွစ်"

အသံကတော့ဖြင့် ပြတ်တောင်းပြတ်တောင်း ကြားနေရ၏။

သူသည် ဝါးခုတ်ဓားမကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ ထိုချုံနွယ်ပင် အနားသို့ တိုးကပ်သွားလိုက်သည်။

"ဟင်"

မျောက်တစ်ကောင်ပါကလား၊ ဘယ်လိုကြောင့် ချုံနွယ်အောက်တွင် ငုတ်တုတ်ထိုင်နေပါလိမ့်။

သူ့တွေ့တော့လည်း ထွက်မပြေး။

ငယ်သံပါအောင် အော်လို့သာနေတော့၏။ ချုံနွယ်တို့နှင့် ရစ်ပတ်မိနေလို့လား။

သို့လည်း မဟုတ်နိုင်။

ဘယ်သို့ပင် ဖြစ်စေ၊ သူ့လက်တွင်းရှိ ဓားဖြင့်ခုတ်ရန် ချိန်ရွယ်လိုက်သည်တွင် . . .

"ကွစ် . . . ကွစ်" လို့ ငယ်သံပါအောင် အော်လေတော့၏။ ထွက်ပြေးခြင်းတော့ဖြင့် မပြု။ ထွက်ပြေးရန် လှုပ်ရှားရုန်းကန်နေခြင်းလည်း အလျဉ်းမရှိသဖြင့် စန်းကြည်သည် လွန်မင်းစွာ အံ့ဩသွားတော့၏။ ဓားဖြင့်ခုတ်ရန် ရွယ်ပြီးကာမှ သနားစိတ်ဝင်လာသည်ကြောင့် ဝါးခုတ်ဓားကို ပစ်ချကာ မျောက်ကောင်ကို လက်ဖြင့်သာလှမ်းဆွဲလိုက်၏။

"ကွစ် . . . ကွစ်"

မျောက်ကောင်သည် လှုပ်ရှားရုန်းကန်လာတော့၏။

အားအင်တော့ဖြင့် သိပ်ရှိပုံမရ။ စိတ်သာဆောင်နေသည့် သဘောဖြစ်သည်။

စန်းကြည်သည် သူ့အား မျောက်ကောင်က အန္တရာယ်မပြုအားလောက်ဟု တွက်လိုက်မိပေမင့် မျောက်ကောင်သည် သူ့ရှိသမျှ အားအင်ဖြင့်တော့ ရုန်းကန်ကုတ်ခြစ်လာချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အား"

သူ့ပါးပြင်၊ လည်ပင်းနှင့် ရင်အုံတစ်ဝိုက်တွင် မျောက်ကုတ်ရာ ကိုက်ရာ အနည်းငယ်တော့ဖြင့် ရသွားချေတော့၏။

ထိုဒဏ်ရာမှ သွေးတို့ စို့ထွက်လာ၏။

သူ ဒေါသထွက်သွားသည်။ သို့ကြောင့် သူသည် မျောက်ကောင်ကိုလွှဲ၍ နံဘေးရှိသစ်ပင်နှင့် ရိုက်လိုက်သည်။

"ခွပ်"

"ကွစ်"

မျောက်ကောင်ကို သုံးလေးချက်လောက်ပင် လွှဲမရိုက်လိုက်ရချေ။ နှစ်ချက်လောက်နှင့် သေသွားရှာတော့၏။

"မျောက်မသားမျောက်"

မျောက်သေကောင်ကို မြေပေါ်သို့ ပစ်ချလိုက်ပြီး မျောက်ကုတ်ခံရသည့် ဒဏ်ရာမှစို့ထွက်လာသော သွေးတို့ကို ညစ်ထေးထေး သူ့အင်္ကျီဖြင့် ပွတ်သုတ်လိုက်တော့၏။

မပြောပလောက်သော ဒဏ်ရာဖြစ်သည်ကြောင့် သူလည်း မျောက်သေကောင်ကို သစ်ပင်ခြေရင်းတွင် ထားလိုက်လေပြီး ဝါးဆက်ခုတ်နေလိုက်တော့၏။

သူ မျောက်ရလာခြင်းကြောင့် လှိုင်ညွှန့်နှင့် မျိုးဝင်းနိုင် ပျော်သွားကြပေရော့မည်။ သူတို့အတွက် သုံးလေးရက်တော့ဖြင့် ရိက္ခာပြည့်ဖြစ်ပေတော့မည်။

သို့ဖြင့် သူတို့သည် ညစာကို မျောက်ကလီစာဖြင့် အားပါးတရ စားလိုက်ကြပြီး စောစောအိပ်ရာဝင်လိုက်ကြတော့သည်။

သို့ဆိုပေမင့် ညဉ့်နက်သန်းခေါင်ယံအချိန်တွင် သုံးယောက်စလုံး အိပ်ရာမှလန့်နိုးလာကြတော့၏။

ဘယ့်အတွက်မူ ဟင်းကောင်အသံ ကြားလိုက်ကြရ၍ ဖြစ်သည်။

"ငါ မပြောပေဘူးလားကွ၊ သည်စခန်းနားမယ် ဟင်းကောင် ရှိပါတယ်လို့"

လှိုင်ညွှန့်က ပြော၏။





"တို့သွားလာနေတာပဲ၊ ဟင်းကောင်ခြေရာ မတွေ့မိပါဘူးကွာ"

မျိုးဝင်းနိုင်က ဆိုပြန်၏။

"နို့ဖြင့် ဒါ ကျားကောင်စစ်စစ်တော့ မဖြစ်နိုင်ဘူး၊ တောစောင့်နတ်ဖန်ဆင်းထားတဲ့ နတ်ကျားကြီးဖြစ်မယ်"

"မင်း ရှင်းအောင်ပြောကွာ လှိုင်ညွှန့်"

သို့ မျိုးဝင်းနိုင်က အကြောင်းကြောင်းဖြစ်ကာ ပြောလာတော့၏။

"အေး ငါ ရှင်းအောင်ပြောဖို့အတွက် စန်းကြည်ကို မေးစရာရှိတာ မေးရဦးမယ်"

သို့ဆိုလျက် လှိုင်ညွှန့်သည် စန်းကြည်ကို စေ့စေ့ကြည့်လိုက်လေပြီး . . .

"ဟိတ်ကောင် စန်းကြည်၊ မင်း ဟိုမျောက်ကို ဘယ်လိုနည်းနဲ့ရလာတာလဲ ငါတို့ကို အမှန်အတိုင်းပြော"

လို့ ဆိုလိုက်သည်တွင် စန်းကြည်တစ်ယောက် အံ့ဩတကြီး မျက်နှာဖြင့် လှိုင်ညွှန့်ကို ပြန်ကြည့်လိုက်လေကာ . . .

"ဘာဆိုင်လဲကွာ၊ ကျားဟိန်းသံကြားတာနဲ့ ငါ မျောက်ကောင်ကို ဘယ်လိုရလာသလဲ မေးစရာလိုလို့လား"

လို့ ပြောလိုက်လေ၏။

"ဟ, ဘိပ်ဆိုင်တာပေါ့ကွာ၊ မင်း မျောက်ကောင်ကို အလွယ်တကူ ဓားနဲ့ခုတ်လာရတယ်ဆိုတော့ အံ့ဩစရာပဲပေါ့၊ မျောက်ကောင်ကတော့ ငါ သေချင်တယ် ငါ့ကို ခုတ်သတ်ပါကွာဆိုပြီး မင်းရှေ့ လာလည်စင်း ပေးမှာတော့ မဟုတ်လောက်ဘူးကွ၊ ကြံကြံဖန်ဖန် ထူးထူးခြားခြား ရလာတာဖြစ်မယ်"

သို့ လှိုင်ညွှန့်က ပြောလေတော့မှ စန်းကြည်သည် သူ မျောက်ကောင်ရလာပုံကို ပြောပြလိုက်တော့၏။

"အေး အဲဒါ ပြောတာပေါ့ကွာ၊ သဘာဝကျကျ ရလာတာမှ မဟုတ်တာ၊ မျောက်ကောင်က ဒုက္ခရောက်နေတာဖြစ်မယ်၊ နို့မှမဟုတ် ဖျား[illegible] နေတာဖြစ်မယ်၊ နို့ကြောင့် ထွက်မပြေးနိုင်ဖြစ်ပြီး မင်းရဲ့ သ[illegible]ဖြတ် လေခြင်းကို ခံလိုက်ရတာ ဖြစ်မပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ အဲဒါနဲ့ ကျားဟိန်းတာနဲ့ ဘာဆိုင်လဲ"

"အလို ဆိုင်ပြီကောဗျာ၊ ဒါ မင်း စည်းဖောက်တာလေ၊ သည်တောသည်တောင်မှာရှိတဲ့ သတ္တဝါအားလုံးကို တောစောင့်နတ်မင်းက ပိုင်တယ်လေ၊ သူပိုင်တဲ့သတ္တဝါကောင် ဒုက္ခရောက်နေတာကို မင်းက မကူညီတဲ့အပြင် သတ်ပစ်ခဲ့တာကိုး၊ အဲဒါကြောင့် တောစောင့်နတ်ကြီးက မင်းလုပ်ရပ်ကို မကျေမနပ်ဖြစ်လို့ ခုလို နတ်ကျားဖန်တီးပြီး ငါတို့ကို သတိပေးတာ ဖြစ်မှာပေါ့"

"ဟေ, အဲဒီလိုလား"

သို့ဆိုလျက် စန်းကြည်သည် မျက်လုံးမျက်ဆန်ပြူးမတတ် တုန်လှုပ်သွားတော့၏။

"အဲလိုဖြင့် ချက်ထားတဲ့မျောက်သားတွေ မျောက်သားကင်တွေ သွားလွှင့်ပစ်လိုက်ချေကွာ"

သို့ဆိုသလို မျိုးဝင်းနိုင်က ပြောလိုက်သည်တွင် လှိုင်ညွန့် တစ်ယောက် ပျာယာခတ်သွားလေပြီး . . .

"ဟာ, အဲလိုလဲ မလုပ်လိုက်ပါနဲ့ မျိုးဝင်းနိုင်ရယ်၊ ငါ တမင်သက်သက် စန်းကြည်ကို စတာပါကွာ"

"ဝေါင်း"

"အား"

လှိုင်ညွန့် စကားဆုံးသည်နှင့် ဟင်းကောင်၏ ကျယ်ကျယ်လောင်လောင် ဟိန်းသံကြီးက ပေါ်ထွက်လာသဖြင့် လှိုင်ညွန့်အတော်လန့်ဖျပ်ကာ အော်မိတော့၏။

"ငါတော့ ကြောက်လာပြီကွာ၊ ဘယ်လို လုပ်ကြမလဲ"

"တောင်းပန်လိုက်ပေါ့ကွာ၊ ပြီးတော့ ထင်းမီးတွေ ထပ်ထည့်ချေ"

မျိုးဝင်းနိုင် ပြောလေသည့်အတိုင်း စန်းကြည်လည်း ထင်းမီးပုံနားသွားကာ လင်းခြောက် ထပ်ထိုးထည့်လိုက်လေပြီး ဟင်းကောင်ဟိန်းသံကြားရာဘက်သို့ မျက်နှာ မူလိုက်လေပြီး ဒူးထောက်ထိုင်၍ လက်အုပ်ချီလိုက်ကာ . . .

"တောစောင့် တောင်စောင့်နတ်မင်းကြီးခင်ဗျာ၊ ကျွန်တော်တို့ မသိ





နားမလည်၍ မိုက်မှားလောဘစိတ်ဝင်ပြီး ဒုက္ခရောက်နေသော မျောက်ကောင်လေးကို ဒုက္ခရောက်နေမှန်းမသိ၍ သတ်ဖြတ်ခဲ့မိသည်ကို ခွင့်လွှတ်ပေးပါရန် တောင်းပန်ပါတယ်၊ နောင် သို့မဖြစ်ရလေအောင် ဆင်ခြင်ပါ့မယ် တောင်စောင့်နတ်မင်းကြီးခင်ဗျား"

သို့ စန်းကြည်၏လုပ်ရပ် အပြုအမူကိုနောက်မှကြည့်၍ လှိုင်ညွန့်နှင့် မျိုးဝင်းနိုင်တို့သည် သဘောကျ ကြိတ်၍ရယ်နေကြပြီး . . .

"လှိုင်ညွန့်ရာ ဟိုကောင် မင်းပြောတာ တကယ်ထင်နေပြီ"

"အေး အဲဒီကောင် အဲလိုလုပ်ပေးမှကွ၊ ဟင်း ဟင်း ဟင်း . . . ဟဲ ဟဲ ဟဲ"

"ကဲ, ငါ ဘာဆက်လုပ်ရဦးမလဲ"

စန်းကြည်က မီးပုံနားမှပြန်လာကာ ပြောလေ၏။

"ဘာမှ မလိုတော့ဘူး၊ ထင်းမီး နိုင်နိုင်ထည့်ပြီး အိပ်တော့၊ ငါတို့လည်း အိပ်တော့မယ်"

"အေးပါကွာ"

ဆိုလျက် စန်းကြည်သည် ထင်းမီးများ ထပ်မံထိုးထည့်လေပြီးမှ ဝါးတဲပေါ် တက်လာချေတော့သည်။

သူ တောစောင့်နတ်မင်းကြီးကို တောင်းပန်လိုက်၍လားတော့ မသိ၊ ထိုည မည်သည့် အနှောက်အယှက်မျှ ဖြစ်မလာတော့ချေ။

တကယ်တော့ သူတို့သုံးယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြ၍ ဖြစ်ပေသည်။

နောက်တစ်နေ့နံနက်တွင် သူတို့သုံးယောက် ဝါးခုတ်ထွက်ခဲ့ကြပြန်သည်။

"မင်းကြည့်ရတာ ကောင်းကောင်းနေကောင်းပုံ မမြင်ဘူး၊ နားချင့်နားပါလား"

နောက်ဆုံးမှ ယိုင်တီယိုင်တိုင်ဖြင့် လိုက်ပါခဲ့သော စန်းကြည်ကို လှိုင်ညွန့်က လှည့်ကြည့်ပြီး ပြောလေ၏။

"ရပါတယ်ကွာ၊ အိပ်ရေးမဝလို့ပါ"

"ဟင်, မင်းမျက်လုံးတွေ ရဲနေတာပဲ၊ ကိုယ်တွေ ပူ[illegible]လား"



www.burmeseclassic.com

www.burmeseclassic.com



မျိုးဝင်းနိုင်က စန်းကြည်အနား ရောက်အလာကို စောင့်ကြည့်မြော လိုက်ပြီး သူ့လက်ဖဝါးဖြင့် စန်းကြည်၏နဖူး ပါးတို့ကို စမ်းလိုက်ပြီး . .

"ကိုယ်တော့ မပူဘူး"

သို့ဖြင့် သူတို့ ဝါးခုတ်ကွက်သို့ ရောက်သည်တွင် ခဏမျှ နားနေ လိုက်ပြီး ကိုယ့်နေရာကိုယ်ရွေးကာ ဝါးခုတ်ကြတော့၏။

စန်းကြည်တစ်ယောက် စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်နေ၏။

ဝါးလေး တစ်လုံး နှစ်လုံး ခုတ်ပြီးသည်နှင့် လက်အန့်သေလာ၏။ နားထင်မှ တဒိတ်ဒိတ် သွေးတိုးတိုးလာ၏။ မူးနောက်နောက်လည်းဖြစ် လာသည်ကြောင့် ကျွန်းပင်အောက်သို့ သွားထိုင်ကာ မှိန်းနေရင်းမှ လဲခွေ ကျသွားတော့သည်။

ထိုသည်ကို လှိုင်ညွှန့်နှင့် မျိုးဝင်းနိုင် လုံးဝမသိကြချေ။

အတန်ကြာလေမှ . . .

"ဖိုးလှိုင်ညွှန့်ရေ ဟိုကောင့်ဘက်က ဝါးခုတ်သံ မကြားပါလား"

မျိုးဝင်းနိုင်က လှမ်းမေးလေ၏။

"အေးကွ၊ အသံပေးကြည့်လိုက်ဦးမယ်"

သို့ဆိုလျက် လှိုင်ညွှန့်သည် စန်းကြည် ခုတ်ကွက်ဘက်သို့ လှမ်း ကဲ ကြည့်လိုက်လေပြီး . . .

"ဝူး" လို့ အချက်ပေးသံ ပြုလိုက်၏။

ပြန်လည်တုန့်ပြန်မှု လတ်တလောမရလေခြင်းကြောင့် . . .

"ဝူး"

"ဝူး"

"ဝူး" လို့ မျိုးဝင်းနိုင်ကပါ ဝင်ရောက်အချက်ပေးသံ ပြုလေငြား မည်သည့် တုန့်ပြန်မှုမှ မကြားရပြန်သဖြင့် . . .

"သည်ကောင် မနက်ကတည်းက လန်းလန်းဆန်းဆန်း မရှိဘူးကွ၊ လာကွာ ဖိုးလှိုင်ညွှန့် သွားကြည့်ရအောင်"

သည်သို့ဖြင့် သူတို့နှစ်ယောက်သည် စန်းကြည်၏ ခုတ်ကွက်သို့ ခပ်သွက်သွက် သွားလိုက်ကြသည်။

"ဟာ"





"ဟင်"

"စန်းကြည် စန်းကြည်"

နှစ်ယောက်သား အံ့ဩထိတ်လန့်သွားကြတော့သည်။

ခွေခွေလေးလဲကျနေသော စန်းကြည်အနားသို့ ပြေးသွား၍ ပွေ့ ထူလိုက်ကြသည်။

"ဟင်"

မျက်လုံးအစုံမှာ နီနီရဲလျက် ပြူးထွက်နေ၏။ ထိတ်လန့် ကြောက် ရွံ့စရာ တစ်စုံတရာကို တွေ့လိုက်ရသည့်ပုံဖြစ်၏။

"အပါး ကိုယ်တွေလဲ ခြစ်ခြစ်တောက် ပူနေပါကလား"

"လုပ်စမ်းပါကွာ မြန်မြန်၊ စခန်းပြန်ခေါ် သွားကြမယ်"

သူတို့နှစ်ယောက်သည် စန်းကြည်ကို တစ်ယောက်တစ်လဲပွေ့ ခေါ် သွားကြသည်။

"ဟင် . . . အင်း . . . အင်း . . . ဟင် . . . ဟင်း . . . ဟင်း . . . ဟင်း"

ငှက်ဖျား ပြန်ထတာများလေလား။ သို့တွေးမိသည်ကြောင့် မျိုးဝင်း နိုင်က စောင်ခြုံပေးလိုက်၏။ စန်းကြည်သည် စကားမပြောနိုင်သော်လည်း မျိုးဝင်းနိုင် ခြုံပေးလာသော စောင်ကိုဆွဲဖယ်လိုက်ကာ ခေါင်းခါပြ၏။

ဘယ်လိုပါလိမ့်၊ ငှက်ဖျားဆိုလျှင် ခိုက်ခိုက်တုန်၍ စောင်တစ်ထည် ခြုံပေးရုံဖြင့် မရ။ သုံးထည်လောက် ခြုံပေးရသည့်အပြင် လူတစ်ကိုယ် လုံးပါ တက်ဖိ၍ပွေ့ပိုက်ထားရ၏။ ယခုတော့ သို့မဟုတ်ပါကလား။

"အေ . . . အေ . . . အော . . . အော့ အွတ်"

မေးဆတ်ကာ ကြို့ထိုးလာပြန်၏။

"အာ . . အာ အာ . . အား"

စန်းကြည်တစ်ယောက် ဘယ်လိုဖြစ်သွားတာပါလိမ့်။ ကြောက်စရာ လန့်စရာကို သူ မြင်နေရသည့်ပုံ။

သူကြည့်ရသည်မှာ ကြောက်စရာပင် ကောင်းသေးတော့၏။

"စန်းကြည် . . . စန်းကြည် သတိထား သတိထား"

မျိုးဝင်းနိုင်ရော လှိုင်ညွှန့်ပါ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



စန်းကြည်၏ မျက်နှာတစ်ပြင်လုံး နီရဲလို့လာချေပြီ။ မျက်လုံးတို့သည်လည်း ပြူးထွက်မတတ်ရှိကြသည်။

"အား"

ထိုသည့်ကြားမှ စန်းကြည်တစ်ယောက် ဇက်ကျိုးကျသွားလေတော့သည်။

"ဟာ"

"ဟင်"

"အကောင်းကြီးကနေကွာ ဘယ်လိုဖြစ်သွားရတာပါလိမ့်"

ဝေခွဲမရစွာဖြင့် လှိုင်ညွန့်က ပြောလာချေတော့သည်။

"မနေ့က မင်း ပြောသလိုများ တောစောင့်နတ်ကြီးက သူ့ကို ပြစ်ဒဏ်ပေးလိုက်တာလားမှ မသိတာ"

သို့ မမျှော်လင့်ဘဲ ပြောလာသည့် မျိုးဝင်းနိုင် စကားကြောင့် လှိုင်ညွန့်တစ်ယောက် အံ့ဩထိတ်လန့်သွားမိချေတော့သည်။

သည့်နောက် သူတို့နှစ်ယောက်သည် စန်းကြည်၏အလောင်းကို လဟာမငယ်ရွာသို့တိုင် အရောက်ပြန်ယူသွားကြလေသည်။

စန်းကြည်တစ်ယောက် တောစောင့်နတ်ကြီးကိုင်၍ သေရလေခြင်းလို့ လဟာမငယ်ရွာမှ စကားသည် အနီးပတ်ဝန်းကျင် ရွာများသို့ တစ်ဟုန်ထိုး ပျံ့နှံ့သွားလေတော့သည်။

❋





"ဖထီးရယ် ကျွန်တော်တို့အမြင် ပြောရလျှင်ဖြင့် စန်းကြည်သေရတာ တောစောင့်နတ်ကြီးကိုင်လို့ မဟုတ်နိုင်ပါဘူးဗျာ၊ မျောက်ကောင်ရဲ့ ကုတ်ခြစ်ကိုက်ခဲမှုကို ခံရတယ်ဆိုတော့ အချို့ မျောက်ကောင်တွေမယ် ရောဂါပိုး ရှိတယ်လေ၊ အဲဒီရောဂါပိုးတွေကြောင့် စန်းကြည် သေရတာ ဖြစ်မပေါ့၊ ကြောင်ကတိုးတွေကနေ ဆားလ်ရောဂါပိုး လူတွေကို ကူးဆက်နိုင်သေးတာဗျာ၊ ပြီးတော့ သေပြီးဖြစ်တဲ့ ပိတောက်ကုန်းရွာသား ဝင်းကျော်စိုးကို စန်းကြည် တွေ့ခဲ့တယ်ဆိုတာလဲ ဖြစ်နိုင်ပါတယ်၊ သူမသေလို့ ဖြစ်မှာပေါ့ နို့မှမဟုတ် စန်းကြည်ကပဲ လူတူတစ်ယောက်ကို အဝေးက လှမ်းမြင်ပြီး ဝင်းကျော်စိုးလို့ ထင်သွားတာလဲ ဖြစ်နိုင်တာပဲ"

သို့ဆိုသလို ကျွန်တော်သည် လဟာမငယ် ရွာသူကြီး ဦးအုန်း ပြောလေသည့် ဇာတ်လမ်းကို နားထောင်ပြီး သို့နှယ် ထင်မြင်ချက်ကို ပေးလိုက်၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကမဲပစ်ရန် ဥက္ကံကြိုးဝိုင်းအတွင်း လာခဲ့ကြရာမှ လဟာမငယ်ရွာတွင် တစ်ထောက်နားကြစဉ် သို့ဆိုသလို ရွာသူကြီးဦးအုန်းက သူ့ရွာသား သစ်ခုတ်သမား စန်းကြည်၏အကြောင်းကို ပြောပြလာလေသည်ကြောင့် အထက်ပါအတိုင်း ထင်မြင်ချက်ပြောလိုက်ရုံဖြင့် အားမရလေသဖြင့် . . .

"ကိုလင်းရေ ကျွန်တော်တို့ စပါးကြီးမြောင်ဘက် သွားကြမယ်ဗျာ၊ ပြီးလျှင် ဆင်သေချောင်းဘက် ဆက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လို့ လင်းမြင့်လှိုင်ကို ပြောလိုက်သည်တွင် ကျွန်တော့် သဘောထားကို ရိပ်မိလိုက်သော လင်းမြင့်လှိုင်က သွားတက်လေးပေါ်ရုံ ပြုံးကာ ခေါင်းညိတ်ပြလာချေတော့၏။

ပြီးလေမှ . . .

"စန်းကြည်သေရတာ မျောက်ကောင်ကြောင့်ဆိုတာ အထွေအထူး စုံစမ်းစရာ မလိုပါဘူး၊ အဲ, ပိတောက်ကုန်းရွာသား ဝင်းကျော်စိုးကိစ္စကတော့ဖြင့် စိတ်ဝင်စားစရာ ကောင်းသဗျ၊ သူ မသေဘူးဆိုလျှင် ဘာလို့ ရွာမပြန်လေဘဲ တောထဲမှာနေနေရတာလဲ၊ လူတူဆိုလျှင်ဖြင့်လဲ ဘာလို့ သူများ ရထားပြီးသား သားကောင်တွေကို ခိုးယူရတာတုန်း၊ အဲဒီကိစ္စကိုတော့ဖြင့် ကျွန်တော် နည်းနည်းလေးမှ သဘောမတွေ့ပေဘူးဗျာ၊ ဝင်းကျော်စိုးပဲဖြစ်ဖြစ် လူတူပဲဖြစ်ဖြစ် ကျွန်တော်တွေ့ချင်တယ်"

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝါးခုတ်သမား ဖိုးလှိုင်ညွှန့်ကို လမ်းပြအဖြစ်ခေါ်၍ နောက်တစ်နေ့ နံနက်စောစောတွင် လဟာမငယ်ရွာမှ ထွက်ခဲ့ကြသည်။

"စန်းကြည်မသေခင် မင်းက အတူတူရှိနေတဲ့သူဆိုတော့ ငါမေးချင်တာတွေ ရှိတယ်၊ အမှန်အတိုင်း ဖြေစေချင်တယ်ကွာ"

သို့ဆိုသလို လင်းမြင့်လှိုင်က မေးလိုက်၏။

"မေးပါ မေးပါ ကျွန်တော် အမှန်တိုင်းဖြေပါ့မယ်"

ကျွန်တော်တို့ လဟာမငယ်ရွာမှ ထွက်ခဲ့ကြပြီး ကဒွတ်မြောင်သို့ ရောက်သည်တွင် ခေတ္တနားနေကြစဉ် သို့ဆိုသလို လင်းမြင့်လှိုင်ကမေးလိုက်သည်၌ လှိုင်ညွှန့်က သို့နယ်ပြောလာခြင်းကို အကြွင်းမဲ့ယုံကြည်မိကြတော့၏။

ဖိုးလှိုင်ညွှန့်ဆိုသူသည် အသားဖြူဖြူ၊ အရပ်ပုပု၊ မျက်လုံးက ခပ်မှေးမှေးဖြစ်သည့်ကြား သူသည် လူတကာနှင့် မျက်နှာချင်းဆိုင် စကားပြောပြီဆိုပါလျှင် သူ့မျက်လုံးသည် အငြိမ်မနေ၊ မျက်လုံး ကစားလေ့ရှိနေသူဖြစ်၏။ ဘာကြောင့်ရယ်တော့ဖြင့် မပြောတတ်။ သူ ပြောသည့် စကားကို တစ်ဖက်လူ မယုံကြည်လောက်ဟု တွက်မိလေခြင်းကြောင့်လားဆိုသည်ကိုတော့ဖြင့် သူသာလျှင် အသိဆုံးဖြစ်လိမ့်မည်။





မည်သို့ပင်ဆိုစေ လှိုင်ညွှန့်သည် တစ်ဖက်လူကို ဖော်ရွေတတ်သူ၊ သဘောမနောကောင်းသူ ဖြစ်နိုင်လောက်သည် ဆိုခြင်းကိုတော့ဖြင့် ကျွန်တော် တွက်ဆထားပြီး ဖြစ်သည်။

"မင်းသူငယ်ချင်း စန်းကြည် ပြောတဲ့သူ ပိတောက်ကုန်းရွာသား ဝင်းကျော်စိုးကို တွေ့လိုက်တယ်ဆိုတော့ မင်း ဘယ်လိုမြင်လဲ"

"သိပ်ယုံတာပေါ့၊ စန်းကြည်ကမူးပြီး ပေါက်တတ်ကရ ပြောတတ်တဲ့သူ မဟုတ်ဘူး၊ တစ်ခါမှလဲ အဲလိုမျိုးပြောတယ်ဆိုတာ မရှိဘူး"

"မင်းတို့နဲ့ရော တစ်ခါမှ မဆုံဖူးဘူးလား"

"ဘယ်သူ့ကို ပြောဟာလဲ"

"ဝင်းကျော်စိုးနဲ့လေ"

သူ ခေါင်းခါပြကာ "ဟင့်အင်း" ဟုသာ ပြောလေ၏။

"သေသွားပြီဆိုတဲ့ လူတစ်ယောက်ကို စန်းကြည်က တွေ့လာတယ်ဆိုတော့ အဲဒီနေ့က သူ့အမူအရာဟာ ဘယ်လိုဖြစ်နေသလဲ၊ ဆိုပါစို့ကွာ၊ သူ အံ့သြတကြီးဖြစ်ပုံပဲလား၊ ကြောက်လန့်နေပုံလား"

လင်းမြင့်လှိုင်က မေးလိုက်သည်တွင် လှိုင်ညွှန့်သည် သူ၏မျက်လုံးမျက်ဆန်လေးသည် တစ်ဖက်တစ်ချက်ဆီသို့ လွန်းထိုးနေလေမြီးမှ . .

"လွတ်ကြောက်သွားတဲ့ပုံတော့ မဟုတ်ပေဘူးဗျ" လို့သာ ပြောလာလေ၏။

"ဟုတ်ပြီ၊ ငါ သဘောပေါက်ပြီ၊ နို့နေပါဦး မင်းကရော သူတွေ့လာတယ်ဆိုတဲ့ ဝင်းကျော်စိုးဆိုတာကို ဘယ်လိုမြင်သလဲ"

"ဘာကို ဆိုလို့ချင်တာတုန်း"

"ဪ, ဒီလိုလေကွာ၊ သေသွားပြီးတဲ့ ဝင်းကျော်စိုးက နာနာဘာဝ ဖြစ်ပြီး ကိုယ်ထင်ပြ ခြောက်လှန့်လာတယ်ဆိုတော့ မင်းရော ကြောက်မသွားဘူးလား"

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင် လှိုင်ညွှန့်သည် ဟက်ဟက်ပက်ပက် ရယ်လေသည့် ဟန်ပန်ဖြင့် ရယ်ပြလာလေပြီး . . .

"သေပြီးသူတစ်ယောက်က လူရှင်ကို လာခြောက်လှန့်တယ်ဆိုတော့ ဘာကြောက်စရာလိုတုန်းဗျာ၊ အံ့သြစရာလဲ ဘာရှိမှာတုန်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလာလေသည်ကြောင့် . . .

"နို့ဖြင့်ကွာ မင်းနဲ့ ထိပ်တိုက်တွေ့ကြုံခဲ့မယ် ဆိုပါတော့၊ မင်း ဘယ်လို ခံစားရမလဲ" လို့ ကျွန်တော်က ဝင်ပြောလိုက်သည်တွင် လှိုင်ညွန့်သည် စူးစူးစိုက်စိုက် ဖြစ်လာလေပြီး သူ့မျက်လုံးကို ရွှေ့လျားကစားနေလိုက်တော့၏။ ဘာမှတော့ မပြောမလာသေးချေ။ သူ ဘာပြန်ပြောလေမလဲ သိလို၍နားစွင့်ထားလိုက်၏။

"ဘာကြောက်စရာရှိတုန်းဗျာ၊ သူကတောင်မှ ကျွန်တော့်ကို ပြန်ကြောက်ရမယ့်ဟာ"

"ဟင်, ဘာ ဘယ့်လို၊ ဘယ်လိုကြောင့် သူက မင်းကို ပြန်ကြောက်ရမှာလို့ ဟင်း . . ဟင်း . . ဘာလဲ၊ မင်းက လူထက်ရုပ်ဆိုးနေလို့လား"

" အင်း အင်း ဟုတ်တယ် ဟုတ်တယ်"

သူ့အမူအယာကိုကြည့်၍ ကျွန်တော်သည် တစ်စုံတစ်ရာကို သတိရလိုက်သည်ကြောင့် လင်းမြင့်လှိုင်ကိုကြည့်ကာ ပြုံးပြလိုက်တော့သည်။ ကျွန်တော့်အပြုံး၏အဓိပ္ပာယ်ကို သိလိုက်ဟန်တူသော လင်းမြင့်လှိုင်က ခေါင်းညိတ်ပြလေပြီး . . .

"ကဲ, ခရီးဆက်ကြမယ်" ဆိုလျက် ရှေ့မှဦးဆောင်ထွက်သွားလေသည်။

"ကျွန်တော်တို့ ဘယ်သွားကြမလဲ၊ ရှေ့နားက မြောင်လေးထဲဝင်၊ ညာဘက်တောင်ကြောလေးကို ဖြတ်တက်ပြီး တောင်ကြောအတိုင်း ဆင်းချသွားမယ်ဆိုလျှင် စပါးကြီးမြောင်ဘက် ရောက်မယ်၊ သည်မြောင်အတိုင်း ဆက်တက်သွားပြီး ဝါးသုန်းတောမြေပြန့်လေးကို ဖြတ်တက်သွားမယ်ဆိုလျှင်ဖြင့် ဝါးသုန်းတောဆုံးတာနဲ့ ချောင်းကျယ်တစ်ခုကိုတွေ့မယ်၊ အဲဒီချောင်းကျယ်ဟာ ဆင်သေချောင်းက ခွဲထွက်တဲ့ချောင်းလေးပဲဗျ"

သို့ လှိုင်ညွန့်က ပြောလာလေ၏။

"ဟုတ်ပြီ၊ နို့ဖြင့် ငါတို့ ဆင်သေချောင်းဘက် သွားမယ်၊ အဲဒီ တစ်ဝိုက်မယ် ဝင်းကျော်စိုး လူတူပဲဖြစ်ဖြစ် တစ္ဆေသူရဲပဲဖြစ်ဖြစ် ရှိနိုင်လောက်တယ်"





သို့ လင်းမြင့်လှိုင်က ပြောလည်းပြော လှိုင်ညွန့်ကိုလည်း တစေ့တစောင်း အကဲခတ်ကြည့်လို့နေချေ၏။

လှိုင်ညွန့်တစ်ယောက် မျက်နှာတစ်ချက် ပျက်သွားသည်ကိုတော့ ကျွန်တော် သိလိုက်ရ၏။ တစ္ဆေသရဲကို ကြောက်တတ်သည်ကို ဟန်ဆောင်နေခြင်းများလား။

"နို့ နေပါဦး၊ မင်းတို့ သူငယ်ချင်း မျိုးဝင်းနိုင်ရော၊ သူ ဘယ်မှာလဲ ရွာမှာပဲလား၊ ငါတို့ တစ်ချက်မှားသွားတယ်၊ သူ့ကိုပါ ခေါ်လာခဲ့ အကောင်းသား"

"ခေါ်လို့ရမှာ မဟုတ်ဘူး"

"ဘာလို့လဲ"

"သူ ရွာမှာမရှိဘူး"

"ဘယ်သွားလို့လဲ"

"သူ တောတက်သွားပြန်တယ်"

"ဟေ, ဘယ်ဘက်သွားတာလဲ"

သို့ ကျွန်တော်မေးလိုက်ပြန်သည်တွင် လှိုင်ညွန့်တစ်ယောက် တစ်ချက် မျက်နှာပျက်သွားပြန်၏။

ကျွန်တော် သူ့ကိုအကဲခတ်နေမှန်း သိလိုက်သည်တွင် သူသည် မျက်လုံးကို လွှန်းထိုးကစားလိုက်ပြန်ကာ . . .

"စပါးကြီးမြောင်ဘက်" လို့ ပြောလာသဖြင့် . . .

"ဟင်, မင်းတို့နဲ့အတူတူ ပြန်လိုက်မလာတာလား၊ ရွာရောက်ပြီးမှ ပြန်သွားတာလား၊ ဘယ်တုံးက သွားတာတုန်း"

သည်သို့ ကျွန်တော်က မေးလိုက်ပြန်သည်တွင် အတော်အမေးအမြန်းထူသည့် လူပေပဲလို့ မှတ်ယူလိုက်သည့်အကြည့်ဖြင့် ကြည့်လာလေပြီး . . .

"ကျွန်တော်တို့နဲ့ ပါမလာဘဲ ကျန်ခဲ့တဲ့ဝါးတွေကို ပြန်တိုက်တာ"

သူ့အဖြေကို သဘောကျလေသည်ကြောင့် ကျွန်တော်သည် ပြုံးလိုက်မိသည်။

ကျွန်တော့်အပြုံးကို သူ သံသယဖြစ်သွားဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးတို့က အမဲပစ်ဖို့လာတာလား၊ ဝင်းကျော်စိုးကိုတွေ့ဖို့လာတာလား"

သို့နှယ် လှိုင်ညွန့်က မေးလာသည်ကြောင့် . . .

"အမဲပစ်ရင်း ဝင်းကျော်စိုးဆိုတဲ့ လူပဲဖြစ်ဖြစ် သရဲပဲဖြစ်ဖြစ် တွေ့လေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့ကွာ"

လို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် လှိုင်ညွန့်သည် မချိပြုံးပြုံးလာလေပြီး . . .

"ကျွန်တော် အကောင်းဆုံးအကြံပေးချင်တာကတော့ ရေရာသေချာတဲ့အလုပ်ကို ဇောင်းပေးလုပ်စေချင်တယ်"လို့ ပြောလာလေတော့၏။

"အေး ပြောကြည့်လေကွာ"

သို့နှင့် လင်းမြင့်လှိုင်က ပြောလိုက်၏။

"ဪ, ဒီလိုလေ၊ သည်ဘက်မယ် သားကောင်ရှားတယ်၊ ပြီးတော့ ဝင်းကျော်စိုးကိုတွေ့ဖို့ဆိုတာ လုံးဝဖြစ်နိုင်လိမ့်မယ်မထင်ဘူး၊ စပါးကြီးမြောင်ဘက်က သားကောင်ပေါတယ်၊ ပြီးတော့ စန်းကြည်ကို ဒုက္ခပေးသွားတဲ့ မျောက်ကောင်တွေလဲ တွေ့နိုင်မယ်ဆိုတော့ ကျွန်တော်လဲ သူငယ်ချင်း စန်းကြည်အတွက် မျောက်ကောင်တွေကို ကလဲ့စားချေသတ်ဖြတ်နိုင်မပေါ့ဗျာ"

"ဟေ"

"မင်း တကယ်ပဲ စန်းကြည်အတွက် လက်စားချေချင်တာလား"

"အင်းပေါ့ဗျာ၊ ဆရာလေးတို့ ပြောတာပဲလေ၊ စန်းကြည်ကို သတ်တာ မျောက်ကောင်တွေဆို၊ လူသတ်သမား ဘယ်သူဆိုတာ သိရမှတော့ ကလဲ့စားချေလို့ ရပြီပေါ့၊ အပြစ်ပေးလို့ ရပြီပေါ့၊ မဟုတ်ပေဘူးလား"

"ဒါ ငါတို့ မှန်းဆပြောတာပါကွာ၊ ဖြစ်နိုင် မဖြစ်နိုင်ဆိုတာ ငါလဲ ဝေယနဏမသိပါဘူး၊ အဲ, တကယ်လို့ မင်းတို့ပြောသလို တောစောင့်နတ်ကြီးကိုင်လို့ သေရတယ်ဆိုလျှင်ဖြင့်တော့ကွာ"

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် လှိုင်ညွန့်တစ်ယောက် တွေဝေသွားချေတော့၏။

"ကဲပါကွာ သည်လိုလုပ်မယ်၊ သည်ဘက်ဦးတည်နေတဲ့လက်စနဲ့





မထူးတော့ပါဘူး ဆင်သေချောင်းဘက်ပဲ သွားတာပေါ့ကွာ၊ ပြီးမှ စပါးကြီးမြောင်ဘက် ပြန်လှည့်ကြတာပေါ့"

တွေဝေနေဆဲသို့ လင်းမြင့်လှိုင်က ပြောလိုက်ပြန်သည်တွင် လှိုင်ညွန့်တစ်ယောက် မှိုင်၍သွားချေတော့၏။

သို့ဖြစ်၍ . . .

"ဟင်, မင်း ဘယ်လိုဖြစ်သွားတာတုံး"

လင်းမြင့်လှိုင်က မေးလေသည်တွင် . . .

"ဪ, ဘာမှမဖြစ်ပါဘူး စဉ်းစားနေတာပါ၊ ဆရာလေးတို့ ဘယ်ဘက်သွားသွား ကျွန်တော်က လမ်းပြပေးပဲ လိုက်ပို့ရမှာပေါ့"

လို့ ပြောပြီး ရှေ့မှထွက်သွားလေတော့၏။

"ကိုလင်းရေ ကျွန်တော်တို့တော့ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းကြီးတစ်ခုကို ကြားရတော့မယ် ထင်ပါရဲ့ဗျာ"

သို့ဆိုသလို ကျွန်တော်က ပြောလိုက်ပြီး လက်စွဲတော် သေနတ်ကို ပခုံးထက် ထမ်း၍ လှိုင်ညွန့်နောက် အမီလိုက်သွားရချေတော့၏။

လင်းမြင့်လှိုင်သည် အေးအေးလူလူပင် နောက်မှ ပုံမှန်ခြေလှမ်းဖြင့် လိုက်လာလေတော့သည်။

သည်သို့ဖြင့် ကျွန်တော်တို့သည် ဝါးသုန်းတော တောင်ကြောသို့ ရောက်လာကြ၏။

အချိန်သည်လည်း နေမွန်းတည့်ရှိချေပြီ။ လဟာမငယ် ရွာသူကြီးအိမ်မှ စားလာခဲ့ကြသည့် ဆတ်သားခြောက်မီးဖုတ် ဆီဆမ်းနှင့် ထမင်းကြမ်းခဲသည်လည်း အစာညက်ညက်ကြေလေပြီ ဖြစ်ခြင်းကြောင့် ဆာလောင်ခြင်း ပြန်ဖြစ်လာပြန်သည်။

"ကိုလင်းရေ နားကြဦးစို့ဗျာ"

သို့ဆိုသလို ကျွန်တော်က ရွာသူကြီးထည့်ပေးလိုက်သည့် ဆတ်သားခြောက်ဖုတ်နှင့် ဆာလောင်မှု ဖြေဖျောက်လိုခြင်းကြောင့် ပြောလိုက်သည်တွင် . . .

"သည်ဝါးသုန်းတောလွန်လျှင်ဖြင့် ချောင်းကျယ်တစ်ခုထဲရောက်မှာပဲ၊ အဲဒီတော့မှ နားကြပါလား"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလာသည့် လှိုင်ညွန့်၏စကားအတိုင်း ကျွန်တော်နှင့် လင်းမြင့်လှိုင်က လိုက်နာခဲ့ကြတော့၏။

သို့ဆိုပေမင့် ကျွန်တော်တို့ ထင်ထားသည်မှာ ဝါးသုန်းတောင်ကြောသည် မည်သို့မျှ မရှည်လောက်ဟု ထင်ထားပေငြား အထင်နှင့် အသိအမြင် လွဲရချေတော့၏။

“သည်တောင်ကြောက အရှည်သားကလား”

သို့နှယ် ကျွန်တော်က ပြောလိုက်၏။

“ဟုတ်တယ်”

လှိုင်ညွန့်က သို့သာပြောပြီး ရှေ့မှတိုးဝှေ့ကာ ဖယ်သွားနေလေ၏။ သို့ သွားရင်းမှ ကျွန်းခြောက်တစ်ပင်ပေါ်တွင် ငှက်ကြီးတစ်ကောင် နားနေသည်ကို တွေ့လိုက်လေသဖြင့် . . .

“လှိုင်ညွန့် ခဏနေဦး”

လို့ ဟန့်တားလိုက်ပြီး လက်တွင်းရှိသေနတ်ဖြင့် ငှက်ကောင်ကို လှမ်းချိန်လိုက်၏။

လှိုင်ညွန့်သည် ကျွန်တော်၏ ဟန့်တားမှုကို လိုက်နာလေသည့် အနေဖြင့် ခြေစုံရပ်၍ ကျွန်တော့်ပစ်မှတ်ကို လှမ်းတဲကြည့်နေလေတော့၏။ သိန်းငှက်နှင့်စွန်ငှက်တော့ဖြင့် မဟုတ်၊ အောင်လောင်ငှက်ဖြစ်ချေ၏။

တစ်ကောင်တည်း မှတ်တယ်၊ ဘယ်ဟုတ်ပါ့မလဲ၊ သုံးကောင်လောက်ရှိချေ၏။ အဝေးမှပျံသန်းလာပြီး ခေတ္တနားနေခိုက်နှင့် ကျွန်တော်တို့ကြုံရလေခြင်းဖြစ်သည်။

တစ်ကောင်လျှင် သုံးပိဿာလောက် ရှိချိမ့်မည်။

သူကြီး ထည့်ပေးလိုက်သည့် ဆတ်သားခြောက်ထက်စာလျှင် အသားစိုဖြစ်ခြင်းကြောင့် စား၍တော့ ကောင်းပေလိမ့်မည်။

“ဒိန်း”

“ဟင်, ဘယ်လိုပါလိမ့်”

ငှက်ကောင် ပြုတ်ကျလာခြင်း မရှိပါကလား။ သို့ဖြင့် ကျန်နှစ်ကောင်သည်လည်း ယမ်းအားပေါက်ကွဲသံကြောင့် ထိတ်လန့်တကြား ထပျံသွားလေခြင်း မရှိပါကလား။ အံ့ဩဖွယ်ကောင်းချေ၏။





“ဘယ်လို ဖြစ်ရတာလဲ ကိုလင်းရယ်”

“အေးဗျာ . . . အဲဒီအပင်အောက် သွားကြည့်ကြရအောင်”

သို့ဖြင့် ကျွန်တော်တို့သည် သွားလမ်းကိုဖယ်သွေ၍ တောင်ကြောအစပ်လောက်တွင်ရှိ ကျွန်းပင်နားသို့ တိုးကပ်သွားလိုက်ကြ၏။

“ဟင်”

“ဟာ”

ကျွန်တော်တို့ သုံးယောက်စလုံး တော၏ပရိယာယ် မာယာအတွင်း လည်စင်းခဲ့ကြရလေခြင်း ဖြစ်တော့၏။

နေ့ခင်းကြောင်တောင် တောမှောက်ခံလိုက်ကြရသည်ပဲ။

တကယ်တော့ ငှက်ကောင်တွေ မဟုတ်၊ ကျွန်းရွက်များ ဖြစ်ချေတော့၏။ တစ်ယောက်တည်း မြင်ထင်မိလေခြင်းကို မပြောလို၊ ယခုတော့ သုံးယောက်စလုံး မြင်လိုက် သိလိုက်သည်မှာ အောင်လောင်ငှက်သုံးကောင်၊ တကယ်တမ်းကျတော့ ကျွန်းရွက်တွေပါကလား။

“ကိုပိုက်ရေ သည်နေရာက ကျွန်တော်တို့ကို ပညာစပြလေပြီပဲဗျ”

သို့ လင်းမြင့်လှိုင်က ပြောသလို ကျွန်တော်ကလည်း . . .

“စန်းကြည် ပိတောက်ကုန်းရွာသား ဝင်းကျော်စိုးကိုတွေ့ခဲ့တယ်ဆိုတာလဲ ဖြစ်နိုင်လောက်တယ် ပြောရမလို၊ မဖြစ်နိုင်ဘူးလို့လဲ ပြောရမလို ဖြစ်နေပြီပဲဗျ”

သို့ ရှိစဉ် . . .

“ဖလူ . . . ဖလပ် . . . ဖလပ် . . . ဖလပ်”

ကျွန်တော် နံဘေးအောက်ဘက်မှ သို့အသံနှင့်အတူ မြေဝပ်ငှက်တစ်ကောင် ရုတ်ခြည်းထပျံသွားလေခြင်းကြောင့် ရုတ်တရက်မို့ထိတ်လန့်သွားမိ၏။

“ဟာ . . . ဟာ . . . ဟာ . . . ဟာ”

ကျွန်တော်၏ ထိတ်လန့်မှုကိုကြည့်ပြီး လင်းမြင်းလှိုင် တစ်ယောက် ရယ်မောနေလေတော့၏။

“ကဲ, ခရီးဆက်ကြမယ်၊ သိပ်မဝေးတော့ပါဘူး ချောင်းထဲရောက်ပါတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ညွန့်ပြောသလိုပင် နောက်ထပ် ငါးမိနစ်ခန့် ဝါးသုန်းတောတိုးခဲ့ကြပြီးသည်တွင် ချောင်းကျယ်တစ်ခုသို့ ရောက်လာချေတော့သည်။ ချောင်းကျယ်ဆိုပေမင့် ရေအလျဉ်းမရှိပါချေ။

သို့ကြောင့် ကျွန်တော်တို့သည် ချောင်းနံဘေးတွင် ပေါက်ရောက်နေသည့် သစ်ပုပ်ပင်ကြီး၏ အရိပ်အောက်တွင် ခြေပစ်လက်ပစ် နားလိုက်ကြတော့၏။

"ကိုပိုက်ရေ ရော့ဗျာ" ဆိုလျက် လင်းမြင့်လှိုင်သည် ဝီစကီ ပုလင်းပြားလေးကို ထုတ်ပေးလာချေ၏။

ကျွန်တော်သည် ဆတ်သားဖုတ် ထုတ်လာသည့် ငှက်ပျောဖက်အထုပ်ကို ဖြည်လိုက်လေပြီး . . .

"ဖိုးလှိုင်ညွန့် လာစားချေကွာ၊ သောက်တတ်လျှင်ဖြင့်လဲ ရှိတာလေးမှုသောက်ကြတာပေါ့" လို့ ပြောလိုက်လေပြီး ဝီစကီပုလင်းပြားအဖုံးကိုဖွင့်၍ တစ်ငုံမော့သောက်လိုက်၏။

သည့်နောက် ကျွန်တော်တို့သည် ဝီစကီသောက်၊ ဆတ်သားဖုတ်စားရင်း နားနေ စကားစမြည်ပြောနေကြစဉ် . . .

လှိုင်ညွန့်သည် ရုတ်ခြည်းဆိုသလို နေရာမှထပြေးသွားသည်ကြောင့် စိတ်ဝင်တစား လိုက်ကြည့်မိသည်။

အလိုလေးဗျာ . . တစ်ဖက်ချောင်းစပ်မှ ထိုးဆင်းကာ ချောင်းကိုဖြတ်သွားလေသည့် မြွေတစ်ကောင်နောက် ပြေးလိုက်သွားခြင်းဖြစ်၏။

လက်ကောက်ဝတ်လုံးပတ်ခန့်ရှိပြီး အရှည်ရှစ်ပေခန့် ရှိလောက်သည့် လင်းမြွေကြီးဖြစ်ချေ၏။

"ဟင်"

"ဟာ"

လှိုင်ညွန့်တစ်ယောက် လူငယ်ပီပီ မြန်လိုက်လေခြင်း၊ သွက်လက်လိုက်လေခြင်း။ မြွေကောင်၏အမြီးဖျားကို ဆတ်ခနဲ ကောက်ကိုင်ဆွဲလိုက်ပြီး သူ၏ခေါင်းအထက် လေပေါ်တွင် မွှေ့ယမ်းနေလေတော့၏။ အတန်ကြာကြာ ဝှေ့ယမ်းလေပြီးနောက် မြေပြင်ရှိ ကျောက်တုံး ကျောက်စိုင်တို့အပေါ် မြွေကောင်ကို လွှဲရိုက်လိုက်လေတော့သည်။





သူ၏ သို့လုပ်ရပ်ကြောင့် မြွေကောင်တစ်ကိုယ်လုံးရှိ အရိုးအဆစ်များ ပြုတ်ထွက်ကုန်သည့်အပြင် ကျောက်တုံးနှင့် လွဲရိုက်ခံလိုက်ရပြန်ခြင်းကြောင့် မြွေဦးခေါင်း ကြေမွသေသွားရချေတော့သည်။

လှိုင်ညွန့်သည် မြွေကောင်ကို တရွတ်ဆွဲ၍ ပြန်လာလေသည်။ အနား ရောက်လာလေမှ မြွေကောင်ကို အနီးကပ်မြင်ရသည်ကြောင့် ထိတ်လန့်သွားမိတော့၏။

"ဒါ လင်းမြွေမှမဟုတ်ဘဲ တောကြီးမြွေဟောက်ပဲ"

အတော်အတင့်ရဲသည့် လှိုင်ညွန့်ပါကလား။

"မင်းမို့လို့ အဲလို လုပ်ရဲတယ်ကွာ"

လင်းမြင့်လှိုင်က ချီးကျူးသလိုနှင့် အပြစ်ပြောလိုက်သည်တွင် . .

"ကျွန်တော် လင်းမြွေထင်ပြီး လုပ်လိုက်တာပါ၊ တောကြီးမြွေဟောက်မှန်း သိလျှင် ဘယ်လုပ်ဂ့ံပါ့မလဲဗျာ"

"ဟင်"

"ကဲ, ရော့ ရော့ ဂုဏ်ပြုတဲ့အနေနှင့် လက်ကျန်လေးကို မင်းပဲဖြတ်လိုက်တော့ကွာ"

သို့ဆိုလျက် ကျွန်တော်သည် လှိုင်ညွန့်ကို ဝီစကီပုလင်း ကမ်းပေးလိုက်သည်။

သူ့လက်များ တုန်လှုပ်နေသည်။

တောကြီးမြွေဟောက်မှန်း သိလိုက်၍ သူ၏ ရဲတင်းသောလုပ်ရပ်ကို တစိမ့်စိမ့်ပြန်တွေးရင်း ကြောက်ရွံ့တုန်လှုပ်သွားပုံ ဖြစ်ချေမည်။ သို့နေရာလေးတွင် ကျွန်တော်တို့သည် အတော်ကြာကြာ နားနေလိုက်ပြီးနောက် ခရီးဆက်ခဲ့ကြပြန်သည်။

သို့နေရာလေးမှ နာရီဝက်ခန့် လျှောက်ခဲ့ကြသည်တွင် ဆင်သေချောင်းသို့ ရောက်လာကြ၏။ ချောင်းအလယ်လောက်တွင်သာ ရေစီးချောင်းလေးရှိနေ၏။

ချောင်းမြေပြင်သားတွင် ကျောက်တုံး ကျောက်ခဲနှင့် ခံတက်ပင်များ ပေါက်ရောက်နေခြင်းဖြစ်သည်။

"ဆင်သေချောင်းတော့ ရောက်ပြီ၊ ဘယ်မှာ စခန်းချကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို ကျွန်တော်က ပြောလိုက်သည်။

"ချောင်းအတိုင်း အထက်ကို ဆန်တက်ကြည့်တာပေါ့"

လင်းမြင့်လှိုင် ပြောသကဲ့သို့ ကျွန်တော်တို့သည် ချောင်းအတိုင်း ရေစီးကြောင်းနံဘေးမှ ကပ်၍ဆန်တက်ခဲ့ကြသည်။

ချောင်းတစ်ဖက်တစ်ချက်တွင် ပင်လုံးရှည် သစ်ပင်တို့နှင့် ချုံနွယ်တို့ အုံ့အုံ့ဆိုင်းဆိုင်းရှိချေ၏။

ထိုသစ်ပင်ကြီးငယ်တို့တွင် ရှဉ့်ငပေါ်လေးများ ကူးလူးပြေးလွှားနေကြ၏။

"သွဲလ် . . . သွဲလ်"

"ကွက် . . . ကွက် . . . ကွက် . . . ကွက်"

"ကွစ် . . . ကွစ် . . . ကွစ် . . . ကွစ်"

"ပီးစ်လ် . . . ပီးစ်လ် . . . ပီးစ်လ်"

သားကောင်တို့၏ အသံများနှင့်အတူ တောတိုးပြေးလွှားသံများကိုလည်း သဲ့သဲ့ကြားရ၏။ သို့ကြောင့် . . .

"ဆင်သေမြောင် အထက်ဘက်ကျလို့လား မသိဘူး၊ သားကောင်တော့ ပေါပုံရသဗျ"

လင်းမြင်းလှိုင်က ပြောလာ၏။

"နို့ဖြင့် ကျွန်တော်တို့သည် ဆင်သေမြောင်ဖျားမယ် စခန်းသာတဲ့နေရာရှာပြီး သုံးလေးရက်တန်သည် နေကြစို့ဗျာ" လို့ ကျွန်တော်က ပြောလိုက်သည်တွင် လှိုင်ညွှန့်တစ်ယောက် မျက်စိမျက်နှာ ပျက်သွားတော့၏။ ထိုသည်ကို ကျွန်တော်သိလိုက်ပေမင့် လင်းမြင့်လှိုင်ကတော့ သတိထားမိပုံ မမြင်။

သို့ ချောင်းအတိုင်း ဆန်တက်ခဲ့ရာမှ ချောင်းကမ်း မြေပြန့်လေးတွင် စခန်းနေရာဟောင်းလေးလို ဖြစ်နေသည်ကြောင့် . . .

"ဝါးခုတ်စခန်း နေရာဟောင်းပေပဲဗျာ"

လို့ ကျွန်တော်က ပြောလိုက်သည်။

"ဒီနေရာက ရေတိုက်စားပါဘူးတဲ့ ပိတောက်ကုန်းရွာသားတွေရဲ့ ဝါးခုတ်တဲစခန်းနေရာပေါ့"





"ဟေ"

"နို့ဖြင့် ဟန်ကျလိုက်လေကွာ၊ ငါတို့တွေ သည်မှာပဲ စခန်းတဲဆောက်နေကြလျှင် မကောင်းပေဘူးလား"

သို့ လင်းမြင့်လှိုင်က အားရဝမ်းသာ ပြောလိုက်သည်တွင် လှိုင်ညွှန့်တစ်ယောက် လွန်မင်းစွာ မျက်စိမျက်နှာ ပျက်သွားလေပြီး . . .

"သည်နေရာမှာတော့ မနေချင်ပါနဲ့ ဆရာလင်းရယ်၊ တခြား တစ်နေရာမှ ရှာပြီးနေကြတာပေါ့"

လို့ တုန်လှုပ်ချောက်ချားစွာ ပြောလာတော့၏။

"ဘာလဲ ကြောက်လို့လား"

လင်းမြင့်လှိုင်က မေးလိုက်သည်။

"ကြောက်တာတော့ ဘယ်ဟုတ်ပါ့မလဲ၊ စိတ်မသန့်လို့ပါ"

"အဲဒါ ကြောက်တာပဲပေါ့"

ကျွန်တော်က လှိုင်ညွှန့်ကို သဘောကျစွာပြုံး၍ ပြောလိုက်၏။

"တခြားနေရာ ရှာကြတာပေါ့ဗျာ" လို့ လှိုင်ညွှန့် စကားကိုလိမ်းလွှဲ ပြောလာ ချေတော့၏။

"ငါတို့နှစ်ယောက်ရှိတာပဲ မင်း အလယ်မှာအိပ်ပေါ့ကွာ၊ ငါလဲ ဒီမှာပဲ စခန်းချချင်တယ်၊ နို့မှ မင်းပြောတဲ့ ဘယ်သူ ဝင်းကျော်စိုးကို တွေ့ရမှာ၊ သူမှမဟုတ်လဲ သေသွားတဲ့ ပိတောက်ကုန်းရွာသား တစ်ယောက်တလေတော့ဖြင့် တွေ့နိုင်မှာကွ ဟင်း . . . ဟင်း"

လင်းမြင့်လှိုင်တစ်ယောက် ပြောလည်းပြော သို့နေရာသို့လည်း သွားလိုက်ခြင်းကြောင့် နောက်ပြောင်နေခြင်း မဟုတ်။ အတည်ပြောနေမှန်း သိလိုက်သည်ကြောင့် လှိုင်ညွှန့်တစ်ယောက် မျက်နှာငယ်လေးဖြင့် ရှိချေတော့၏။

"လှိုင်ညွှန့် မင်း မနေရဲလျှင်ဖြင့်လဲ တစ်နေရာမှာ တစ်ယောက်တည်း တဲသွားထိုးနေပေါ့"

သို့နှယ် လင်းမြင့်လှိုင်က ဝါးတဲထိုးနေရင်း ပြောလေသည်ကြောင့် လှိုင်ညွှန့်တစ်ယောက် တုန်လှုပ်စွာဖြင့် . . .

"ဘာထူးမှာတုန်းဗျာ၊ ဆရာလေးတို့ နှစ်ယောက်ကြား ရှိတာက



www.burmeseclassic.com

www.burmeseclassic.com



မှ လုံခြုံဦးမယ်၊ အိပ်ပျော်ဦးမယ်" ဟု ပြောလာခြင်းကြောင့် ကျွန်တော် ပြုံးမိလေပြန်၏။

သို့နေရာလေးတွင် တဲထိုးရှင်းလိုက်သည်။ နေချင့်စရာ စခန်းလေး ဖြစ်လာချေတော့၏။

ကျွန်တော်တို့ တဲရှေ့တွင် ထင်းခြောက်တုံးများ စုဆောင်းလိုက်ပြီးသည်တွင် . . .

"ရေချိုးသွားဦးမယ်" ဆိုလျက် လှိုင်ညွန့်ကို တဲစောင့် ထားရစ်ထွက်ခဲ့ကြသည်။

နေချင့်စရာ စခန်းကလေး ဖြစ်လာမယခြင်းကြောင့် လှိုင်ညွန့်တွင် ကြောက်ရွံ့စိတ်များ ရှိနေပုံလည်း မမြင်ရတော့ချေ။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ချောင်းအတိုင်း ရေနက်သည့်နေရာကို ရှာလိုက်ကြ၏။

စခန်းအထက်ဘက်လောက်တွင် ခါးလယ်သာသာရှိ အိုင်ဖြစ်နေသည့် ရေစီးချောင်းလေးမှာပင် ရေစိမ်လိုက်ကြတော့၏။

"အားပါး အေးလိုက်တာ"

သို့ နှစ်ယောက်သား စိတ်လွတ်လက်လွတ် ရေစိမ်နေကြစဉ်တွင် ချောင်း တစ်ဖက်ကမ်း တောတန်းလေးအတွင်းမှ ပြေးလွှားတောတိုးသံကြောင့် လှမ်းကဲကြည့်လိုက်ကြ၏။ ကောင်လုံးတော့ဖြင့် မမြင်ရချေ။

"ကိုလင်း သားကောင်ထင်တယ်"

သို့ဆိုလျက် ကျွန်တော်သည် ရေအိုင်မှတက်ကာ သေနတ်ကို ကောက်ယူ၍ ထိုနေရာသို့ ချောင်းမြောင်းချဉ်းကပ်သွားလိုက်၏။

လင်းမြင့်လှိုင်သည် ရေအိုင်တွင်းမှာပင် နေရစ်ကာ ကျွန်တော်၏ လှုပ်ရှားမှုကို ကြည့်နေလေ၏။

တောတိုးသံ ကြားနေရဆဲ ဖြစ်သည်။

ဘာကောင်ပါလိမ့်၊ ကောင်လုံး မြင်လိုက်ရလို့ကတော့ ပစ်ပြီးသားပင်။ ကျွန်တော်သည် ချောင်းစပ် တောတန်းလေးအတွင်းသို့ပင် ဝင်ခဲ့မိပြီး ဖြစ်တော့၏။ ကျွန်တော့်ကို လင်းမြင့်လှိုင် မြင်ရတော့မည် မဟုတ်။ သစ်ပင်ချုံနွယ်တို့ကြား ကျွန်တော် ရောက်သွားပြီ ဖြစ်သည်ကိုး။





"ဟာ, ဟုတ်ပြီ"

ရှေ့ချုံပုတ်ပင်ကြီး နောက်ကွယ်မှ လှုပ်ရှားနေသော အသံဖြစ်၏။ သည့်ထက် တိုးကပ်သွား၍တော့ ဖြစ်မည်မဟုတ်။

သို့နေရာနောက်ကွယ်မှ ဘာကောင်ထွက်လာမည်ကို စောင့်ကြည့်ရုံအပြင် ဘာမှလုပ်၍ရမည်မဟုတ်။

'အရဲစွန့်ကာ ချုံပုတ်ပင်နောက် ဝင်ကြည့်ပြန်လျှင်လည်း သားရဲကောင်ဖြစ်နေလျှင် ကျွန်တော်သည် မုဆိုးဘဝမှ သားကောင်ဖြစ်သွားရပေလိမ့်မည်။

သို့ကြောင့် ကျွန်တော်လည်း သစ်ပင်တစ်ပင် နောက်ကွယ်မှ ချောင်းမြောင်း ကြည့်နေလိုက်သည်။ ဘာမျှ ဝေးလေသည်တော့ မဟုတ်။ ငါးကိုက်လောက် အကွာအဝေးသာ ရှိချိမ့်မည်။

အတန်ကြာကြာ ကြည့်နေလေသည့်တိုင် ချုံကွယ်နောက်မှ လှုပ်ခတ်သံသာ ကြားနေရ၏။ ထွက်လာခြင်း မရှိ။ စိတ်မရှည်တော့ပြီ။

သို့ကြောင့် ကျွန်တော်သည် ချောက်ထုတ်ပြီးလေမှ ပစ်ခတ်ရန် ဆုံးဖြတ် လိုက်ပြီးသည်နောက် သစ်ကိုင်းခြောက် ခပ်ကြီးကြီး တစ်ခုကို ကောက်ယူ၍ ထိုချုံပုတ်နောက်သို့ လှမ်းပစ်လိုက်ပြီးသည်နှင့် သေနတ်ကို ပစ်ခတ်ရန် အရန်သင့်ကိုင်တွယ်ထားလိုက်၏။

"ဟင်"

လှုပ်ရှားမှု ရှိနေတုန်းပင်။ ဘာကောင်မှတော့ ထွက်လာခြင်းမရှိ။ သို့ကြောင့် ကျွန်တော်သည် ဖြစ်လိုရာဖြစ်ကွာဆိုပြီး ချုံပုတ်အတွင်းသို့ ကျည်တစ်တောင့် ပစ်ဖောက်လိုက်တော့သည်။ သည်နေရာ လူ မရှိလောက်သည်ကိုတော့ တွက်မိထားပြီး ဖြစ်သည်ကိုး။

"ဒိုင်း"

လှုပ်ရှားမှုတော့ဖြင့် မရှိတော့ပြီ။

ကျွန်တော်သည် သေနတ်ပြောင်းမှ တငွေ့ငွေ့ ထွက်နေသော မီးခိုး ပျောက်ပြယ်သွားသည်အထိ စောင့်ကြည့်နေလိုက်ပြီး ထိုချုံပုတ်နောက်ကွယ်သို့သာ အရဲကိုး သွားကြည့်လိုက်သည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြက်သီးမွေးညင်းများ ထသွားမိတော့၏။ သက်ရှိသတ္တဝါ ဘာကောင်မှရှိမနေပါကလား၊ ရှင်းလင်းလို့နေ၏။ သို့ပေမင့် အုံ့ဖွယ်ကောင်းသည်မှာ ထိုချုံပုတ်နောက်ကွယ်တွင် သားကောင်တစ်ကောင်၏ ဝပ်ကျင်းရှိနေ၏။

မည်သည့် သားကောင်ရယ်လို့တော့ မပြောတတ်ချေပြီ။

သားကောင်တစ်ကောင် အိပ်စက်လဲလျောင်းသည့် နေရာဆိုသည်ကိုတော့ဖြင့် မြေအနေအထားကြည့်ကာ ပြောနိုင်ပေ၏။

သားကောင်မရှိလေဘဲ ဘယ်အတွက် လှုပ်ခတ်နေရပါသနည်း။ အံ့သြဖွယ် ကောင်းသေးတော့၏။

သို့ဆိုပါလျှင် ကျွန်တော် တောခြောက်ခံနေရခြင်း ဖြစ်သည်ကို တွေးလိုက်မိသည်တွင် ကြက်သီးတော့ ထသွားရချေ၏။

သို့ကြောင့်၊ ကပျာကသီပင် ထိုနေရာလေးမှ လှည့်ထွက်ခဲ့တော့သည်။ ကျည်တစ်တောင့် ဖြုန်းလိုက်ရသော်လည်း မည်သည့်သား ကောင်မျှရရှိလာခြင်းမရှိသော ကျွန်တော့်ကို အံ့သြတကြီးမျက်နှာဖြင့် လင်းမြင့်လှိုင်က ကြည့်နေလေသဖြင့် ကြုံခဲ့ရသည်ကို ပြန်ပြောင်းပြောလိုက်သည်တွင် . . .

"ကိုပိုက်ရေ ကျွန်တော်တော့ သည်နေရာမယ် စခန်းချတာ မှန်သွားပြီဗျို့" လို့ သွားတက်လေးပေါ်အောင်ပြုံးကာ ပြောလာချေတော့သည်။

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စခန်းတဲရှိရာသို့ ပြန်ခဲ့ကြတော့သည်။

လှိုင်ညွန့်တစ်ယောက် မီးပုံနံဘေးတွင် ရှိနေ၏။ ထင်းမီးရှို့နေခြင်း ဖြစ်သည်။

"သေနတ်သံ ကြားတယ်"

သို့ ပြောလာသည်ကြောင့် ကျွန်တော်သည် သူ့ကိုတော့ဖြင့် . . .

"သားကောင်ပစ်တာ လွဲချော်သွားတယ်" လို့ ညာပြောလိုက်ရပေတော့သည်။ "မင်း ရေသွားချိုးလေ" ဆိုပြီး ကျွန်တော်တို့ ရေချိုးခဲ့သည့် နေရာ ကို လမ်းညွှန်လိုက်၏။





"ချမ်းတယ်၊ မချိုးတော့ဘူး" ပြောလာသည်။

"နို့ဖြင့် ညစာအတွက် သည်နောက်ကျောဘက် သွားချေဦးမယ်" ဆိုလျက် ကျွန်တော်သည် တစ်ယောက်တည်း ထွက်ခဲ့လေတော့၏။

"ကိုပိုက် စောကလိုဖြစ်နေဦးမယ်" ဆိုလျက် လင်းမြင့်လှိုင်က ပြုံးစစလုပ် ပြောလာချေတော့၏။

"ဒါတွေက ပြဿနာမဟုတ်ပါဘူးဗျာ"

သို့နှုယ် ကျွန်တော်က ပြောခဲ့လေသည်။

သားကောင်တော့ဖြင့် တွေ့နိုင်စရာလမ်း မရှိဆိုပေမင့် ကျွန်တော်သည် စိတ်ထဲမှနေ၍ . . .

"ကျွန်တော်တို့အတွက် ချိုကျိုးနားရွက်ပဲ့ သားကောင်ငယ် တစ်ကောင်လောက် ပေးပါ" ရယ်လို့ တောစောင့်နတ်ကြီးကို ရည်မှန်းတိုင်တည် ပြောလိုက်မိသည်။

သို့ကြောင့်ပေလား၊ တိုက်ဆိုင်ခြင်းပေလားတော့ မသိ။ သစ်ပင်ထက်တွင် မျောက်နှစ်ကောင် သည်းကြီးမည်းကြီး တိုက်ခိုက်နေသည်ကို တွေ့လိုက်သည်ကြောင့် အသာစောင့်ကြည့်နေရင်းမှ ရှုံးနိမ့်သွားသော တစ်ကောင်သည် သစ်ပင်အမြင့်မှ ခြေလွတ်လက်လွတ် မြေပြင်သို့ ပြုတ်ကျလာတော့၏။

တိုက်ပွဲတွင် ရှုံးနိမ့်သူ၏ ပေးဆပ်ရခြင်းသည် သူ၏ အသက်နှင့် အရှက်ပင် ဖြစ်ချေတော့၏။

သည်မျောက်သည်ပင် ကံဆိုးသည်လား၊ ကျွန်တော်သည်ပင် ကံကောင်းသည်လား၊ တောစောင့်နတ်ကြီးသည်ပင် ကျွန်တော်၏ရှိသေမှုကို အသိအမှတ်ပြုလိုက်လေပြီလားမသိ။ ထိုမျောက်ကောင်သည် အမြင့်မှ အရှိန်နှင့်ပြုတ်ကျလာပြီး မြေပြင်ရှိကျောက်တုံးနှင့် သူ၏ဦးခေါင်း အရှိန်ပြင်းပြင်းရိုက်ခတ်မိခြင်းကြောင့် သေဆုံးသွားရလေတော့၏။

ကြည့်စမ်း၊ စောစောက ကျည်တစ်တောင့် ဖြုန်းလိုက်သော်လည်း မည်သည့် သားကောင်မျှရလေခြင်း မရှိ။ ခုတော့ ကျည်တစ်တောင့်ပင် မဖြုန်းပါလေဘဲ မျောက်တစ်ကောင်ရလေပြီပဲ။ အံ့ဖွယ်ကောင်းခြင်း တစ်ခုပင် မဟုတ်ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



တောတောင်သည် ပရိယာယ်မာယာ များလွန်းလှသည်ပဲ။

လင်းမြင့်လှိုင် ပြောသလိုပင် ကျွန်တော်သည်လည်း သည်နေရာ စခန်းချရခြင်းကို ကျေနပ်နေမိတော့သည်။

ရှေ့လျှောက် ကျွန်တော်တို့ သည့်ထက်အံ့ဖွယ် ထူးဆန်းမှုများနှင့် ကြုံရပေဦးမည်ရယ်လို့လည်း တွက်လိုက်ပြီး ဖြစ်တော့သည်။

စခန်းသို့ ပြန်ရောက်သည်တွင် ကျွန်တော် မျောက်ကောင်သေ ပါလာသည်ကြောင့် လှိုင်ညွှန့်တစ်ယောက် အားရဝမ်းသာ ဖြစ်နေချေ တော့၏။

"မျောက်ချေးခါး လုပ်မယ်ဗျ"

လှိုင်ညွှန့်ကိုပင် အထူးကျေးဇူးတင်မိသေးတော့၏။ ဘယ့်အတွက်မူ မျောက်ကောင်ကို ကိုယ်တိုင်ဖျက်ရမည်ကို သိပ်မလုပ်ချင်၍ ဖြစ်ချေ သည်။

မျောက်ကောင်ဖျက်ပြီဆိုလျှင် ဦးစွာ အမွေးတို့ကို မီးမြှိုက်လိုက် ရမည်ဖြစ်၏။ သို့ပြုလုပ်လိုက်သည်နှင့် အမွေးအမှင် မရှိတော့သော မျောက်ကောင်သည် လုံးတီးကလေးတစ်ယောက်နှင့် ထင်မှားလောက်၍ ဖြစ်သည်။ ပြီးတော့ မျောက်သားစား မျောက်မျက်နှာကြည့် ဆိုသည့် စကားလည်း ရှိသည်မဟုတ်ပါကလား။

ကျွန်တော်သည် တဲပေါ်တွင် နားနေ စီးကရက် သောက်နေသော လင်းမြင့်လှိုင်ထံ သွားလိုက်ကာ . . .

"ဘယ်လိုလဲ၊ ဘာတွေ တွေးနေတာတုံး" လို့ မေးရင်း တဲပေါ်တက် ထိုင်လိုက်ကာ သေနတ်ကို ကြမ်းခင်းပေါ် အသာချလိုက်၏။

"ကိုပိုက်ကို စောင့်နေတာ ပျင်းပျင်းရှိတာနဲ့ စီးကရက် ဖွာနေ တာပါ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် လဲလျောင်းနေရာမှ ထလာလေ ပြီး သူ့ကျောပိုးအိတ်အတွင်းမှ ဝီစကီပြားကလေးကို ထုတ်လိုက်လေ တော့သဖြင့် . . .

"အမြည်း စောင့်ကြတာပေါ့" ပြောလိုက်သည်တွင် လင်းမြင့်လှိုင် သည် သွားတက်ပေါ်ရုံ ပြုံးပြလာလေပြီး . . .





"ကိုပိုက် သွားနေတုန်း ကျွန်တော် အောက်ဘက်မြောင်လေးထဲ မယ် ငါးသွားရှာထားတာ ရှိတယ်၊ မီးကင်ထားတယ်" ပြောလာလေ တော့၏။

"နို့ဖြင့်လဲ ပျိုးလိုက်ကြတာပေါ့ဗျာ"

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ငါးကင်လေးဖြင့် ပျိုးလိုက်ကြတော့သည်။

ကျွန်တော်တို့ ပုလင်းပြားလေးတစ်ဝက် ကုန်သွားသည်တွင် . .

"ဆရာလေးတို့က တယ်ဆန္ဒစောတာပဲဗျာ၊ ကဲ, ရော့ မျောက် ချေးခါးတော့ ရပြီ" ဆိုလျက် လှိုင်ညွှန့်သည် ပူပူနွေးနွေး မျောက်ချေးခါး ပေးလာချေတော့၏။ လှိုင်ညွှန့်သည် ကျွန်တော် ငှဲ့ထားသော အရက် တစ်ခွက်ကို မော့သောက်လိုက်လေပြီး . . .

"မျောက်သား စပါယ်ရှယ်ချက်ပေးမယ်" ဆိုလျက် အနားမှ ထွက်သွားချေတော့သည်။

"သူ့ကြည့်ရတာ ကိုလင်းထင်ထားသလို ဖြစ်နိုင်ပါ့မလား"

သို့ လင်းမြင့်လှိုင်နားကပ်၍ တိုးတိုးပြောလိုက်သည်။

"အေးဗျာ ခုလိုဆိုတော့လဲ သူ မဟုတ်သလိုပဲ၊ အဲ ပိတောက်ကုန်း ရွာသား ဝင်းကျော်စိုး အကြောင်းပြောမိလျှင်ဖြင့် သူ့မျက်နှာပျက်ပျက် သွားတယ်ဗျ၊ သည်တော့ ကျွန်တော်တို့ အဓိက ဝင်းကျော်စိုးကို သည် တစ်ဝိုက်မယ် တွေ့အောင် အရင်ရှာရလိမ့်မယ်"

"အမယ်လေး ကိုလင်းရယ်၊ ဝင်းကျော်စိုးက သေသွားပြီ မဟုတ် လားဗျာ၊ ဘယ်လိုလုပ် တွေ့နိုင်မှာတုံး"

"သေသွားပြီဆိုလဲ ဝိညာဉ်ပေါ့ဗျာ၊ စန်းကြည်က သူ မသေခင် ဝင်းကျော်စိုးနဲ့ တွေ့လိုက်တယ်ဆို့ဗျ၊ ဒါ လှိုင်ညွှန့်တို့ပဲ ပြောတာမဟုတ် လား၊ သည်တော့ သူတို့ပြောတဲ့ ဝင်းကျော်စိုးဆိုတာ သည်တစ်ဝိုက်မှာပဲ ရှိရလိမ့်မယ်ဗျာ"

သို့ လင်းမြင့်လှိုင်က ပြောလာသည်ကြောင့် ကျွန်တော်သည် မည်သို့မျှ ပြန်မပြောလေတော့ဘဲ ကုန်နေပြီဖြစ်သော အရက်ခွက်ထဲသို့ ဝီစကီ တစ်ဝက်ခန့်ထည့်လိုက်ပြီး မော့လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးကင် တစ်ဖဲ့ကိုလည်း မြို့ဝါးလိုက်တော့၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်နားကပ်၍ တိုးတိုးတိတ်တိတ် စကား တစ်ခွန်း ပြောလာတော့၏။

"ကောင်းပြီလေ ကိုလင်းပြောသလို ပြောကြည့်ရတာပေါ့" ဆို လျက် ကျွန်တော်သည် "ဖိုးလှိုင်ညွန့်ရေ" လို့ လှမ်းခေါ်လိုက်သည်။

မီးပုံနားတွင် မျောက်သားဟင်းအိုးနှင့်အလုပ်ရှုပ်နေသော လှိုင်ညွန့် သည် "ခဏလေးဗျို့၊ သည်တစ်ရေ ခပ်းတော့မယ်၊ စားလျှင်ဖြင့်တော့ စားလို့ရပြီ"

"အေး အေး နောက်တစ်ရေ ထပ်မထည့်ခင် မြည်းဖို့ ယူလာချေ ကွာ၊ ပြီးတော့ ရေများများထည့်ခဲ့၊ မင်းလဲ လာချေဦးကွ"

"ဟုတ်"

ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်လိုက်ကာ . . .

"သူ ဝင်းကျော်စိုးကိစ္စ မေ့နေတာလား မသိဘူးဗျ" လို့ ပြောလိုက် သည်တွင် လင်းမြင့်လှိုင်က "သူ မေ့နေတာကို အစဖော်ပေးလိုက်ပေါ့ ဗျာ" ပြောလေတော့၏။

သည်သို့ဖြင့် မကြာမတင်သော အချိန်ကလေးတွင် လှိုင်ညွန့်သည် မျောက်သား တစ်ပန်းကန် ယူလာချေတော့၏။

ပြီးနောက် ကျွန်တော်တို့နှင့် ထိုင်လေ၏။

ကျွန်တော်သည် သူ အရက်နှစ်ခွက်လောက် သောက်ပြီးလေမှ . .

"ကိုလင်း ဒီနေ့ ကျွန်တော် အမဲရှာသွားတုန်းက လူတစ်ယောက် ကို လှမ်းတွေ့လိုက်သေးတယ်" လို့ ပြောလိုက်သည်။

"ကိုပိုက်ရယ် လူတစ်ယောက် လှမ်းတွေ့တာ ဘာဆန်းလဲ၊ တော တောင်ထဲမယ် ကျွန်တော်တို့လိုမုဆိုးတွေ သွားလာနေတာပဲ ပြီးတော့ ပျား ဖွပ်သမားတွေလဲ သွားလာတတ်ကြတာပဲ၊ နို့မှမဟုတ် သစ်ခုတ်သမားတစ် ယောက်ယောက် ဖြစ်မပေါ့ဗျာ၊ ကိုပိုက် မူးနေပြီထင်တယ် ဟဲ . . ဟဲ"

"ကျွန်တော် မမူးပါဘူး ကိုလင်းရယ်၊ ခုမှ သတိရလို့ ပြောမိတာ၊ တောတောင်ထဲ လူတစ်ယောက်တွေ့တာ မဆန်းပေမင့် တွေ့လိုက်ရ တဲ့လူက ဆန်းနေလို့ပြောတာပေါ့ဗျာ" ဆိုလိုက်သည်တွင် . . .





"ဆိုပါဦး၊ ဘယ် ဟော် ဒီလိုပါ၊ တောင်ကျရေတွေ စီးကျလာတုန်း

"ပိတောက်ကု နလို့ ရှောင်မပြေးနိုင်ဖြစ်ပြီး သေရတာဖြစ်မယ်လို့ လင်းမြင့်လှိုင် ၂း ပြောတာပါ"

လှိုင်ညွန့်တစ်ယောဂ အမြစ်မရှိသော စကားကြောင့် ကျွန်တော်နှင့် လင်း အရက်ခွက်တွင်းမှ ,ယောက်မျက်နှာတစ်ယောက် အမိပ္ပာယ ါပါ ကြည့် လင်းမြင့်လှိုင်က . ဏ

အင်း . . . ,သောက်ပြီးလျှင်ဖြင့် ကျွန်ဘော် အိပ်ချေတော့မယ်ဗျာ" လိုက်လျှင် အမြဲ ,င်းမစားတော့ဘူးလား ဖိုးလှိုင်ညွန့်"

ဝင်းကျော်စိုးနှင့် နဲ့တင် ဗိုက်ပြည့်နေပြီ၊ မူးလဲ မူးနေပြီ၊ ဆရာလေးတို့ ကြောင့် . . . ားချေတော့ဗျာ နော်၊ ထမင်းလဲ ချက်ပြီးပြီ၊ မျောက်

"ဖိုးလှိုင်ညွ ကျ်ပြီ၊ ဖိုပေါ်မှာ နှပ်ထားတယ်၊ ကဲ, အိပ်ပြီဗျာ" ဆို ဝင်းကျော်စိုးကို ေ ည် ကြမ်းခင်းပေါ် မှောက်ချလိုက်လေတော့သည်။

"အင်း ဟုတ် ဖြစ်နေသော လှိုင်ညွန့်ကို ကြည့်ပြီး ကျွန်တော်နှင့် မြင်မိမြင်ရာ ထင်မိ ခေါင်းတဆတ်ဆတ်ညိတ် ပြုံးလိုက်ကြတော့၏။

ကိုပိုက်တွေ့လိုက်တယ် ထမင်းစားကြမယ်"

ထင်တယ် သူက သေပြီပဲ၊ ဘ်တို့သည် မီးပုံနားသွားကာ ထမင်းခူးခပ်

သူ့အမေးကို ကျွန်တော်

ကို ငဲ့သောက်လိုက်ပြန်၏။ က်စိုးကို ခေါ်မှာလား"

"နို့ဖြင့်လဲ ဝင်းကျော်စိုးက တစ္ဆေ ၄်လှိုင်သည် ဟက်ဟက်ပက်ပက် လုပ်မယ်ဗျာ၊ ကိုပိုက် သတ္တိရှိလား"

သို့ မဆီမဆိုင်မေးလာသည့် လင်းမြင့်လှိုင်၊ အင် မလုပ်ပါဘူးဗျာ၊ တညြ ကြည့်လိုက်လေပြီး . . . ဘာပါ" လို့ပြော

"ဘာသဘောလဲ ကိုလင်းရဲ့ သတ္တိရှိတာ မရှိတာနဲ့ ခု ဖြင့် . . . တွေနဲ့ ဘာများပတ်သက်လို့လဲဗျ" လို့ ပြန်မေးလိုက်သည်။ ၄်ကို

"ကိုပိုက်ရယ် ဒီလိုဗျာ၊ ခင်ဗျား တွေ့လိုက်တဲ့ ဝင်းကျော်စိုးဆိုတာ က သေပြီလို့ ပြောတယ်မဟုတ်လား၊ စန်းကြည်ကလဲ မြင်ခဲ့တယ်၊ ကိုပိုက်ကလဲ မြင်လိုက်တယ်ဆိုတော့ လူစင်စစ်တော့ မဖြစ်နိုင်ပေဘူး ဒီကောင် မကျွတ်မလွတ် တစ္ဆေသရဲ ဖြစ်နေတာပဲပေါ့၊ နို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ငါးကင် တစ်ဖွဲ့ကိုလည်း မြှုံ့ဝါးလိုက်တော့ ချောင်းစောင့်နတ်များ
လင်းမြင့်လှိုင်သည် ကျွန်တော့်နားကပ်၍ တိုး်ာ်က သူ့ကိုခေါ်တွေ့
တစ်ခွန်း ပြောလာတော့၏။

"ကောင်းပြီလေ ကိုလင်းပြောသလို ပြော(
လျက် ကျွန်တော်သည် "ဖိုးလှိုင်ညွန့်ရေ" လို့ လှမ်း

မီးပုံနားတွင် မျောက်သားဟင်းအိုးနှင့်အလုပ်ရှု မှုးမှူးနှင့် ဘာတွေ
သည် "ခဏလေးဗျို့၊ သည်တစ်ရေ ခပ်းတော့မယ်၊
စားလို့ရပြီ"

နာမရှိ။ လှိုင်ညွန့်
"အေး အေး နောက်တစ်ရေ ထပ်မထည့်ခင် ချေတော့၏။
ကွာ၊ ပြီးတော့ ရေများများထည့်ခဲ့၊ မင်းလဲ လာချေဦး၊ တကယ်ခေါ်မှာ

"ဟုတ်"

ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်လိုက်စခွက်ကို ငှဲ့သောက်

"သူ ဝင်းကျော်စိုးကိုစွ မေ့နေတာလား မသိ
သည်တွင် လင်းမြင့်လှိုင်က "သူ မေ့နေတာကို ၄
ဗျာ" ပြောလေတော့၏။

လပြီ။

သည်သို့ဖြင့် မကြာမတင်သော အချိန်ကို မီးသတ်လိုက်၊ ပြီးတော့
မျောက်သား တစ်ပန်းကန် ယူလာချေင်း သူ့အတွက် ရည်စူးပြီး ပုံထား

ပြီးနောက် ကျွန်တော်တို့နှင့်ျာ်စိုး သိကြလား"

ကျွန်တော်သည် သူ အရှ်ားဖြတ်မေးလိုက်၏။

"ကိုလင်း ဒီနေ့ ကျွန်တူ ဝါးခုတ်ဖူးတယ်၊ ပြီးတော့ ကျွန်းသင်းသတ်
ကို လှမ်းတွေ့လိုက်ေ

"ကိုပိုက်ပြ၊ သူ အရက်သောက်တတ်လား"
တောင်ထဲမ သာက်တာပေါ့၊ သူ အဲဒီအရက်ကြောင့် သေရတာ"
ဖွပ်သမ "ဟင်"

"ဘယ်လို"

"နို့ဖြင့် သူ ရေစီးနဲ့ မျောပါသေရတာဆို"

သို့ ကျွန်တော်က မေးလိုက်သည်တွင် လှိုင်ညွန့်သည် ကပျာကသီ
ပင်. . .





"ဩော်, ဟော် ဟော် ဒီလိုပါ၊ တောင်ကျရေတွေ စီးကျလာတုန်းက သူ အမူးလွန်နေလို့ ရှောင်မပြေးနိုင်ဖြစ်ပြီး သေရတာဖြစ်မယ်လို့ ကျွန်တော် တွက်မိပြီး ပြောတာပါ"

သူ၏ အခြေအမြစ်မရှိသော စကားကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသည်။

"ဒီတစ်ခွက်သောက်ပြီးလျှင်ဖြင့် ကျွန်ဘော် အိပ်ချေတော့မယ်ဗျာ"

"မင်း ထမင်းမစားတော့ဘူးလား ဖိုးလှိုင်ညွန့်"

"အမြည်းနဲ့တင် ဗိုက်ပြည့်နေပြီ၊ မူးလဲ မူးနေပြီ၊ ဆရာလေးတို့ ဘာသာ ခူးခပ်စားချေတော့ဗျာ နော်၊ ထမင်းလဲ ချက်ပြီးပြီ၊ မျောက်သားဟင်းလဲ ကျက်ပြီ၊ ဖိုပေါ်မှာ နှပ်ထားတယ်၊ ကဲ, အိပ်ပြီဗျာ" ဆိုလျက် လှိုင်ညွန့်သည် ကြမ်းခင်းပေါ် မှောက်ချလိုက်လေတော့သည်။

မှောက်ခုံကြီး ဖြစ်နေသော လှိုင်ညွန့်ကို ကြည့်ပြီး ကျွန်တော်နှင့် လင်းမြင့်လှိုင် သည် ခေါင်းတဆတ်ဆတ်ညိတ် ပြုံးလိုက်ကြတော့၏။

"လာဗျာ ကိုပိုက် ထမင်းစားကြမယ်"

သည့်နောက် ကျွန်တော်တို့သည် မီးပုံနားသွားကာ ထမင်းခူးခပ်စားလိုက်ကြတော့၏။

"ကိုပိုက် တကယ်ပဲ ဝင်းကျော်စိုးကို ခေါ်မှာလား"

သို့ အမေးစကားကြောင့် လင်းမြင့်လှိုင်သည် ဟက်ဟက်ပက်ပက် ရယ်မောလာလေပြီး . . .

"မျောက်သားဟင်းတွေ သက်သက်မဲ့ပစ်ရအောင် မလုပ်ပါဘူးဗျာ၊ သက်သက်မဲ့ လှိုင်ညွန့်အခြေအနေကိုသိချင်လို့ ပြောလိုက်တာပါ" လို့ပြောလာလေ၏။ ပြီးလေမှ ကျွန်တော့်နားကပ်ကာ တိုးတိုးလေသံဖြင့် . . .

"စန်းကြည် သေရတဲ့ကိစ္စတင် ကျွန်တော်က သူနဲ့ မျိုးဝင်းနိုင်ကို သင်္ကာမကင်း ဖြစ်မိတာဗျ၊ စန်းကြည်သေရတာဟာ ဝင်းကျော်စိုးနဲ့လဲ ပတ်သက်ကောင်း ပတ်သက်နေလေမလား မသိဘူး၊ ဝင်းကျော်စိုး ဆင်သေချောင်းရေစီးနဲ့ မျောပါသေသွားတဲ့အထဲ ပါသွားတာဆိုတော့ ဘယ်လို ဆက်စပ်ယူရမှန်းတောင် မသိတော့ဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလာလေသည်ကြောင့် . . .

"တစ်ခုတော့ရှိတယ် ကိုလင်းရဲ့၊ လှိုင်ညွန့်က ဘယ်လိုကြောင့် ဝင်းကျော်စိုးကို တွေ့တယ်ပြောလျှင် တုန်လှုပ်သွားရတာတုန်း၊ အင်း သူ့ သူငယ်ချင်းဆိုတော့ သူ့ကို ကိုယ်ထင်လာပြမှာတို့၊ ခြောက်လှန့်တာတို့ကို တွေးကြောက်နေတာ ဖြစ်မပေါ့"

"ပြောတတ်ပေဘူးဗျာ"

သည့်နောက် ကျွန်ဘော်တို့သည် စားသောက်ပြီးကြသည်နှင့် ဝါး တဲပေါ် တက်၍ အိပ်လိုက်ကြတော့သည်။

လှိုင်ညွန့်တစ်ယောက် အမှန်တကယ် အိပ်ပျော်နေသည်လား၊ ဟန် ဆောင်နေလေသည်လား ဆိုသည်ကိုတော့ဖြင့် သူသာလျှင် အသိဆုံး ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် ကြမ်းခင်းပေါ် ခေါင်းချလိုက်သည်နှင့် အိပ်ပျော် သွားတော့သည် ဆိုပေမင့် မည်မျှကြာကြာ အိပ်ပျော်သွားလေသည်တော့ မသိ။ တဲကြမ်းခင်း ခပ်ကြမ်းကြမ်း လှုပ်ခါသွားသည်ကြောင့် အိပ်ပျော် နေရာမှ လန့်နိုးခဲ့ရတော့၏။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

လင်းမြင့်လှိုင်နှင့် လှိုင်ညွန့် တဲပေါ်မှ ဆင်းပြေးသွားကြလေခြင်း ကြောင့် ဖြစ်သည်။

"ဒိန်း"

မီးပုံနားမှနေ၍ လင်းမြင့်လှိုင်သည် ချောင်းတစ်ဘက်ကမ်းစပ် အမှောင်ထုတွင်းသို့ သေနတ်တစ်ချက် ပစ်လိုက်လေ၏။

လင်းမြင့်လှိုင် နံဘေးတွင် လှိုင်ညွန့် ရှိနေ၏။

"ကိုလင်း ဘာကောင်လဲ"

ကျွန်ကော်လည်း သူတို့ အနား ရောက်သွားသည်တွင် မေးလိုက်၏။

"တစ္ဆေ ဝင်းကျော်စိုးကို ပစ်တာ"

"ဗျာ"

လင်းမြင့်လှိုင် နောက်ပြောင်နေခြင်းတော့ မဟုတ်နိုင်။

"အေးဗျာ၊ ဝင်းကျော်စိုး တကယ်ပဲ တစ္ဆေဖြစ်နေတာကိုးဗျ"





"ဘာလဲ မင်းပါ မြင်လိုက်လို့လား"

ကျွန်တော့် အမေးကို သူ ခေါင်းညိတ်ပြလေခြင်းကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို စိုက်ကြည့်လိုက်၏၊

"တကယ်ပဲ ဝင်းကျော်စိုးဗျာ"

"ရှင်းအောင် ပြောစမ်းပါဗျာ"

သို့ ကျွန်တော်က လင်းမြင့်လှိုင်နှင့် လှိုင်ညွန့်ကို တလှည့်စီ ကြည့် ကာ မေးလိုက်လေ၏။

ကျွန်တော်သည်ပင် ယုံရခက်ခက်ဖြစ်နေ၏။

"မီးပုံနားမှာ ငုတ်တုတ်ကြီး ထိုင်နေတာ၊ ကျွန်တော်လဲ ကြောက် လန့်တကြားဖြစ်ပြီး ဆရာလင်းကိုလှုပ်ခါနှိုး ပြောပြလိုက်တယ်၊ ဆရာ လင်းက အသေအချာကြည့်နေပြီး တကယ်ပဲ မင်း ဝင်းကျော်စိုးလား မေး လိုက်တော့ သည်ကောင် လှစ်ခနဲထပြေးသွားတော့တာပဲ၊ မြန်လိုက် တာဗျာ"

"ဟုတ်တယ် ကိုပိုက်ရေ၊ ကျွန်တော် ညက သည်ကောင့်ကို ခေါ် မယ်လို့တောင် နောက်ပြောင်ပြောမိသေးတယ်၊ တကယ်ပဲ သည်ကောင် တစ္ဆေဖြစ်နေသလား မသိဘူးဗျာ၊ တကယ်ရောက်လာတာ တိုက်ဆိုင် တာပဲလား၊ ကျွန်တော်ညက ပြောလိုက်မိတဲ့ စကားကြောင့်ပဲလား မသိ တော့ပါဘူး၊ မှန်တာပြောရလျှင်ဖြင့် ကျွန်တော် ကြက်သီးမွေးညင်းထသွား မိတယ်ဗျာ၊ ဒါနဲ့ ကျွန်တော်လဲ သေနတ်ယူပြီး သူ ပြေးဝင်သွားတဲ့ အမှောင်ထုထဲ မင်း နောက်တစ်ခေါက် ပြန်မလာနဲ့တော့၊ နှစ်ခါပြန်သေ သွားမယ် ဘာမှတ်သလဲလို့ ကြိမ်းဝါးပြီး တစ်ချက်ပစ်လိုက်တာပဲဗျာ"

"အင်း ကိုလင်းရေ စကားနောက် တရားပါတယ်လို့ပဲ ပြောရတော့ မှာပေါ့ဗျာ၊ နို့ နေပါဦး ဘယ်အချိန်ရှိပြီလဲ"

လင်းမြင့်လှိုင်သည် သူ့လက်မှနာရီကို မြောက်ကြည့်လိုက်လေပြီး-

"မနက် လေးနာရီကျော်ပြီ"

မိုးလင်းနေပြီဖြစ်၍ ကျွန်တော်တို့ ပြန်မအိပ်ကြတော့လေဘဲ မျောက်သားဟင်းကိုနွှေး၍ ထမင်းစားကြရန် လုပ်လိုက်ကြသည်တွင်

"ဟင်, မျောက်သားဟင်းတွေ မရှိတော့ပါကလား"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ညွန့်က ထိတ်လန့်တကြား ပြောလာချေတော့သည်။

"ဟား ဟား ဟား ကိုလင်း ညက ဝင်းကျော်စိုးကို မျောက်သား ကျွေးမယ် ပြောလို့ လာစားသွားတာနေမပေါ့ဗျာ"

သို့နှယ် ကျွန်တော်က ရယ်မော ပြောလိုက်ပေမင့် လှိုင်ညွန့် တစ်ယောက် အကြီးအကျယ် မျက်နှာပျက် ထိတ်လန့်တကြား ဖြစ်နေလေ တော့၏။

"ကျွန်တော် တစ္ဆေသရဲကို မယုံခဲ့ပါဘူးဗျာ၊ ခုလို မျက်ဝါးထင်ထင် ကြီး တွေ့ရတော့ အကြွင်းမဲ့လက်ခံရမလို ဖြစ်နေပြီဗျာ" လို့ လှိုင်ညွန့် က ပြောလာလေသည်။

"သူ မသေလို့ ဖြစ်မှာပေါ့"

တစ္ဆေသရဲကို မယုံသေးသော ကျွန်တော်က သို့ပြောလိုက်သည် တွင် လှိုင်ညွန့်တစ်ယောက် ဆတ်ခနဲ တစ်ချက်တုန်လှုပ်သွားလေပြီး . .

"သူ သေပါပြီဗျာ၊ တကယ် သေသွားပါပြီ၊ ခုဟာက သရဲစင်စစ် ဖြစ်မှာပါဗျာ" လို့ တုန်လှုပ်သံဖြင့် ပြောလာသော လှိုင်ညွန့်ကို ကျွန်တော် နှင့် လင်းမြင့်လှိုင်သည် အံ့ဩတကြီး ငေးစိုက်ကြည့်နေမိလိုက်ကြတော့ သည်။

"ကဲ၊ ကိုလင်းရေ မနက်စာအတွက် အရှာထွက်ချေဦးမယ်"

"မိုးစင်စင်လင်းမှ သွားပါလား ကိုပိုက်ရဲ့"

"ရပါတယ် ကိစ္စမရှိပါဘူး၊ သွားရင်းလာရင်းနဲ့ မိုးလင်းသွားမှာပါ"

သို့ဖြင့် ကျွန်တော်သည် သေနတ်ကို ပခုံးထက်တွင်ထမ်း၍ ထွက် ခဲ့ချေတော့၏။ ကျွန်တော်တို့ စောစောထွက်ခဲ့ခြင်းမှာ အကြောင်းရှိချေ၏။

ဝင်းကျော်စိုး ထွက်ပြေးသွားသည်ဆိုသော အမှောင်ထုဘက် ထွက် လာခြင်းမှာ ခြေရာလက်ရာ သဲလွန်စရမလမလား ဖြစ်ချေတော့၏။

ကျွန်တော့်အထင် ဝင်းကျော်စိုး သရဲတော့ဖြင့် မဖြစ်နိုင်။ လူတူလို့ ဖြစ်ချိမ့်မည်။ သို့တည်းမဟုတ် မသေ၍ဖြစ်ချိမ့်မည်။ သို့ဆိုပါလျှင် ဝင်း ကျော်စိုးတွင် လူသိမခံလိုသည့်အကြောင်း ရှိပေမည်။ ကျွန်တော် ထွက် လာသည်မှာ အမှောင်ထုလွှမ်းနေဆဲ ဖြစ်သည်ကြောင့် ခြေရာလက်ရာ တွေ့နိုင်လိမ့်မည်တော့ မဟုတ်။





သို့ပေမင့် ကျွန်တော် သည်နေရာထွက်လာခြင်းကို လှိုင်ညွန့် တစ်ယောက် မသိစေလို၍ဖြစ်သည်။

လှိုင်ညွန့်နှင့် ဝင်းကျော်စိုး ပတ်သက်မှု တစ်ခုခုတော့ဖြင့် ရှိနိုင်ပေ သည်။

သို့ လျှောက်ခဲ့ရာမှ စခန်းနှင့် အတော်လှမ်းလှမ်း အရောက်တွင် ကျွန်တော်၏ ရှေ့ဆယ်ကိုက်လောက်အကွာအဝေး လှမ်းလှမ်းရှိချုံနွယ် ပင် နောက်ကွယ်မှ လှုပ်ခတ်သွားသံနှင့် အရိပ်သဏ္ဌာန် တစ်ခုတွေ့လိုက် သည်ကြောင့် ရုတ်တရက်မို့ ထိတ်လန့်သွားမိ၏။

သို့ပေမင့် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် ထိုးချိန် လိုက်လေပြီး စူးစိုက်ကြည့်လိုက်၏။

"ဟာ"

လူတစ်ယောက်ပါကလား၊ ဝင်းကျော်စိုးလေများလား။

"ဝင်းကျော်စိုး"

သို့နှယ်ခေါ် လိုက်ပြီး ကျွန်တော်သည် သူ့အနားသို့ လှမ်းသွား လိုက်သည်။ သူသည် ကျွန်တော့်ကို စူးစူးရဲရဲကြည့်နေလေပြီး သူ့အနား ရောက်လုတွင် ကျွန်တော့်ကို တစ်စုံတစ်ရာနှင့် လှမ်းပစ်ပေါက်လေသည် ကြောင့် ကျွန်တော်သည် သေနတ်ကိုင်လက်အစုံဖြင့် ကာလိုက်လေပြီး ပစ်ခတ်ရန် မရည်ရွယ်သော်လည်း သေနတ်ဖြင့် ကပျာကသီ ဖမ်းချိန် လိုက်၏။

"ဟင်"

မြန်လိုက်သည့် ဖြစ်ခြင်း၊ သူ မရှိတော့ပါကလား။ လူ စင်စစ်ရော ဟုတ်ပါလေစ။

သူဘယ်ဘက် ထွက်ပြေးသွားမှန်း မသိလေခြင်းကြောင့် သူ့နောက် လိုက်ရန် ရည်ရွယ်ချက် မရှိသော်လည်း သူရပ်နေသည့် နေရာသို့ သွားလိုက်သည်။

ကျွန်တော့်တွင် ဓာတ်မီးပါလာသည်ကြောင့် သူ ရပ်နေသည့်နေရာ မြေပြင်တစ်ဝိုက် အနှံ့ထိုးကြည့်လိုက်သည်။ မြေသားပျော့ ဖြစ်နေခြင်း ကြောင့် လူတစ်ယောက်ခြေရာကို ထင်းထင်းကြီးတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြုံးလိုက်မိသည်။

လူစင်စစ်တစ်ယောက်ပင် ဖြစ်တော့၏။

သို့ကြောင့် ကျွန်တော်သည် ထိုသူ လှည့်ထွက်သွားသော ခြေဦး တည့်ရာဘက် ရှာလိုက်သွားတော့သည်။

တောင်ကြောလေးမှ ဆင်ခြေလျှော လမ်းမြောင်လေးအတိုင်း ဆက်လိုက်သွားသည်တွင် မြောင်လေးတွင်း ရောက်သွား၏။

ထိုသူသည် မြောင်လေးအတိုင်း ထွက်သွားခြင်းဖြစ်မည်။

ကျွန်တော်သည်လည်း မြောင်လေးအတိုင်း စုန်ဆင်းခဲ့တော့၏။

ကျွန်တော့်ရှေ့မှ သူ ထွက်သွားခြင်းကြောင့် မြောင်အတွင်း သရဲကောင်နှင့် ထိပ်တိုက်တိုးမိမည်ကို ကြောက်စရာ မလိုလေသည်ကြောင့် စိတ်အေးလက်အေး လာခဲ့ခြင်းဖြစ်တော့၏။

မြောင်သည် အတော်အတန် ကျယ်လေသည့်အပြင် အကွေ့အကောက်များကာ ရှည်လျားချေတော့၏။

သို့ဖြင့် လင်းအရုဏ်ပင် ဖြာထွက်လာချေပြီဖြစ်သည်။ သို့ ရောက်ခဲ့ရာမှ မြောင်သည် ပို၍ကျယ်လာပုံကို ကြည့်ခြင်းအားဖြင့် မြောင်ဝ ရောက်လုပြီကို သိလိုက်သည်။

မြောင်အနေအထားကိုလည်း ရှင်းရှင်းလင်းလင်း မြင်သိရချေပြီ ဖြစ်၏။ မြောင်တစ်ဖက်တစ်ချက် ချုံနွယ်သစ်ပင်တို့တွင် အိပ်တန်းဝင် နေကြသည့် ငှက်ငယ်လေးများသည်ပင် "ကျလိ ကျလိ ကျလိ" အော် မြည်ကာ အိပ်တန်းထပျံသန်းကြချေပြီ။

ကျွန်တော့်စိတ်သည်လည်း ပေါ့ပါးလာချေ၏။ မြောင်ဝ ရောက်လျှင် ချောင်းမကြီးသို့ ရောက်ပေပြီ။ ချောင်းသို့ရောက်လေမှ ကျွန်တော် မည်သည့်ချောင်းရောက်နေပြီကို ချောင်းအနေအထားကိုကြည့်၍ ပြောနိုင်ပေတော့မည်။

သို့ဖြင့် ချောင်းသို့ ရောက်လာရတော့၏။ အတော်အသင့် ကျယ်သော ချောင်းဖြစ်ပေငြား၊ ရေမန်းခြောက်နေလေသည်။ သို့ဆိုငြား ရေအိုင်ကလေးများတော့ ရှိနေ၏။ လက်ကျန်ရေများ ဖြစ်သည်။ နံနက်စောစော ရေသောက်ဆင်း သားကောင်များ တွေ့နိုင်ပေ၏။





သို့ကြောင့် ကျွန်တော်သည် ချောင်းအောက်သို့ စုန်ဆင်းခဲ့တော့၏။ သို့ လျှောက်လာသည် ဆိုရာ၌ ချောင်းတစ်ဖက်ကမ်းပါးမှ ကပ်၍ လျှောက်ခဲ့ခြင်းသည် ရေသောက်ဆင်းသည့် သားကောင်နှင့် ဆုံရလေမည် ကြောင့် မဟုတ်ပါကလား။ သို့ လျှောက်ခဲ့ရာမှ ချောင်းကွေ့လေး အလွန် တွင် မမျှော်လင့်ဘဲ ကံအားလျော်စွာ ရေသောက်ဆင်းလာသော သတ္တဝါ တစ်ကောင်နှင့် ဆုံရလေတော့၏။

သို့ဆိုငြား ကောင်လုံးမြင်ရသည်တော့ မဟုတ်။ သစ်ပင်ငယ် ချုံ ပုတ်တို့ကို တိုးဝှေ့ဆင်းလာသောအသံကို ကြားလိုက်ရခြင်းသာဖြစ်၏။ သို့ကြောင့် ကျွန်တော်သည် ချုံတောတိုးဆင်းလာသော သားကောင် ချောင်းထဲရောက်လာလျှင် ပစ်ခတ်ရန်အလို့ငှာ ရင်တမမဖြင့် စောင့်စား နေခြင်း ဖြစ်၏။

ဘာကောင်များ ဖြစ်လေမလဲ။

ချေကောင်လည်း ဖြစ်နိုင်၏။ တောဝက်လည်း ဖြစ်နိုင်၏။ မမြင် ရသေးသော သတ္တဝါကောင်သည် အလယ် ချုံနွယ်သစ်ပင်တို့ကြားမှ ခေါင်းကလေးသာ အရင်ထွက်လာချေပြီး တစ်ဖက်တစ်ချက်သို့ ပျာယီ ပျာယာ ခေါင်းငဲ့စောင်းကြည့်နေလေပြီးမှ ချောင်းမကြီးထဲသို့ ခုန်ဆင်း လာတော့၏။ ချောင်းကမ်း အတန်ငယ်မြင့်နေလေခြင်းကြောင့် တော ဝက်ကောင် ခြေခေါက်လဲကျသွားသေး၏။

"ကျွိစ် ကျွိစ် ကျွိစ်"

သို့အော်လျက် ကုန်းရုန်းပြန်ထလာသည်တွင် ကျွန်တော့်အတွက် ပစ်မှတ်ကောင်း ဖြစ်လာခြင်းကြောင့် အသင့်ချိန်ရွယ်ထားပြီး ဖြစ်သော သေနတ်၏ မောင်းထိန်းခလုတ်ကို ညင်သာစွာ ဆွဲညှစ်လိုက်တော့၏။

"ဒိန်း"

"ဟာ"

တောဝက်ကောင်ကို လွဲချော်သွားရ၏။ သို့ လွဲချော်ခြင်းသည် ကျွန်တော်၏ ညံ့ဖျင်းမှုကြောင့် မဟုတ်။

ကျွန်တော်သည် မောင်းထိန်းခလုတ်ကို ဆွဲညှစ်ပြီးလုတွင် တောင် ကြောပေါ်မှ တောဝက်ကောင်ကို ခြောက်လှန့်ထုတ်လိုက်ဟန်တူသည့်



www.burmeseclassic.com

www.burmeseclassic.com



ခဲတစ်လုံးကြောင့် တောဝက်ကောင်သည် ရုတ်ချည်းဆိုသလို ချောင်းတစ်ဖက်ကမ်းသို့ ပြေးတက်သွားလေခြင်းကြောင့် ကျွန်တော့် ပစ်ချက်လွဲချော်သွားရခြင်း ဖြစ်တော့၏။

"တောက်"

တောက်တစ်ချက် ခေါက်လိုက်ပြီး တောင်ကြောပေါ်ကို လှမ်းကြည့်လိုက်၏။

"ဟာ"

တောင်ကြောအစပ်တွင်ရပ်၍ ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်နေသည့် ရသေ့ဓမ္မပါလကို တွေ့လိုက်ရသည်ကြောင့် လွန်မင်းစွာ အံ့သြသွားရတော့၏။

"နေ့ခင် ဝေ . . . ဝေ . . . . ဝေ . . . . . " ရယ်လို့ ကြွေးစည်လေးကို ထုခတ်လိုက်ပြီး မေတ္တာသုတ်ကို ရွတ်ဖတ်နေလေသည့် ရသေ့ဓမ္မပါလထံသို့ ကျွန်တော် ချဉ်းကပ်သွားလိုက်တော့၏။

ကျွန်တော် ရသေ့အနားသို့ ရောက်သွားသည်တွင် . . .

"ကိုပိုက်ရယ် စောစောစီးစီး ရေသောက်ဆင်းလာတဲ့ တောဝက်ကောင်ကို သတ်ဖြတ်ချင်ရတယ်လို့ ခုထိ မိုက်တုန်းပါကလား"

လို့ ပြောလာလေသည်ကြောင့် . . .

"ရေသောက်နေသေးတာမှ မဟုတ်တာချည်း"

လို့ စောဒက တက်ပြောလိုက်၏။

"ဘာထူးမှာလဲ ကိုပိုက်ရယ်၊ ကဲပါ သတ္တဝါလေးလဲ မသေဘူး၊ ကိုပိုက်လဲ အပြစ်မဖြစ်တော့ဘူး၊ ကိုလင်း ဘယ်ကျန်ခဲ့သလဲ"

"ဆင်သေမြောင်စခန်းမှာ ကျန်ခဲ့တယ်၊ ရသေ့ကြီးရော ဘယ်လိုလုပ် သည်ရောက်လာပြန်တာလဲ"

"ရသေ့လား၊ ရင်းတိုက်မြောင်ဖျားမယ် မြုပ်ကွယ်နေတဲ့ စေတီဟောင်းတစ်ဆူကို လာရှာတာ"

"တွေ့လား"

"တွေ့တာပေါ့၊ နို့ကြောင့် အဲဒီစေတီဟောင်းနားမယ် ဥပုသ်ဝင်နေတာလေ"





"ရသေ့ကြီး တစ်ပါးပဲပေါ့"

သို့ ကျွန်တော့်အမေးကြောင့် ရသေ့ဓမ္မပါလသည် ခေါင်းကိုခါယမ်းလိုက်ပြီး . . .

"ဒကာလေးတစ်ယောက် ရှိတယ်"

"ဩော်, ဟုတ်လား၊ ဘယ်ရွာက ကောင်လေးလဲ"

"ဘယ်ရွာက ခေါ်လာတာမှ မဟုတ်ဘူး၊ သည်တောထဲမှာ ဒုက္ခရောက်နေတာတွေ့လို့ ကယ်ထားရတာ"

"ဟင်, ဘယ်လိုဖြစ်ရတာလဲ ရသေ့ကြီးရယ်၊ အဲဒီ ကောင်လေးက ဘယ်သူလဲ"

ကျွန်တော်၏ အလောတကြီး အမေးကို မဖြေတော့ဘဲ အဝေးသို့ ငေးကြည့်နေလေပြီးမှ . . .

"ဘယ်သူလဲဆိုတာတော့ မသိဘူး၊ ရသေ့ မသိသလို သူကိုယ်သူလဲ ဘယ်သူဆိုတာ သိပုံ မရဘူး" လို့ ပြောလာသဖြင့် အံ့သြမိသေးတော့၏။

သို့ကြောင့် . . .

"ရှင်းအောင်ပြောပါ ရသေ့ကြီးရယ်"

"ပြောရလျှင်ဖြင့် အရှည်ကြီး ပြောရမှာကွ၊ သည်လိုလုပ်၊ သူ့အကြောင်းပြောရမှာ ရသေ့ ဘာမှအပန်းမကြီးဘူး၊ ဘယ်အချိန် ပြောပြော ဘယ်နေရာမှာ ဘယ်လိုပြောပြော ရတယ်၊ အရေးကြီးတာ ရသေ့သူ့ကို တွေ့ချင်တယ်"

"ဗျာ"

ရသေ့ဓမ္မပါလ၏စကားကြောင့် ကျွန်တော် အံ့သြရပြန်၏။

"နို့ဖြင့် ရသေ့နဲ့ အတူတူနေတယ်ဆို"

"ဟုတ်တယ်၊ ညက ပြန်မလာဘူး၊ စောစောစီးစီး မနက်လေးနာရီလောက်က သေနတ်သံလဲ ကြားလိုက်တယ်ဆိုတော့ သူ့အတွက်စိုးရိမ်ပြီး ရသေ့လိုက်လာခဲ့တာပဲ"

"ဗျာ"

လင်းမြင့်လှိုင် ပစ်လိုက်သော သေနတ်သံကြောင့် ရသေ့ [illegible] လာခြင်းပါကလား။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်သွားလေခြင်းလား၊ သို့တည်းမဟုတ်၊ လင်း မြင့်လှိုင်တို့ တွေ့လိုက်သည်ဆိုသော ဝင်းကျော်စိုးနှင့် သည်ရသေ့နှင့် အတူတူ နေသောသူ ဖြစ်နေခြင်းများလေလား။ သို့ကြောင့် ကျွန်တော်သည် ဝင်းကျော်စိုးနှင့် ပတ်သက်ခဲ့ရသည့် ကျွန်ုပ်တို့ အကြောင်းကို ပြောပြလိုက်သည်။

"သူက တစ်ယောက် ဖြစ်ချင်ဖြစ်မပေါ့၊ ရသေ့နဲ့ တူတူနေတဲ့သူ ာလဲ တခြားတစ်ယောက် ဖြစ်ချင်ဖြစ်မပေါ့၊ ကဲပါလေ တစ်ယောက် ယောက်ကို တွေ့လျှင်ဖြင့် ဘယ်သူဆိုတာ အတိအကျ သိရပြီပေါ့၊ ကဲပါ လေ ကိုလင်းတို့ဆီသွားကြတာပေါ့၊ အဲဒီတော့မှ ကိုလင်းလဲ သိရလေ အောင် ရသေ့ရဲ့ ဒကာဝလေးအကြောင်း ပြောပြမယ်"

သို့ဖြင့် ကျွန်တော်သည် ရသေ့ဓမ္မပါလ ပါလာခြင်းနှင့် ပက်သက် ၍ လင်းမြင့်လှိုင်သည် မည်သို့မျှ အံ့သြခြင်း မဖြစ်သော်လည်း လှိုင်ညွန့် သည် လွန်မင်းစွာ အံ့သြတကြီး ဖြစ်နေလေတော့သည်။

ကျွန်တော်တို့အတွက် ကံကောင်းသည်မှာ ရသေ့ ဓမ္မပါလ၏ လွန်စွာမှ ကြီးလှသည့် လွယ်အိတ်ကြီးအတွင်းမှ ပင်မှည့်ငှက်ပျောတစ်ဖီး ပါလာခြင်းကြောင့် ဖြစ်ပေသည်။

လွန်စွာမှစားကောင်းလှသော ဖီးကြမ်းပင်မှည့် ဖြစ်လေခြင်းကြောင့် တစ်ယောက် နှစ်လုံးကို အားပါးတရ စားလိုက်ကြတော့၏။

"ကျေးဇူးတင်တယ် ရသေ့ကြီးရယ်"

သို့ ရှိစဉ် . . .

"ဟာ, ဟိုမယ် . . . ဟိုမယ်"

လင်းမြင့်လှိုင်က သူ တစ်ယောက်တည်းသာ မြင်လိုက်ရသော ကျွန်တော်တို့ နောက်ကျောရှိ တောင်ကြောလေးဘက် မြင်ကွင်းကို လှမ်း ပြလေသည်ကြောင့် ကပျာကသီ လှမ်းကြည့်လိုက်ကြ၏။

"ဟင်"

"ဟာ . . . အာ"

လူ တစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် မိသည်နှင့် ရုတ်ခြည်းဆိုသလို လှည့်ပြေးသွားချေတော့၏။





"ဝင်းကျော်စိုးပါကလား"

သို့ လှိုင်ညွန့်က ထိတ်ထိတ်ပျာပျာ ပြောလာလေ၏။

ဝင်းကျော်စိုးကို မြင်လိုက်သည်နှင့် ထိတ်လန့် တုန်လှုပ်သွားသော လှိုင်ညွန့်ကို ရသေ့ဓမ္မပါလက အသေအချာ စူးစူးစိုက်စိုက် ကြည့်နေ လိုက်ပြီး . . .

"မင်း သူ့ကို ကောင်းကောင်းသိမှာပေါ့"

လို့ မေးလိုက်လေ၏။

ရသေ့၏ အမေးသံသည် တရားခံတစ်ယောက်ကို တရားသူကြီး တစ် ယောက်၏ မေးလိုက်သကဲ့သို့ ဖြစ်လေခြင်းကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ရသေ့ဓမ္မပါလကို တအံ့တသြ ကြည့်မိကြတော့၏။

"ရသေ့ကြီး သူ့ကိုသိလား"

ကျွန်တော်က စပ်စပ်စုစု မေးလိုက်၏။

"စောစောကအထိတော့ မသိပါဘူး၊ သူ့အမူအယာကို ကြည့်ပြီး သူ့ကို သိသလိုလိုရှိလို့ မေးလိုက်တာ"

သို့နှယ် ပြောလည်းပြော လှိုင်ညွန့်ကိုလည်း စူးစူးရဲရဲ ကြည့်နေ လေသည်ကြောင့် လှိုင်ညွန့်သည် ရသေ့ဓမ္မပါလကို စေ့စေ့ပြန်မကြည့် ရဲလေဘဲ ခေါင်းကို ငုံ့ထားသည့်ကြားမှ . . .

"သူ့ကို သိပါတယ် ပိတောက်ကုန်းရွာသား ဝင်းကျော်စိုးဗျ၊ သူ သေပြီ မဟုတ်လား ရသေ့ကြီး၊ အမှန်အတိုင်း ပြောစမ်းပါဗျာ"

လို့ တုန်လှုပ်စွာ ပြောလာခြင်းကြောင့် ပို၍ပင်အံ့သြမိသေးတော့၏။

သူ့အမေးကို ရသေ့ဓမ္မပါလ သဘောကျစွာ ပြုံးလိုက်လေပြီး . . .

"သူ မသေပါဘူး၊ သူ ရသေ့နဲ့ အတူတူနေနေပါတယ်"

"ဟင်"

သို့ ရသေ့ ပြောလေခြင်းကြောင့် လှိုင်ညွန့်တစ်ယောက် အံ့သြ ထိတ်လန့်သွားကာ ကပျာကသီ ရသေ့၏ခြေအစုံကို ကုန်း၍ သူ၏နဖူးဖြင့် ဦးတိုက် ရှိခိုးလိုက်လေပြီး . . .

"သူ . . . သူ မသေဘူးဆိုတော့ ရသေ့ကြီးကို သူ ကျွန်တော့် အကြောင်း ဘာတွေပြောသေးလဲဟင်၊ ကျွန်တော် မတတ်သာလို့ . . .



www.burmeseclassic.com

www.burmeseclassic.com



လုပ် လိုက်မိတာပါ၊ သူ့ကို သေစေချင်တဲ့ဆန္ဒ မရှိခဲ့ပါဘူး၊ ကျွန်တော် ပြောတာယုံပါ ရသေ့ကြီးရယ်၊ ကျွန်တော် မှားပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

သို့နှယ်· ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ရသေ့ခြေအစုံကို ဦးတိုက် ပြောနေသည့် လှိုင်ညွန့်ကိုကြည့်ပြီး လွန်မင်းစွာ အံ့ဩရချေ၏။

ဘာတွေလဲ၊ ဘယ်လိုတွေလဲ နားမလည်နိုင်အောင်ပါကလား။ သို့ကြောင့် ရသေ့ကြီးကို ကြည့်နေလိုက်တော့၏။

သည်အကြောင်းတွေကို ရသေ့ကြီး ရှင်းအောင်ပြောနိုင်မည် ထင်၏။ ရသေ့စကားကို နားစွင့်နေလိုက်ခြင်းဖြစ်၍ ရသေ့မမူပါလသည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ပြုံး၍ကြည့်လေပြီး လှိုင်ညွန့်ကို ငုံ့ကြည့် လိုက်ကာ . . .

"ကဲ၊ ဒကာ မင်း သူတို့နားလည်အောင် ရှင်းအောင် ပြောလိုက် ကွာ" လို့ ပြောလိုက်သည်တွင် လှိုင်ညွန့်သည် ကျွန်တော်နှင့် လင်းမြင့် လှိုင်ကို မော်ကြည့်လာလေပြီး . . .

"ကျွန်တော် အကြောင်းစုံ ဖွင့်ပြောပါတော့မယ်ဗျာ" ဆိုလျက် လွန်မင်းစွာ စိတ်ဝင်စားဖွယ်ကောင်းသော သူနှင့် ပိတောက်ကုန်းရွာသား ဝင်းကျော်စိုး ပတ်သက်ခဲ့ကြပုံ အကြောင်းကို ပြောပြလာချေတော့သည်။

✻





ဆင်သေချောင်း ရေကျ စဥ့်အိုးချောင်းသွယ် အဖျားလောက် တွင် လှိုင်ညွန့်၊ စန်းကြည်နှင့် မျိုးဝင်းနိုင်တို့သည် ဝါးခုတ်ကွက် ကောင်းသည် ဖြစ်၍ စခန်းချ ဝါးခုတ်နေကြ၏။

တော်တန်ရုံ ကောင်းခြင်း မဟုတ်။ ကောင်းလိုက်သည့် ဝါးတော။ သဘာဝ အလေ့ကျ ပေါက်ခြင်းဟု မထင်ရ။ စနစ်တကျ စိုက်ပျိုးထား သည့်နှယ် ရှိချေ၏။

"ငါလေ စဥ့်အိုးချောင်းသွယ်ဖျားမယ် ဝါးတော ကောင်းကောင်း တွေ့ထားတယ်၊ အဲဒီမယ် သွားခုတ်ကြစို့ကွာ"

သို့ဆိုသလို စန်းကြည်က ပြောလာခြင်းကို သူတို့နှစ်ယောက်က ခပ်အင်တင်တင် ဖြစ်လေသဖြင့် . . .

"ဘာလဲ မင်းတို့နှစ်ယောက်က ကြောက်လို့လား" လို့ စန်းကြည် က မေးလေ၏။

သို့ မေးရခြင်းသည့် အကြောင်းရှိ၏။

ဆင်သေချောင်းသည် ပြီးခဲ့သော ခြောက်လလောက်က ဝါးခုတ် သမား အတော်များများကို အသက်ဇီဝိန် ခြွေသွားသဖြင့် ထိုသေဆုံး သွားသူတို့သည် မကျွတ်မလွတ်ကြခြင်းကြောင့် ထိုနေရာတစ်ဝိုက် တော ကြမ်းသည်ဟု ဆိုကြလေခြင်းကြောင့်ဖြစ်၏။

တောလုပ်ငန်းနှင့် မကင်းသူများ ထိုဆင်သေချောင်း ထိုနေရာလေး သို့ရောက်သည်တွင် ဘာရယ်ကြောင့်မသိ ကြက်သီးထောတ်မိသည်



www.burmeseclassic.com

www.burmeseclassic.com



ပြောကြ၏။ နံနက် ဝေလီဝေလင်းအချိန်တွင် ဆိုပါလျှင် ကြောက်လန့်တကြား အော်ဟစ်သံတို့ ကြားရသည်ဟု ဆိုကြ၏။

သို့အတူ ကြောက်လန့်တကြား ပြေးလွှားနေသံများလည်း နားနှင့်ဆတ်ဆတ်ကြားကြရသည်ဟု ပြောကြ၏။

သို့ကြောင့်၊ ဆင်သေချောင်းတစ်ဝိုက်ကို မည်သူမျှ ဝါးခုတ်မသွားဝံ့ကြခြင်း ဖြစ်၏။

အရဲစွန့်ကာ သွားခုတ်သူ အချို့သည် ဒေါ့ပျက်ပြီး ပြန်ခဲ့ကြရသည်ချည်း ပြောကြလေ၏။

"ဘာလဲ မင်းတို့နှစ်ယောက်က ကြောက်လို့လား" ဆိုသည့် စန်းကြည်၏ အမေးကိုတော့ဖြင့် ဟုတ်တယ်လို့ လှိုင်ညွန့်နှင့် မျိုးဝင်းနိုင်ဝန်မခံလို။ ဘယ်အတွက်မူ သူတို့နှစ်ယောက်သည် လဟာမငယ်ရွာသား၊ ဆွေမျိုးတော်စပ်သူများ ဖြစ်လေပြီး စန်းကြည်က ပိတောက်ကုန်းရွာသားဖြစ်နေလေခြင်းကြောင့် လဟာမငယ်ရွာသားတွေ ကြောက်ချေးပါတယ်လို့လဲ အပြောမခံနိုင်လို။

"ဘာကြောက်စရာ လိုတုံးကွာ"

ဆိုလျက် ရောက်လာခဲ့ကြခြင်း ဖြစ်တော့၏။

မည်သို့ပင်ဖြစ်စေ သူတို့အတွက် ဝါးကောင်းဝါးသန့် ရရှိကြသည်မဟုတ်ပါလား။

သူတို့သည် သတိဉာဏ်စောင့်ဆိုသကဲ့သို့ ချောင်းစပ်တွင် စခန်းတဲမထိုးကြလေဘဲ တောင်ကြောပေါ်တွင် စခန်းတဲ ဆောက်နေထိုင်ကြခြင်းဖြစ်၏။ အဆိုးနှင့်အကောင်း ဒွန်တွဲနေသည်ဟု ပြောရမလို ရိက္ခာစို အတွက်တော့ဖြင့် အခက်အခဲရှိသည်ဟု ဆိုရချိမ့်မည်။

သည်တော့ သူတို့ ဝယ်ယူသယ်ဆောင်လာနိုင်သော ငါးခြောက်ငါးခြမ်း၊ စိမ်းစားငါးပိနှင့်သာ နှစ်ပါးသွားရသည်က များများဖြစ်တော့၏။

ကြက်ထောင် ငှက်ထောင်တော့ လုပ်ကြပါရဲ့၊ သို့ပေမင့် ရခဲချေ၏။ ရှားရှားပါးပါးရခဲ့လျှင်လည်း သူ့ချည်း ချက်စား၍မဖြစ်၊ နေ့ဖို့ညစာထားကာ အာသာပြေအလို့ငှာ အနည်းအကျဉ်းဆီ ချွေစားကြရ၏။

ငါးပုံးတွေ ပါလာသော်လည်း ငါးသည်ပင် ခပ်ရှားရှား။





"ဒီနေရာမယ် ဘယ်စားစရာ ပေါပ့ါမလဲ၊ သေသွားတဲ့သူတွေကရှာစားနေကြတာကိုး"

သို့ဆိုသလို ရွာမှမထွက်လာမီက သည်နေရာသို့ လမ်းမှားရောက်ခဲ့ဖူးသော မုဆိုးတာပု ပြောသည့်စကားပင် အကြွင်းမဲ့ လက်ခံရမလိုဖြစ်ချေတော့၏။

ရိက္ခာရှားလို့ စိတ်ပျက်ခြင်းတော့ မရှိ။ ဘယ်တွက်မူ ဝါးကောင်းများ ပေါပေါလောလော ခုတ်ရနေခြင်းကြောင့် အောင့်အီးကာ နေကြခြင်း ဖြစ်သည်။

သို့ပေမင့် သူတို့ မပျက်မကွက် လုပ်နေကြသည်မှာ အလုပ်သွားလျှင် ငါးပုန်း ထောင်ခဲ့၏။ သုတ်ကိုင်း ဆင်ခဲ့၏။ အလုပ်ပြန်တွင် ဝင်ကြည့်ကြ၏။ ထိုသည်ကိုတော့ဖြင့် စိတ်ပျက်ခြင်းမရှိ။ မထင်မှတ်လေဘဲ ကြက်ကလေး ငှက်ကလေးရပါလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ၏။

သူတို့ သုံးယောက်စလုံး အရက်သမားစစ်စစ်များ မဟုတ်ကြပေမင့် တောတောင်ထဲတွင် ငှက်ဖျားဒဏ် ကာကွယ်ရန် အလို့ငှာလည်းကောင်း၊ အနည်းအကျဉ်း သောက်တတ်ကြသည်လည်းဖြစ်၍ အီနွန်းဆိုင်မှ အရက်ခြောက်လုံးခန့်ကို အကြွေးဖြင့်ဝယ်ကာ ပလတ်စတစ်ဘူးများဖြင့် သယ်ဆောင်လာကြ၏။

သူတို့ ရောက်လာကြသည်မှာ သုံးရက်ခန့်ရှိချေပြီ။ သူများတွေပြောသလို နံနက်ဝေလီဝေလင်းတွင် ဆင်သေချောင်းထဲမှာ ကြောက်လန့်တကြား အော်ဟစ်သံများ ကြားရလေခြင်းမရှိ။ ပြေးလွှားနေကြသောလူကောင်လုံးကို မြင့်ရလေခြင်းလည်းမရှိ။ သားရဲကောင်တို့၏ အသံဗလံပင် ကြားရလေခြင်းမရှိ။ ကောလာဟလတွေပင် ဖြစ်ပေမည်။

"သူများတွေ ဒီဘက် ငါးလာမခုတ်ရဲတော့ တို့အတွက် ဟန်ကျတာပေါ့ကွ၊ ဟဲ . . ဟဲ ဘယ်သူနဲ့မှ လုခုတ်စရာမလိုဘူး အေးအေးဆေးဆေးခုတ်ရုံပဲ"

သို့နှယ် လှိုင်ညွန့်က ပီဟိဖြစ်မိသေးတော့၏။

"တစ်ခေါက်ဆိုသလောက် များများခုတ်သွားကြမယ်ကွာ"

"အေး ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ သုံးယောက်သည် စဥ့်အိုးချောင်းတစ်ဝိုက်တွင် အေးအေး လူလူနေကြရင်း ဝါးများခုတ်နေကြရာမှ လေးရက်မြောက်နေ့တွင်. .

မျိုးဝင်းနိုင်တစ်ယောက် သည်ကနေ့ ဘာဖြစ်သည်မသိ၊ အိပ်၍ မပျော် ဖြစ်နေတော့၏။ သို့ကြောင့် သူသည် ဝါးတဲပေါ်မှဆင်းကာ မီးပုံ ရှိရာသို့ သွားလိုက်ကာ ငြိမ်းလုငြိမ်းခင်ဖြစ်နေသော ထင်းမီးပုံကို ထင်း ခြောက်များ ထပ်ထိုးထည့်လိုက်၏။

ပြာဖုံးနေသော မီးခဲတို့ကို ယက်ထုတ်လိုက်၏။ အတန်ကြာတွင် မီးပုံကြီးတွင် မီးတောက်မီးလျှံများဖြစ်လာတော့၏။ ဆာလောင်ခြင်းလည်း ဖြစ်လာသည်ကြောင့် သူ ဆာလောင်နေ၍ အိပ်မပျော်လေခြင်းလို့တွက် ကာ ထမင်းကြမ်းနှင့် ဟင်းအဖြစ် ငါးပိစိမ်းစားမီးကင်၍ ကြက်ခြမ်းသီးနှင့် ရောထောင်းထားသည်ကို ယူစားလိုက်၏။

"ချွတ် . . . ဖျောက် . . . ချွတ် . . . ချလွပ် . . . ချွတ်"

သို့ ချွတ်နင်းသံကြောင့် မျိုးဝင်းနိုင်သည် အမှောင်ထုတွင်းသို့ လှမ်းကြည့်လိုက်သည်။

"ဟင်"

အမှောင်ထုတွင်းမှ လူတစ်ယောက်ပါကလား၊ သေသေချာချာ စူးစိုက်ကြည့်နေရင်းမှ ထိုလူပျောက်သွား၏။

သူ အမြင်မှားနေလေခြင်းများလား။ သို့တည်းမဟုတ် တစ္ဆေသရဲ လေများလား။

သို့ တွေးလိုက်မိသည်တွင် သူ ကြက်သီးထသွားမိ၏။

သို့ကြောင့် သူသည် ကပျာကသီ စားသောက်ဆေးကြောလိုက် လေပြီး ဝါးတဲပေါ် ပြန်တက်အိပ်လိုက်တော့၏။

အလို ဘာသံတွေလဲ၊ လူတွေ အော်ဟစ်သံလိုလို၊ တော်လဲသံလို လို သဲ့သဲ့ကြားနေရပါကလား။

လွန်ခဲ့သည့် သုံးရက်လောက်က ဆိတ်ငြိမ်လို့ပါကလား။ ခု ဘယ် လို ဖြစ်သွားရတာပါလိမ့်။

သူ၏ စောင်ပါးလေးကို တစ်ကိုယ်လုံး လွှမ်းခြုံလိုက်တော့၏။

"ဝူး"





"အာ"

ဘာသံကြီးပါလိမ့်၊ သို့ကြောင့် သူ ကြောက်လန့်တကြား အော် လိုက်မိ၏။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

သူ့နံဘေးတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော လှိုင်ညွန့်နှင့် စန်းကြည်က အိပ်ရာမှလန့်နိုးလာကြကာ မေးလေတော့၏။

သို့ကြောင့် သူသည် လူတစ်ယောက်တွေ့လိုက်ခြင်းနှင့် အသံများ ကြားနေရခြင်းကို ပြောပြလိုက်သည်။

"တို့ ဒီမယ်နေလာတာ သုံးလေးရက် ရှိပြီပဲကွာ၊ တိတ်ဆိတ်ငြိမ် သက်လို့၊ မင်း အမြင်မှားတာ စိတ်ထင်လို့ ဖြစ်မှာပါကွာ"

သို့ ဆိုသလို စန်းကြည်က ပြောပြီး တဲကြမ်းခင်းပေါ် ပြန်လှဲချ လိုက်လေတော့၏။

"အူး ဝူး"

ဟော ကြားရပြန်လေပြီ။ စောစောက အသံလောက်တော့ဖြင့် မကျယ်။ စခန်းနှင့် ဝေးသွား၍ဖြစ်မည်။

"ကြားတယ် မဟုတ်လား၊ စောစောက ငါ ကြားလိုက်တဲ့ အသံ မျိုးပဲ"

"အေး ဟုတ်ပါရဲ့၊ ဘာကောင်ပါလိမ့်"

"ဒီကောင်တွေ့လိုက်တဲ့ လူရဲ့အော်သံ ဖြစ်မှာပေါ့"

သို့ဆိုသလို လှိုင်ညွန့်က ပြောလာ၏။

"မဖြစ်နိုင်ဘူး၊ ငါ မြင်လိုက်တယ်ဆိုတဲ့ လူရိပ်က ဟောဟိုဘက် ကပဲ၊ ဖခု အော်သံက ချောင်းမကြီးဘက်ကပဲကွ"

သို့ဆိုသလို မျိုးဝင်းနိုင်က ခွဲခြားပြလိုက်၏။

"ဘာကြောက်စရာရှိလဲကွာ၊ သူ့နေရာမှာ သူ အော်ချင်သလိုအော်၊ ပွဲကြမ်းချင်သလို ကြမ်းစမ်းပါ၊ ငါတို့အပူ ဟစ်ပြားသားမှ မပါပါဘူးကွ၊ ငါတို့ဆီလာပြီး သောင်းကျန်းနေတာမှ မဟုတ်တာချည်း၊ ကဲပါကွာ အိပ် ကြစမ်းပါ" ဆိုလျက် စန်းကြည်သည် ဝါးကြမ်းခင်းပေါ် ပြန် လှဲချလိုက် တော့၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် လှိုင်ညွန့်နှင့် မျိုးဝင်းနိုင်သည်လည်း စန်းကြည်ကဲ့သို့ပင် ဝါးကြမ်းခင်းပေါ် လှဲချလိုက်ကြတော့၏။

သို့ဆိုပေမင့် မျိုးဝင်းနိုင်တစ်ယောက် အိပ်၍မပျော်၊ နားကို စွင့်ထား၏။ ဘာသံများ ကြားရလေမလဲ၊ မျက်လုံးကို ဖွင့်ထား၏။ ဘာကိုများ တွေ့ရလေမလဲ။

သို့ကြောင့်လည်း မျိုဝင်းနိုင်တစ်ယောက် ထင်းမီးရောင်ဖြင့် အမှောင်ထုတွင်းမှ သစ်တစ်ပင်နောက်ကွယ်မှ ပုန်းကွယ်ချောင်းကြည့်နေသော လူတစ်ယောက်ခေါင်းကို တွေ့လိုက်သည်ကြောင့် ထိတ်လန့်သွားတော့၏။

"လှိုင်ညွန့် . . . လှိုင်ညွန့်"

သို့ဆိုသလို သူနံဘေးတွင် အိပ်နေသည့် လှိုင်ညွန့်ကို အသာ လှုပ်နှိုးလိုက်၏။

"ဟိုမယ် . . . ဟိုမယ် ပျဉ်းမရွက်ကြီးပင်ဘက် ကြည့်ချေ"

"ဟင် လူ တစ်ယောက်"

လှိုင်ညွန့်တစ်ယောက် အံ့သြတကြီးဖြစ်ကာ ထထိုင်လာတော့၏။

ပျဉ်းမပင်နောက်ကွယ်မှ လူသည် သစ်ပင်နောက်ကွယ်မှနေ၍ နောက်ဘက်အမှောင်ထုတွင်း ပြေးဝင်ပျောက်ကွယ်သွားတော့၏။

"လူလား၊ တစ္ဆေသရဲလား"

မျိုးဝင်းနိုင်က ပြောလာ၏။

"တစ္ဆေသရဲက ချောင်းကြည့်ပါ့မလားကွာ၊ လူဖြစ်မှာပေါ့"

လှိုင်ညွန့်က သို့နှယ် ပြောချေ၏။

သည်တော့မှ မျိုးဝင်းနိုင်တစ်ယောက် စိတ်အေးသွားပါတော့သည်။ လူကိုတော့ သူ မကြောက်ပေပြီကိုး။ သို့ကြောင့် သူသည် သည့်နောက်ပိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရတော့၏။

နောက်တစ်နေ့ နံနက်စောစောတွင်း သူတို့သည် ချက်ပြုတ်စားသောက်ပြီး ဝါးခုတ်ကွက်သို့ ထွက်သွားကြသည်။

သို့ သွားသည် ဆိုရာတွင် မျိုးဝင်းနိုင်သည် ညက လူတွေ့လိုက်သော ပျဉ်းမရွက်ကြီးပင်သို့ သွားကြည့်လိုက်သေး၏။





ထူးခြားမှု ဘာမျှမရှိချေ။

ညက သူ ကြုံခဲ့ကြားခဲ့ရခြင်းသည် အိပ်မက်နှယ်ပင် ဖြစ်သွားချေတော့၏။ တစ်နေကုန် ဝါးခုတ်ကွက်တွင်း ကိုယ့်အလုပ် ကိုယ်လုပ်နေကြခြင်းကြောင့် မျိုးဝင်းနိုင် မေ့မေ့ပျောက်ပျောက်ပင် ဖြစ်သွား၏။

သို့ဆိုပေမင့် ခေတ္တနားနေကြစဉ် . . .

"စန်းကြည်ရေ ညက မျိုးဝင်းနိုင်ပြောတာ တကယ်ဟုတ်တယ်ကွ၊ ငါလဲ လူတစ်ယောက်ကို တွေ့လိုက်တယ်"

သို့ဆိုသလို လှိုင်ညွန့်က ပြောလာသည်ကို အလေးဂရု မထားဟန် စန်းကြည်က . .

"မင်းတို့ လဟာမငယ်ရွာသားတွေပဲ မြင်ကြပြောကြတယ်၊ ငါတော့ ဘာမှလဲ မသိဘူး မကြားဘူး မမြင်ဘူး၊ တကယ်ပဲ မင်းတို့နှစ်ယောက် တစ္ဆေသရဲကို တွေ့လိုက်တယ်ဆိုလျှင်ဖြင့် မင်းတို့လဟာမငယ်ရွာသားတွေ ကြောက်တတ်မှန်းသိလို့ ခြောက်လှန့်တာ နေမှာပါ၊ ငါ့ကျတော့ မကြောက်တတ်လို့ မခြောက်တာပဲလား၊ ပိတောက်ကုန်းရွာသားချင်း ဖြစ်နေလို့လား မှ မသိတာ၊ ဟား . . . ဟား . . . ဟား"

သို့ စန်းကြည်က စောင်းမြောင်း ပြောလေခြင်းကြောင့် လှိုင်ညွန့်သည် စိတ်ဆိုးသွားမိသော်လည်း . . .

"ငါပြောတာ တစ္ဆေသရဲလို့ ပြောတာမဟုတ်ဘူး၊ သည်နေရာ တစ်ဝိုက်မယ် လူတစ်ယောက်ရှိနေတယ်ဆိုတာ ပြောချင်တာ" လို့သာ ပြောပြီး နေရာမှထကာ ခုတ်လက်စဝါးရုံရှိရာသို့ ထွက်သွားလေတော့၏။

"ဘာဖြစ်လဲကွာ၊ တောထဲမှာ လူတစ်ယောက်တွေ့တာ ဘာဆန်းလို့လဲ၊ ငါတို့လို သစ်ခုတ်ဝါးခုတ်သမား ဖြစ်ချင်ဖြစ်မယ်၊ အမဲလည်တဲ့သူ ဖြစ်ချင်ဖြစ်မယ်၊ နို့မှမဟုတ် ပျားဖွတ်တဲ့လူ ဖြစ်ချင်ဖြစ်မပေါ့"

စန်းကြည်ကလည်း သို့နှယ်ပြောလေပြီး ထသွားပြန်လေသည်ကြောင့် မျိုးဝင်းနိုင်သည်လည်း သောက်လက်စ ဆေးပေါ့လိပ်ကို တစ်ဖက်ပိတ် ဝါးပြောင်းလေးအတွင်းသို့ ထည့်လိုက်ကာ ထွက်ခဲ့လေတော့၏။

အသီးသီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေကြခြင်းဖြစ်၍ ညနေစောင်းလေးတွင် သူတို့ အလုပ်သိမ်းပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စခန်းရောက်သည်တွင် လွန်မင်းစွာ ဒေါသထွက်သွားကြရတော့၏။

"မျောက်ကောင် လုပ်တာလား"

"တောဆင် မွှေသွားတာလား"

"အို, ဘယ်လိုဖြစ်နိုင်မှာလဲ မျိုးဝင်းနိုင်ရယ်၊ တောဆင်မွှေသွားရင်ဖြင့် စားအိုးစားခွက်ပဲ ပြောင်းဆန်အောင် လုပ်သွားပါ့မလားကွာ၊ ငါတို့ အဝတ်အစား အိပ်ရာလိပ်တွေကိုပါ ဖျက်ဆီးလွှင့်ပစ်သွားမှာပေါ့၊ မျောက်ကောင်လဲ မဖြစ်နိုင်ဘူး၊ မျောက်ကောင်ဆိုလျှင် ထမင်းဟင်းတွေ ပြန့်ကျဲနေမှာပေါ့၊ ခုတော့ တစ်ယောက်ယောက်က လာစားသွားသလိုပဲ"

"ဟာ, ဟုတ်ပြီ စန်းကြည်၊ ညက ငါတို့တွေလိုက်တဲ့ လူ လာခိုးစားပြီး အိုးခွက်ပန်းကန်တွေကို လွှင့်ပစ်သွားတာဖြစ်မယ်"

လှိုင်ညွန့်က သို့နှယ် ပြောလေ၏။

"တောက် ဒီလူကွာ၊ ထမင်းဟင်းတွေ ခိုးစားသွားတာကို ခွင့်လွှတ်လို့ ရတယ်၊ တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုတာကို မသိတဲ့လူပေပဲ၊ အင်မတန် မိုက်ရိုင်းတဲ့လူပေပဲ၊ ဘာကြောင့်များ အိုးခွက်တွေကို လွှင့်ပစ်သွားရတာပါလိမ့်"

စန်းကြည်သည် သို့နှယ် ပြောနေရင်းမှ . . .

"ဟာ, ဒီမယ် ခြေရာကွ ခြေရာ၊ တရားခံ တွေ့ပြီ"

"ဟေ, ဟုတ်လား"

ဆိုလျက် မျိုးဝင်းနိုင်နှင့် လှိုင်ညွန့်သည် စန်းကြည် အနားသွားကာ မြေပြင်တွင် တင်ကျန်ရစ်သည့် ခြေရာကို ငုံ့ကြည့်လိုက်ကြ၏။

သေချာပြီပေါ့၊ သူတို့ ထမင်းဟင်းတွေကို လူတစ်ယောက် လာခိုးစားသွားခြင်း ဖြစ်သည်။

"ကဲ, စန်းကြည် မင်း ယုံပြီလား၊ ညက ငါတို့နှစ်ယောက် လူတစ်ယောက်ကို တွေ့လိုက်ပါတယ်ဆိုတာ"

"လှိုင်ညွန့်ရာ ဘယ်လို အတတ်ပြောလို့ရဦးမှာလဲ၊ လူခြေရာတွေ့တိုင်း လူလို့ အတတ်ပြောလို့ ရပ့ါမလား၊ ခြေရာတွေ့ပြီး အဲဒီခြေရာရှင်ကို မတွေ့လျှင်ဖြင့်လဲ တစ္ဆေသရဲလို့ သတ်မှတ်လို့ရတော့တာပဲ၊ ဒီမယ်





ကြည့်စမ်း၊ ဒီနေရာမှာပင် ဒီခြေတစ်ဖက်အရာကိုသာ တွေ့တာ၊ ခြေထောက်တစ်ဖက်တည်း ရှိတဲ့သူက ခပ်ရှားရှားရယ်နော်"

လို့ စန်းကြည် ပြောလာသည်ကြောင့် သူတို့ နှစ်ယောက်သည်ပင် တွေဝေသွားမိတော့သည်။

"ကဲပါကွာ ထမင်း ပြန်ချက်စားကြတာပေါ့"

"ငါတို့မယ် စိမ်းစားငါးပိထောင်း မရှိတော့ဘူးကွ၊ ဘာနဲ့ စားကြမှာတုံး"

မျိုးဝင်းနိုင်က ပြောလာသဖြင့် . . .

"နေဦး ဟိုနားက မြောင်ထဲမယ် ဆင်ထားတဲ့ သုတ်ကိုင်းကို သွားကြည့်ချေဦးမယ်" လို့ လှိုင်ညွန့်က ပြောပြောဆိုဆို ထွက်သွားလေတော့၏။

"သွားမနေစမ်းပါနဲ့ကွာ၊ ရမှာလဲ မဟုတ်ပါဘူး"

သို့ စန်းကြည်က လှမ်းပြောသည်တွင် မျိုးဝင်းနိုင်က . . .

"ငါပဲ ထမင်းချက်လိုက်ပ့ါမယ် စန်းကြည်ရာ၊ မင်းဘာသာ နေသာသလို နေစမ်းပါ၊ သွားကြည့်ရမှာ ငါတို့အလုပ်ကွ၊ မရတော့ရော ဘာဖြစ်မှာတုန်း၊ ကြက်ခြမ်းသီးနဲ့ ဆားနဲ့တို့စားမပေါ့" လို့ ပြောကာ ထမင်းအိုး တည်ရန် စီစဉ်လိုက်တော့သည်။

လှိုင်ညွန့်သည် စန်းကြည်ကို မကျေမနပ် တစ်ချက် ငဲ့စောင်းကြည့်လိုက်လေပြီး မြောင်ကြပ်လေးတစ်ခုအတွင်း ဝင်သွားလေတော့သည်။

မြောင်ကြပ်လေး အလယ်လောက်တွင် သူထောင်ထားသည့် သုတ်ကိုင်းကို မြင်လိုက်သည်တွင် အံ့အားသင့်သွားတော့၏။

တောစောင့်နတ်မင်းကြီး မတာလေလား။ သို့ ဖြစ်လာလိမ့်မယ်လို့ လုံးဝမှတ်ယူမထား။ ကြည့်ဝမ်း ဝဖြိုးဖြိုး အနက်ပြောက် အရောင်အသွေးရှိ ရစ်ကြီးတစ်ကောင် သုတ်ကိုင်ကြိုးကွင်းတွင် လည်ပင်း တန်းလန်းနှင့် ခြေလွှတ်လက်လွှတ် ရှိနေပါကလား။

လှိုင်ညွန့်သည် ဝမ်းသာအားရ သုတ်ကိုင်းတွင်မိနေသည့် ရစ်ကောင်ကြီးကို ဖြုတ်ယူလိုက်လေပြီး သွက်လက်သော ခြေလှမ်းများဖြင့် စခန်းသို့ ပြန်ခဲ့ချေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညတွင် သူတို့သည် ရစ်သားကို ဆီပြန်ချက်လိုက်ကာ အာသာပြေ အနည်းငယ်မျှစားလိုက်ကြပြီး ကျန်သည်များကို နောက်နေ့များတွင် ရောနှောစားရန်အလို့ငှာ ထားလိုက်ကြချေတော့၏။ သို့ဆိုပါလျှင်ဖြင့် နောက်ထပ် နှစ်ရက် သုံးရက်ခန့် အဆင်ပြေ ပေါက်ချေ၏။

"တောင်ထန်းဖူးတွေလျှင် ခုတ်ခဲ့ချေကွာ"

"ဝါးခုတ်ကွက်နဲ့ တစ်ဖက်တောင်ကြောမယ်. တောင်အုန်းတော့ တွေ့တယ်ကွ၊ ဒီကနေ့ ဒါ တောင်အုန်းဖူးခုတ်ခဲ့မယ်"

သို့ဆိုသလို မျိုးဝင်းနိုင်က ပြောလေ၏။

"ဘယ်လိုလုပ် ရစ်သားနဲ့ရောချက် လိုက်ပါ့မလဲကွာ၊ ကြက်ခြမ်းသီး ခူးခဲ့ပါ့မယ်၊ ကြက်ခြမ်းသီးအစိမ်းနဲ့ ရစ်သားကို အရည်သောက်ချက်လျှင်ဖြင့် ချဉ်ပြုံးပြုံးလေး ကောင်းပါ့ကွာ"

သို့နှယ် နောက်တစ်နေ့စာအတွက် ပြောဆိုကြပြီးနောက် အိပ်ရာဝင်ခဲ့ကြတော့၏။

နောက်တစ်နေ့ နံနက်စောစောတွင် သူတို့သည် နံနက်စာ စားလိုက်ကြပြီး အလုပ်စခန်းသို့ ထွက်ခဲ့ကြတော့၏။

"မင်း ရစ်သားတွေကို အသေအချာ သိမ်းဆည်းခဲ့ရဲ့လား"

မျိုးဝင်းနိုင်ကို လှိုင်ညွန့်က ပြောလိုက်သည်။

"ဟိတ်ကောင်လှိုင်ညွန့် . မင်း ခု စခန်းကို ပြန်ကွာ၊ ငါ ဖွက်ထားတဲ့ ရစ်သားရှာတွေ့လျှင်ဖြင့် ငါ့ခွဲတမ်း မင်းကိုပဲ ကျွေးလိုက်မယ်ကွာ၊ ဟိုနေ့ကသူခိုး မပြောလေနဲ့ ငါနဲ့အတူတူနေတဲ့ မင်းတောင် ရှာတွေ့နိုင်မှာ မဟုတ်ဘူး"

"အေး ကောင်းတယ်"

သို့ဖြင့် သူတို့သည် ခုတ်ကွက်သို့ ရောက်သည်တွင် အသီးသီး လုပ်ငန်းခွင် ဝင်လိုက်ကြပြီး ညနေစောင်းလေးတွင် စခန်းသို့ ပြန်ခဲ့ကြတော့၏။ သို့ ပြန်ခဲ့သည့်လမ်းတစ်လျှောက် ယခင်နေ့များကလို အမှတ်တမဲ့ ပြန်ခဲ့လေခြင်းမဟုတ်ဘဲ လာလမ်းမှ အနည်းငယ်မျှ သွေဖယ်ကာ တောချုံတိုး ပြန်ခဲ့ကြခြင်းကြောင့် မြေပေါက်မျောက်ဥကြီး တစ်လုံးကို ရခဲ့ကြတော့၏။





"အတော်ပေပဲကွ၊ စခန်းရောက်လျှင် ရစ်သားနဲ့ ရောချက်ရမယ်"

"နေဦးကွ၊ ဟိုရှေ့မြောင်တောထဲမယ် ကြက်ခြမ်းသီးတွေ ဝင်ခူးချေဦးမယ်"

သို့ဆိုလျက် စန်းကြည်သည် အပြန်လမ်းမှာပင်ရှိ မြောင်ကြပ်လေးတစ်ခု အတွင်းဝင်ကာ ကြက်ခြမ်းသီး ထွားထွားကြီးများကို ဆွတ်ယူလာတော့၏။

လက်ကျန် ရစ်သားကို ရောနှောချက်ရန် မျောက်ဥနှင့် ကြက်ခြမ်းသီးများ ရလေခြင်းကြောင့် သူတို့သုံးယောက် ဝမ်းသာပီတိဖြာနေကြတော့၏။

စခန်းသို့ ပြန်ရောက်လာကြသည်တွင် သုံးယောက်သား အခြေအနေကို အကဲခတ်ကြည့်လိုက်ကြသည်။

ဘယ်အရာမဆို ခြေရာလက်ရာပျက်နေခြင်း မရှိလေသည်ကြောင့် စိတ်အေးသွားပါတော့၏။

သို့ပေမင့် ညစာချက်ပြုတ်ရန် စီစဉ်လိုက်ကြသည်တွင် . .

"မျိုးဝင်းနိုင် ဘယ်မလဲ ရစ်သားအိုး၊ မျောက်ဥနဲ့ ဆီကျန်ရေကျန်လေး ချက်ရအောင်" လို့ စန်းကြည်က ပြောလေသည်တွင် မျိုးဝင်းနိုင်သည် "ရမယ် ရမယ်၊ အသေအချာ ဖွက်ခဲ့တာ" ဆိုလျှက် စခန်းနောက်ဘက် ချုံတောအတွင်း ဝင်သွားလေတော့၏။

အတန်ကြာတွင် မျက်စိမျက်နှာ ပျက်စွာဖြင့် ပြန်လာချေတော့၏။

"ဟိတ်ကောင့် မင်းမျက်နှာကြီး ဘယ်လိုစုပုပ်ဖြစ်နေရတာတုံး"

သို့ လှိုင်ညွန့်က ထင်းမီးမွှေးနေရင်း မျိုးဝင်းနိုင်ကို လှည့်ကြည့်လှမ်းမေးလိုက်၏။

"ဒီမှာလေကွာ၊ အိုးထဲက ရစ်သားဟင်းတွေ မရှိတော့ဘူး"

"ဟေ, ဘယ်လိုဖြစ်ရတာလဲ မျိုးဝင်းနိုင်ရယ်၊ မင်းကိုက မဟုတ်တာ၊ ဒီမှာပဲ ဖုံးဖိထားလျှင်ရရက်နဲ့ အရစ်ရှည်ပြီး ချုံနွယ်ပင်တွေ ကြားသွားဖွက်ထားရတယ်လို့၊ တောကောင်တွေ လက်ချက် မိသွားပြီပေါ့"

သူတို့နားလာ၍ ဟင်းအိုးအဖုံးကို ဖွင့်ပြလာသည်ကို ကြည့်ရင်း စန်းကြည်က ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထပ်တရီး၊ ဘယ်ကလာ တောကောင်တွေလက်ချက်ရမှာလဲ၊ လူခိုးစား ခံလိုက်ရတာကွ၊ အိုးထဲကဟင်းတွေသာ ပျောက်ခြင်းမလှပျောက်နေတာကွ၊ ဒါ အသိဉာဏ်ရှိတဲ့လူတစ်ယောက်က အဖုံးဖွင့်နှိုက်ယူပြီး အိုးကို ခြေရာလက်ရာမပျက် ပြန်ထားသွားတာလေကွာ".

"ဟာကွာ ဒါ . . . ဟိုနေ့ကကောင် လက်ချက်ပဲဖြစ်မယ်"

စန်းကြည်က သို့ပြောလာသည့် လှိုင်ညွှန့်ကို စူးစိုက်ကြည့်နေလိုက်ပြီး သည်သူခိုးက ဟိုစခန်းဂက်ဝန်းကျင်မှာသည်း ရှိနေနိုင်တယ်ကွ၊ ဘာလို့လဲဆိုတော့ ငါတို့ရဲ့လုပ်ရပ်မှန်သမျှ တစ်နေရာကနေ ချောင်းကြည့်နေလို့ပဲ၊ နို့ကြောင့်လဲ သူ မျိုးဝင်းနိုင် ဟင်းအိုးဖွက်တဲ့နေရာကို သိနေတာပေါ့"

"တောက်"

သို့ဆိုသလို လှိုင်ညွှန့်သည် ဒေါသ ထွက်သွားမိသည်ကြောင့် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်လေပြီး . . .

"အတော်မိုက်ရိုင်းတဲ့ ကောင်ပေပဲ၊ ဒီကောင် ဘယ်သူလဲ၊ သိလျှင်ဖြင့် သတ်ပစ်လိုက်ဖို့ကောင်းတယ် ဟင်း"

"ကဲပါ ဖိုးလှိုင်ညွှန့်ရယ် ဒေါသလဲ သိပ်ထွက်မနေပါနဲ့တော့၊ ခါတိုင်းလဲ ငါတို့ ဖြစ်သလိုစားနေကြရတာပဲ၊ ခုလဲ ဟောဒီမယ် မျောက်ဥနဲ့ ကြက်ခြမ်းသီးတွေ ရှိနေတာပဲ"

စန်းကြည်က သို့နှယ်ပြောလေပြီး ယူလာသော မျောက်ဥကို ဆေးကြောအခွံသင်ခွဲခြမ်းစိတ်ဖြာနေလေသည်တွင် လှိုင်ညွှန့်က ထမင်းအိုးတည်လိုက်လေသလို မျိုးဝင်းနိုင်သည် ငရုတ်သီးထောင်းလိုက်လေတော့၏။

တစ်ယောက်တစ်လက် ဝိုင်းဝန်းလုပ်ကိုင်နေကြခြင်းဖြစ်၏။

သို့ကြောင့်လည်း သူငယ်ချင်းသုံးယောက် ရေရှည် တူတူနေ တူတူအိပ်စား တွဲဖက် အလုပ်လုပ်နိုင်ကြခြင်း ဖြစ်တော့၏။

ညဦးပိုင်းတွင် သူတို့ မျောက်ဥဟင်းနှင့်ပင် မြိန်ယှက်စွာ ထမင်းစားလိုက်ကြပြီး ဆေးလိပ်သောက် ကွမ်းစားရင်း အတွေးကိုယ်စီနှင့် ကိုယ်စီ အိပ်ရာထက် လှဲလျောင်းနေလိုက်ကြတော့၏။





အတန်ကြာတွင် သူတို့သုံးယောက်စလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြတော့သည်။

သို့အချိန်မှာပင် စခန်းတဲနောက်ဘက်လောက်ဆီမှ လူရိပ်သဏ္ဍာန်တစ်ခုသည် မီးပုံနားသို့ တရွေ့ရွေ့ချဉ်းကပ်လာကာ မီးစွဲနေသော ထင်းခြောက်တစ်ချောင်းကိုယူ၍ လှစ်ခနဲ ပြန်ပြေးထွက်သွားလေတော့၏။ ထိုသည်ကို သုံးယောက်စလုံး မသိလိုက်ကြချေ။

နောက်တစ်နေ့နံနက် တွင် သူတို့သုံးယောက်သည် ထုံးစံအတိုင်း ချက်ပြုတ်စားသောက်ပြီးနောက် ဝါးခုတ်ကွက်သို့ ထွက်သွားကြပြန်၏။ လမ်းတွင် မီးခိုးတလူလူ တွေ့လိုက်သောကြောင့် . . .

"ဟာ, တောမီးလောင်နေတာလား မသိဘူး" ဆိုလျက် သုံးယောက်သား ထိုနေရာလေးသို့ ပြေးသွားကြည့်လိုက်ကြ၏။

"ဟင်"

"ဟာ"

"အာ"

တောမီးလောင်ခြင်း မဟုတ်။ သစ်ပုပ်ပင်ကြီးအောက်ခြေလှမ်းလှမ်း မြေပြောင်ပြောင်နေရာတွင် ထင်းမီးပုံကလေး ဖြစ်နေလေခြင်းကြောင့် အံ့သြမိသွားကြတော့၏။

"ညက ဒီမယ် လူတစ်ယောက် စခန်းချသွားတာဖြစ်မယ်"

"သည်လူ တောထဲ တောင်ထဲ သွားလာနေကျလူ မဖြစ်နိုင်ပေဘူးကွ၊ ထင်းမီးပုံကို မီးမသတ်ဘဲ ထွက်သွားတာ၊ အတော် စည်းကမ်းမဲ့တဲ့သူ၊ သည်မီးကနေ တောမီးလောင်သွားလျှင် ဘယ့်နှယ်လုပ်မလဲ"

သို့နှယ် ပွစိပွစိပြောရင်း လှိုင်ညွှန့်သည် အနီးရှိ သစ်ခက်တို့ကို ချိုးယူကာ မီးကိုငြိမ်းသတ်လိုက်တော့၏။

"ငါတို့ဟင်းတွေကို လာလာခိုးတဲ့သူများ ဖြစ်နေမလား"

မျိုးဝင်းနိုင်က မေးလိုက်သလိုလိုနှင့် ပြောလေတော့၏။

"ဟုတ်ချင်လဲ ဟုတ်မယ်၊ မဟုတ်ချင်လဲ မဟုတ်ဘူး၊ နို့ပေမဲ့ ထူးဆန်းတာက ဒီလူ တစ်ယောက်တည်းပဲလား၊ သစ်ခုတ်ဝါးခုတ်များဖွတ်သမားတော့ မဖြစ်နိုင်ဘူး၊ ပြီးတော့ ဘာလို့ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



တောတောင်ထဲမှာ လျှို့ဝှက်နေနေရတာလဲ၊ ငါတို့နဲ့လဲ၊ လာတွေ့ရဲပုံ မပေါ်တော့ ဒီလူက ဘာလဲ၊ လူသိမခံဝံ့တဲ့ သူလား"

လှိုင်ညွန့်က သို့နှယ် တွေးဆထင်မြင်ချက် ပြောလေ၏။

"ကဲပါကွာ တို့လုပ်ငန်းခွင်ဝင် နောက်ကျနေဦးမယ်"

သို့ဆိုလျက် စန်းကြည်သည် ထိုနေရာလေးမှ ဦးဆောင်ထွက်ခဲ့လေသည်ကြောင့် လှိုင်ညွန့်နှင့် မျိုးဝင်းနိုင်သည်လည်း နောက်မှထက်ကြပ်မကွာ လိုက်သွားကြတော့သည်။

သူတို့သည် ကိုယ်စီဝါးခုတ်နေကြရင်းမှ နေ့လယ်နားချိန်လောက်တွင် . . .

"ငါတော့ ဖျားချင်နေပြီကွ၊ ပြန်မှဖြစ်မယ်" လို့ လှိုင်ညွန့်က ပြောလေသည်။ သူ ကိုယ်လက်ရှိန်းတိန်းဖိန်းတိန်းနှင့် ဖြစ်နေ၏။

"နို့ဖြင့် မင်း ပြန်နှင့်လေ"

စန်းကြည်က ပြော၏။

"ငါ့ လိုက်ခဲ့ရမလား"

မျိုးဝင်းနိုင်က ဆို၏။

"ရပါတယ် ငါတစ်ယောက်တည်း ပြန်နှင့်မယ်၊ ငါ ဆေးခါးကြီးကြိုသောက်ပြီးလို့ နေသာထိုင်သာ ရှိသွားလျှင်ဖြင့် မင်းတို့အတွက် ချက်ပြုတ်ထားလိုက်မယ်၊ အေးအေးဆေးဆေးမှ ပြန်လာကြလို့ရတယ် ဟုတ်လား"

"အေး . . . အေး"

သို့ဖြင့် လှိုင်ညွန့်သည် တစ်ယောက်တည်း စခန်းသို့ ပြန်ခဲ့လေတော့၏။ ကိုယ်လက်မအီမသာ ဖြစ်နေခြင်းကြောင့်၊ တဖြည်းဖြည်းလျှောက်ခဲ့ရခြင်းကြောင့် အတော်ကြာမှ စခန်းတဲသို့ ရောက်ခဲ့လေ၏။

"ဟာ"

စခန်းတဲတွင် လူတစ်ယောက် ရောက်နေပါကလား၊ ဘယ်သူများပါလိမ့်။ သူခိုးများဖြစ်နေလေမလား တွေးလိုက်သည်ကြောင့် ထိုသူ သူ့အား မမြင်သွားစေရန် စခန်းတဲနားသို့ ပုန်းလျှိုးကွယ်လျှိုးဖြင့် ချဉ်းကပ်သွားလိုက်သည်။





"ဟင်"

သူတို့ရိက္ခာတွေကို လာ၍ခိုးစားနေသူပါကလား။ တရားခံတော့ တွေ့လေပြီ။ ဘယ်သူများပါလိမ့်။ နောက်ကျောမှသာ မြင်ရလေခြင်းကြောင့် ဘယ်သူရယ် ကွဲကွဲပြားပြား မသိရသေးချေ။

သူ့ကို အလွတ်ပေး၍ မဖြစ်ချေဘူး၊ သည်တော့ ဘယ်လို လုပ်ရမလဲ။ ဟိုနှစ်ကောင်ပါလျှင် အကောင်းသား။ ခုတော့ သူ တစ်ယောက်တည်း။ သူ နေထိုင်ကောင်းလျှင် အကြောင်းမဟုတ်။ ယခုတော့ သူ့တွင် အားအင်တွေ သိပ်ရှိမည့်ပုံမပေါ်။ မည်သို့ပင် ဖြစ်စေ၊ သူခိုးကို ပက်ပင်း တွေ့နေလေပြီပဲ။ အလွတ်ခံ၍မဖြစ်၊ သည်အခွင့်အရေးမျိုး နောက်ထပ် ရချင်မှရနိုင်ပေလိမ့်မည်။

သို့ကြောင့် သူသည် ပြတ်သားသော ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်တော့၏။

ရှိသမျှခွန်အားဖြင့် အမိအရ ဖမ်းမည်ဆိုတော့ သူလည်း နံဘေးရှိ ကျောက်ခဲတစ်လုံးကို ကောက်ယူလိုက်၏။

ခိုးကြောင်ခိုးဝှက် ချဉ်းကပ်သွားကာ နောက်မှနေ၍ ထိုသူ၏ ဦးခေါင်းကိုထုနိုင်လျှင် ထိုသူ ထွက်မပြေးနိုင်လောက်ပေပြီ။ သို့ အစီအစဉ်ဖြင့် သူသည် ရုတ်ချည်းဆိုသလို လက်ဦးမှုရယူကာ ထိုသူ့ကို ပြေးလွှားတိုက်ခိုက်လိုက်လေတော့၏။

"ခွပ်"

"အင့်"

"ဟာ"

ထိုသူ ဘာမှန်းသိလိုက်ပေမည် မဟုတ်။ မှောက်ခုံကြီး လဲကျသွားတော့၏။ သို့ကြောင့် လှိုင်ညွန့်သည် ထိုသူ့ကို ဆွဲလှန်လိုက်သည်။

"ဟင်"

ဟုတ်မှ ဟုတ်ပါလေစ၊ ပိတောက်ကုန်းရွာသား ဝင်းကျော်စိုး ဖြစ်နေတော့သည်။

ဒီကောင် ချောင်းရေကျတဲ့အထဲ ပါသွားလို့ သေပြီဆို။

ခု ဘယ်လိုကြောင့် လာတွေ့နေရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက မသေဘဲ ကျန်ခဲ့တယ်ဆိုလျှင်ဖြင့်လည်း ဘာလို့ တောတောင်ထဲမှာ ဆင်းရဲဒုက္ခခံနေ နေရပါလိမ့်။ မစဉ်းစားတတ်အောင် ပါကလား။

"မင်း . . . မင်း ငါ့ကို . . . ငါ့ကို . . ."

ဝင်းကျော်စိုးသည် သူ့ကိုကြည့်ရင်း သို့ပြောရင်းမှ ငြိမ်ကျသွားတော့သည်။ သူ မစူးမစမ်း လုပ်လိုက်လေခြင်းကြောင့် သူ နောင်တရမိတော့၏။

"ဟိတ်ကောင် ဝင်းကျော်စိုး"

သူ စိုးရိမ်တကြီး လှုပ်ခါခေါ်နေငြား ဝင်းကျော်စိုးသည် မလှုပ်မယှက် ငြိမ်သက်သွားချေသည်ကြောင့် လှိုင်ညွန့် မျက်လုံးမျက်ဆန်ပြူး သွားမိတော့၏။

ဒုက္ခပါပဲ၊ သေများ သေသွားလေပြီလား။ သူထိတ်လန့်သွားတော့၏။ ဘာလုပ်လို့ လုပ်ရမည်မသိ ဖြစ်နေမိ၏။ ဖျားနာနေချင်သည့် စိတ်သည်ပင် ဘယ်ရောက်သွားလေသည် မသိ။ ဇောချွေးတို့ ပြန်လာချေပြီ ဖြစ်သည်။

"ဒုက္ခပါပဲ၊ ငါ လူသတ်မှုနဲ့ ထောင်ကျတော့မှာပါကလား"

သို့နှယ် တွေးလိုက်မိသည်တွင် ပို၍ စိတ်ဆင်းရဲသွားရပြန်၏။ ထိတ်လန့်လို့ သွားမိပြန်၏။

မဖြစ်ချေပြီ။ သို့ကြောင့် သူသည် ထိုနေရာလေးမှ ပြေးထွက်ခဲ့တော့၏။

သူ ဦးတည်ပြေးလွှားလာရာ လမ်းကြောင်းသည် မျိုးဝင်းနိုင်နှင့် စန်းကြည်ရှိရာ ဝါးခုတ်ကွက်သို့ဖြစ်ငြား လမ်းတစ်ဝက် ရောက်လုတွင် သူ့ခြေလှမ်းတို့ကို ရပ်တန့်လိုက်လေပြီး တစ်ချက်စဉ်းစားလိုက်ကာ နောက်ကြောင်း ပြန်လှည့်ပြေးခဲ့ပြန်၏။

သူတို့ဆီသွားတော့ရော သူတို့က သူ့ကို ဘာလုပ်ပေးနိုင်မှာတဲ့လဲ။ သို့ကြောင့် သူသည် မျိုးဝင်းနိုင်နှင့် စန်းကြည်ထံ သွားမည့်အစီအစဉ်ကို ဖျက်လိုက်လေခြင်း ဖြစ်၏။

သူ အဖမ်း မခံလို။





တစ်နေရာသို့ ပြေးရှောင်ပုန်းလေလျှင် အဆင်ပြေနိုင်လေမလား။

သူသည် သို့ နောက်ကြောင်းပြန်လှည့်ပြေးခဲ့ရာမှ စိတ်ပန်းလူနွမ်းဖြစ်ရလေခြင်းကြောင့် အရိပ်ကောင်းကောင်း သစ်တစ်ပင်အောက်တွင် ထိုင်ချနားနေလိုက်တော့သည်။

သစ်ပင်ကို ကျောမှီလိုက်ရင်း မျက်လုံးအစုံကို မှိတ်ထားလိုက်၏။ ထိုစဉ်ကြားမှ မေ့းခနဲတစ်ချက်ဖြစ်သွားကာ အိပ်ပျော်သွားတော့၏။ မည်မျှကြာအောင် အိပ်ပျော်သွားလေသည် မသိ။

"ဖိုးလှိုင်ညွန့် . . . ဖိုးလှိုင်ညွန့်"

သို့ အသံနှင့်အတူ သူ့ပခုံးကို ဆုပ်ကိုင်လှုပ်ယမ်းလာလေခြင်းကြောင့် သူ အိပ်ရာမှနိုးလာရတော့၏။

"ငါ . . . ငါ . . . ရည်ရွယ်ပြီး လုပ်လိုက်တာ မဟုတ်ပါဘူးကွာ၊ တစ်ယောက်တည်း သူ့ကိုဖမ်းမိဖို့က အဲလို ကျောက်ခဲနဲ့ အလစ်ချောင်းထုမှဖြစ်နိုင်တာကြောင့် သူ့နောက်စေ့ကို ကျောက်ခဲတုံးနဲ့ ထုလိုက်တာမှာ လက်ဆပြင်းသွားတာကြောင့် သူ သေသွားရတာပါကွာ"

မျိုးဝင်းနိုင်နှင့် စန်းကြည်က စခန်းတွင် ဝင်းကျော်စိုး၏အလောင်းကို တွေ့လိုက်ကြလေပြီး သူပါပျောက်နေခြင်းကြောင့် သူ့ကို လိုက်လာရှာခဲ့ကြခြင်း ဖြစ်နိုင်မည်တွက်ကာ သို့နှယ် ပြောလိုက်လေခြင်းဖြစ်တော့၏။

"ဟင်"

"ဟာ ဘယ်လို ဘယ်လို၊ ရှင်းအောင် ပြောစမ်းပါကွာ"

သူ့စကားကို နှစ်ယောက်စလုံး နားလည်ကြဟန် မတူ။

"မင်း ဘာတွေပြောနေတာတုံး၊ မင်း ခုတ်ကွက်က ပြန်သွားပြီးလေမှ ငါတို့နှစ်ယောက် မင်းကို တစ်ယောက်တည်း စခန်းပြန်မလွှတ်သင့်ဘူးဆိုတာ စဉ်းစားမိလိုက်တာနဲ့ လိုက်လာခဲ့ကြတာ၊ နို့တောင်မှ အတော်ကြာပြီးမှ အဲဒီလိုတွေးမိလိုက်တာ၊ ငါတို့နှစ်ယောက် ပြန်အလာ မင်းကို လမ်းမှာတွေ့လိုက်တာ၊ မင်း ဘာဖြစ်တာလဲ မသိဘူး ငါတို့နှစ်ယောက်ဘက် တည့်တည့်ပြေးလာပြီးလေမှ တစ်ချက်ရပ်လိုက်ပြီး ချာခနဲ နောက်လှည့်ထွက်ပြေးသွားပြန်တယ်၊ အဲဒါကြောင့် ငါတို့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လဲ မင်းနောက်ကိုလိုက်ရင်း မျက်စပြတ်သွားကြတယ်၊ နို့ပေမင့် မင်းပြေးဝင်သွားတဲ့ လမ်းကြောင်းအတိုင်း လိုက်ရှာခဲ့ကြရာက ခု မင်း ဒီနားမှာအိပ်နေတာကို တွေ့လိုက်တာပဲ၊ ကဲ, ပြောပါဦး၊ မင်း ဘာတွေ ဖြစ်နေတာတုံး"

အလို သူ့အမူ သူဖော်သလို ဖြစ်သွားပါကလား၊ သို့ကြောင့် မထူးတော့သည့်အတူ အဖြစ်မှန်ကို ဂဃနဏပြောလိုက်လေတော့၏။

"ဒါနဲ့များ ဖိုးလှိုင်ညွန့်ရယ်၊ ဘာကြောင့် ထွက်ပြေးပုန်းရှောင်ရမှာလဲ၊ မင်း သူ့ကိုသတ်လိုက်လို့ ဘာမှမဖြစ်ပါဘူး"

သို့ စန်းကြည်က ပြောလေသဖြင့် လှိုင်ညွန့်သည် ခေါင်းကိုခါယမ်းလိုက်လေပြီး . . .

"ဘာကွ ဘာပြောတယ်၊ လူတစ်ယောက်လုံး သတ်လိုက်တာကို ဘာမှ မဖြစ်နိုင်လောက်ဘူးလို့ ပြောရနိုင်ပါ့မလားကွ၊ ဘာလဲ မင်းက ငါ့ကို အချိုသတ်ခေါ်ပြီး ရဲလက်အပ်မလို့လား၊ မလိုက်ဘူး မလိုက်ဘူး၊ ငါ့ဘာသာ ထွက်ပြေးတိမ်းရှောင်နေလိုက်တော့မယ်၊ ငါ့မယ် သားမယား ရှိတာလဲ မဟုတ်ဘူး၊ မိဘ ညီအစ်ကိုရင်းချာတွေ ရှိတာလဲမဟုတ်ဘူး"

သို့ လှိုင်ညွန့်က ပြောလိုက်သည်တွင် စန်းကြည်သည် လှိုင်ညွန့်ပခုံးကို ဖိနှိပ်ဆုပ်ကိုင်လိုက်လေပြီး ပြုံးပြလက်ချကာ . . .

"မင်းကိစ္စကို ငါတို့နှစ်ယောက်ပဲသိတာ၊ ငါတို့နှစ်ယောက်က မင်းအတွက် တစ်သက်လုံး ရေငုံနှုတ်ပိတ်နေလိုက်လျှင်ပြီးပြီပေါ့၊ ဘာကြောက်စရာ ပူပင်စရာလိုမလဲ"

ပြောလေသည်တွင် လှိုင်ညွန့်သည် ခေါင်းကို ခါယမ်းလိုက်ပြန်ကာ . . .

"မင်းတို့နှစ်ယောက်က ငါ့သူငယ်ချင်း အချစ်ဆုံး သူငယ်ချင်းဆိုတာ မှန်တယ်၊ ငါ့အတွက် မင်းတို့ တစ်သက်လုံး နှုတ်ဆိတ်နေမယ်ဆိုတာလဲ ယုံတယ်၊ နို့ပေမင့်လို့ ဒီကောင် ဝင်းကျော်စိုး ပျောက်နေတော့ သူ့ဆွေမျိုး အသိုင်းအဝိုင်းက လိုက်ရှာကြတော့မှာပေါ့၊ ရာဇဝတ်ဘေး ပြေးမလွတ်နိုင်ဘူးလေကွာ၊ နို့ပေမင့်လို့ လွတ်လိုလွတ်ငြား ငါ ပြေးနေချင်သေးတယ်"





လှိုင်ညွန့်စကားကြောင့် စန်းကြည်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေပြီး။

"ဟားဟားဟားဟား အပေါ့ နံပါ့ လှိုင်ညွန့်ရယ်၊ ဒီကောင် ဝင်းကျော်စိုးက သေလူလေ၊ သူ့ကို အားလုံးက ဆင်သေချောင်းရေတွေ ဒလဟော ဆင်းကျလာတုန်းက သူသေသွားပြီလို့ အားလုံးက လက်ခံထားလိုက်ကြပြီလေ၊ သေပြီးသားလူ သေသွားတာ ဘာအမှုပတ်စရာလိုတုံး၊ ဘယ်သူကရော သေပြီးသားလူကို ခေါင်းထဲထည့်ထားကြတော့မှာလဲ"

"ဟေ"

သို့ စန်းကြည် ပြောလာလေသည်ကြောင့် လှိုင်ညွန့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရချေတော့၏။

"ဟုတ်လိုက်လေ"

"နို့ဖြင့် ငါတို့ ဒီကောင့်အလောင်းကို ဘယ်လိုလုပ်မလဲ"

စန်းကြည်ကို အားကိုးတကြီး ကြည့်မေးလိုက်၏။

"သည်တောထဲမှာတင် ဖျောက်ဖျက်လိုက်ကြတာပေါ့"

သည်သို့ဖြင့် သူတို့သည် စခန်းသို့ ပြန်လာကာ ဝင်းကျော်စိုး၏ အလောင်းကို သယ်မကာ ချောက်ကမ်းပါးအောက် လျှိုတစ်ခုအတွင်း ပစ်ချလိုက်ကြတော့သည်။

သို့ လုပ်လိုက်လေခြင်းအတွက် လှိုင်ညွန့်တစ်ယောက် စိတ်အေးသွားရသည် ဆိုပေမင့် ထိုနေ့ညတွင် သူ ကောင်းကောင်းအိပ်လို့မပျော်၊ အိပ်မက်ဆိုးတွေ မက်နေ၏။ ဝင်းကျော်စိုးတစ်ယောက် သူ့ကို သိနေလေခြင်းကြောင့် ဇော်ချွေးတွေ ပျံနေလေတော့၏။

သူ့ကို ကျောက်ခဲနှင့်ထုလေသည့်သူအား ဝင်းကျော်စိုးက အလွတ်ပေးပါ့ဟလား။ ပြီးတော့ လူမဆန်စွာ သူတို့သုံးယောက်က လျှိုထဲပစ်ချထားခဲ့သည်ကိုလည်း ဝင်းကျော်စိုးက ခွင့်လွှတ်နိုင်ပါ့မလား။ ဖြစ်လာမှတော့ ဝန်ခံလိုက်ရပေတော့၏။

❋



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ညွန့်က သို့နှယ်ပြောပြီး "ကျွန်တော် သူ့ကို ကျောက်ခဲနဲ့ထုလိုက်တာတော့ မှန်တယ်၊ နို့ပေမင့် သူမသေဘူးဆိုတော့ ကျွန်တော့်မယ် ဒီပြစ်ကြီးကြီး မဖြစ်နိုင်တော့ဘူးပေါ့နော်"

သူ့စကားကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ယှဲ့ယဲ ပြုံးလိုက်ကြလေပြီး . . .

"လူသတ်သမားက လူသတ်သမားပါပဲ၊ လူသတ်သမား တစ်ယောက်ကို အလွတ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဗျာ ဘယ်လို"

သို့ ကျွန်တော်ပြောလိုက်ခြင်းကို လှိုင်ညွှန့်တစ်ယောက် အံ့အားသင့်သွားပုံရချေ၏။ သို့ကြောင့် . . . .

"မှန်တယ်၊ မင်း ဝင်းကျော်စိုးအပေါ်မှာ လူသတ်မှု မမြောက်ပေမင့် စန်းကြည်ကို သတ်မှုနဲ့တော့ ထောင်ချခံရလိမ့်မယ်"

"ဗျာ မဟုတ်ရပါဘူးဗျာ၊ သူ အဖျားကြီးပြီး သေသွားရတာပါ၊ အဲလိုဖြစ်ရတာလဲ သူ့ကို တောစောင့်နတ်ကြီးက လုပ်လိုက်တာပါ"

"ဘာကွ၊ ရှင်းအောင်ပြောစမ်း"

"စန်းကြည် ပြောတာပဲလေ၊ နာနေတဲ့ မျောက်ကောင်၊ ဒုက္ခရောက်နေတဲ့ မျောက်ကောင်ကို အကူအညီ မပေးတဲ့အပြင် ရက်ရက်စက်စက် သစ်ပင်နဲ့ လွှဲရိုက်သတ်ခဲ့တာလေ၊ ဒါ သူ စည်းဖောက်တာပေါ့၊ သည်တောတောင်ထဲရှိတဲ့ သတ္တဝါတွေအားလုံးကို တောစောင့်နတ်ကြီးက





ပိုင်တယ်လေ၊ သည်တော့ တောစောင့်နတ်ကြီးက စန်းကြည်ရဲ့ လုပ်ရပ်အပေါ် မနှစ်သက်လေတော့ ခုလို ကိုင်လိုက်တာပဲပေါ့၊ ဘယ်လိုလုပ်ကျွန်တော့် ပရောဂပါရမှာတုန်း၊ သူကြီးလဲ အသိပါပဲဗျာ၊ သူ့မယ် မျောက်ကောင် ကုတ်ခြစ်ကိုက်ခဲခံရတဲ့ ဒဏ်ရာတွေ ပါလာသေးတယ်"

သို့ လှိုင်ညွှန့်က ပြောလေသဖြင့် ကျွန်တော်သည် သူ့ကို ပြုံး၍ကြည့်လိုက်လေပြီး . . .

"အေးလေ အဲဒီဒဏ်ရာကြောင့်ပဲ မင်း သူ့ကိုသတ်လိုက်တာလို့ ငါတို့ အတတ်ပြောနိုင်တာပေါ့"

သို့ ကျွန်တော် ပြောလိုက်သည်တွင် လှိုင်ညွှန့်တစ်ယောက် အံ့ဩထိတ်လန့်သွားတော့၏။

"အေး. . မင်းကို ငါ တစ်ခုမေးမယ် မှန်မှန်ပြော"

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် လှိုင်ညွှန့်သည် ခေါင်းညိတ်ပြလေသဖြင့် . . .

"မင်း တိုက်ကြီးဆေးရုံမှာ ဆေးမှူးလေးဘဝနဲ့ နေခဲ့ဖူးတယ် မဟုတ်လား၊ ဗိုင်းရပ်စ်ပိုးတွေအကြောင်းလဲ အတော်ကလေး သိနားလည်ခဲ့တယ် မဟုတ်လား"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လှိုင်ညွှန့်တစ်ယောက် မျက်စိမျက်နှာ အကြီးအကျယ် ပျက်သွားရလေတော့၏။

"မင်း ဒေဟာတိရစ္ဆာန်ကောင်တွေထဲမှာ ရှိတတ်တဲ့ ဗိုင်းရပ်စ်ပိုးတွေအကြောင်းကို ပိုသိလို့ မင်း စန်းကြည်ကို လုပ်ကြံနိုင်ခဲ့တာ မဟုတ်လား"

"ဗျာ"

"မဗျာနဲ့၊ မျောက်တွေမှာရှိတဲ့ ဗိုင်းရပ်စ်ပိုးတွေက လူကို ကူးစက်မြန်စေတယ်၊ အချိန်မီ ကုသမှုမခံယူနိုင်လျှင် အသက်ဆုံးရှုံးတဲ့အထိ ဖြစ်တတ်တယ်၊ စန်းကြည်ကို မျောက်ကောင် ကုတ်ဖဲ့ကိုက်ခဲတာကြောင့် ဒဏ်ရာရခဲ့တယ်၊ ရလိုက်တဲ့ ဒဏ်ရာက မဆိုစလောက်ဆိုပေမင့် မျောက်ကောင်မှာရှိတဲ့ ဗိုင်းရပ်စ်ပိုးတွေက စန်းကြည်ကို ကူးစက်လာတယ်ဆို မျောက်ကောင်က မျောက်နာဆိုတော့ ပိုဆိုးတာပေါ့၊ နို့ကြောင့်လဲ စန်းကြည်တစ်ယောက် အပြင်းဖျားတာတို့ ရင်ဘတ်အောင့်တာတို့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာတော့ကာ မင်း သိလိုက်ပြီလေ၊ ဒါ မင်းအတွက် အကွက်ပဲပေါ့၊ မင်းက သူ့ကို သေစေချင်နေတာလေ၊ သည်တော့ မင်းက အချိန်မီရွာပြန်ခေါ်လာ၊ ဆေးကုသမှုခံနိုင်လျှင် ရရက်နဲ့ တောထဲအချိန်ဆွဲခဲ့တယ်၊ မရှူနိုင် မကယ်နိုင်ဖြစ်လာတော့မှ ပြန်ခေါ်လာတယ်၊ လမ်းမှာ ဆုံးသွားရတယ်၊ ကဲ, ဘာပြောမလဲ ငြင်းမလဲ၊ အဲဒါကို မင်းက တောစောင့်နတ်ကြီး ကိုင်လိုက်တယ်လို့ သတင်းလွှင့်တယ်၊ အချိန်မီ ခေါ်လာရလျက်နဲ့ မင်း ဘာဃို့ အဲလို လုပ်ရတာလဲဟင်"

"ဟာ, မဟုတ်တာဘဲ ဆရာလေးရယ်၊ ဖြစ်ဖြစ်ချင်း နောက်တစ်နေ့ စန်းကြည်ကို ရွာပြန်ခေါ်လာတာပဲဗျာ၊ မယုံလျှင် မျိုးဝင်းနိုင်ကို မေးကြည့်ကြပါဗျာ"

သို့ သူ ပြောလာသည်ကြောင့် ကျွန်တော်သည် သူ့ကို ပြုံး၍ကြည့်လိုက်လေပြီး . . .

"ဟင်း . . . ဟင်း . . . ဟင်း မျိုးဝင်းနိုင်ကို မေးပြီးပါပြီကွာ၊ သူ ပြောလိုက်လို့ သိရပြီးပါပြီ၊ လေးငါးရက်နေပြီးမှ ပြန်ခေါ်လာတာတဲ့"

"ဗျာ, အဲလို သူကပြောလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"တောက် . . . ဒီကောင် သစ္စာဖောက်"

"အေး သူ မင်းအပေါ်သစ္စာဖောက်လို့လဲ သူ အသက်ချမ်းသာရတာပေါ့"

"ကဲပါ ကိုပိုက်ရယ် သူ့ကို ပွင့်ပွင့်လင်းလင်းသာ ပြောလိုက်ပါတော့မယ်" ဆိုလျက် လင်းမြင့်လှိုင်က ဆက်ပြောလေ၏။

"သူ့လက်ဖျံမှာ ဝါးခုတ်ရင်း အခန့်မသင့်ရလိုက်တဲ့ ဒဏ်ရာရှိတယ်၊ အဲဒါကို မင်း သိထားတော့ သူ့ကိုပါ အလိမ္မာလေးနဲ့ လုပ်ကြံလျှင်တော့ မင်းက သူ့ကို ရောဂါပိုးကူးစက်လာအောင် စန်းကြည်ရဲ့ မျောက်ကုတ်ကိုက်ခဲ ဒဏ်ရာတွေကို ထိတွေ့ခိုင်းတယ်၊ အညစ်အကြေးတွေနဲ့ သွေးတွေကို ကိုင်တွယ်သုတ်သင်ခိုင်းတယ်၊ ဒီတော့ စန်းကြည်ဆီက ရောဂါပိုးတွေက မျိုးဝင်းနိုင်ရဲ့အနာတွေကနေ တစ်ဆင့်ကူးစက်ပြီပေါ့၊ အဲ, သူကံကောင်းတာက သည်မလာခင် နှစ်ရက်လောက်က ငါတို့ သူနဲ့ သွားတွေ့တယ်၊ အဲဒီမှာ သူ ရောဂါပိုးစဝင်နေပြီလေ၊ သူက ထင်နေတာ သူလဲ တောစောင့်နတ်ကြီး ကိုင်လိုက်ပြီပေါ့၊ ဒါနဲ့ ငါတို့ကလဲ အကျိုးအကြောင်းရှင်းပြပြီး သူကြီးသားဖိုးခွားကြီးနဲ့ စာရေးပြီး တိုက်ကြီးဆေးရုံကိုလွှတ်လိုက်တယ်၊ အချိန်မီ သူ ဆေးဝါးကုသခံနိုင်ပြီဆိုတော့ မင်းဖြစ်စေချင်သလို သူဖြစ်မလာတော့ဘူးပေါ့၊ နို့ကြောင့်လဲ မျိုးဝင်းနိုင်က ငါတို့ကို အမှန်အတိုင်း ပြောတော့တာပေါ့"

"ကဲ, ဘယ်လိုလဲ လှိုင်ညွှန့်၊ မင်း ငြင်းချင်သေးလား"

"ကျွန်တော် မငြင်းချင်တော့ပါဘူး"

သို့နှယ် ပြောရင်း ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

"အေး ငါတို့မသိသေးတာ တစ်ခုတော့ရှိတယ်၊ အဲဒါ မင်း ပြောမှ သိမှာ"

"ဘာများလဲ"

"မင်း ဘာလို့ စန်းကြည်ကို သေစေချင်ရတာလဲ၊ မျိုးဝင်းနိုင်ကို ရော ဒုက္ခပေးချင်ရတာလဲ၊ မင်းအပေါ် သူတို့ကောင်းခဲ့တာပဲ မဟုတ်လား၊ ဝင်းကျော်စိုးကို မင်း လုပ်ကြံလိုက်တာကိုလဲ သူတို့ မင်းဘက်က လိုက်ပြီး တက်ညီလက်ညီ ကူညီခဲ့တာပဲ မဟုတ်လား"

"ဟင်"

သို့ ကျွန်တော် မေးလိုက်သည်တွင် လှိုင်ညွှန့်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်လေပြီး . . .

"ဟုတ်ပါတယ် အစကတော့ ဟုတ်ပါတယ်၊ တကယ်တမ်း ဒုက္ခနဲ့တွေ့တော့မယ်ဆိုတော့ စန်းကြည်က ကိုယ်လွတ်ရုန်းချင်တယ်လေ၊ ဖော်ကောင် လုပ်ချင်လာတယ်"

သို့နှယ်ပြောပြီး ရီဝေသော မျက်ဝန်းအစုံဖြင့် အဝေးသို့ငေးကြည့်နေလေ၏။

"ဆိုပါဦး" သို့ဆိုလျက် ကျွန်တော်သည် ဆက်ပြောစေလိုက်၏။

"ကျွန်တော်တို့ သုံးယောက် နောက်တစ်ကျော့ တောတက်ကြတော့ကာ သူ ဝင်းကျော်စိုးကိုတွေ့လိုက်တယ်ချည်း ပြောတော့တာပဲ၊ စပြောတုန်းက ကျွန်တော် မယုံပါဘူး၊ သူ သက်သက်ပြောတာလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့တယ်၊ သူ အဲလို ကျွေပါများ မြင်ပါများတော့ ဝင်းကျော်စိုး တစ်ယောက် တစ္ဆေသရဲဖြစ်ပြီး ခြောက်လှန့်တာ သူ ခံနေရတယ်လို့ ထင်မိပ ါ် အစက သူလဲ အဲဒီလိုထင်ထားတာ၊ နို့ပေမင့် သူက တွေ့ဖန်များတော့ ကြောက်လန့်လာပုံရတယ်၊ မအိပ်နိုင် မစားနိုင် ဖြစ်လာတယ်၊ ဝါးမခုတ်တော့ဘဲ သူ ရွာပြန်တော့မယ် ပြောလာတယ်၊ နို့ကြောင့် . . ."

"စန်းကြည်ရာ ဘာကြောက်စရာလိုလဲ၊ နာနာဘာဝကောင်က တိုင်ချက်ဖွင့်လို့ မရပါဘူး၊ သည်ကိစ္စ ငါတို့သုံးယောက်ကလွဲလျှင် ဘယ်သူမှ သိတာမဟုတ်တာချည်းလို့ ဖျောင်းဖျလိုက်တယ်၊ အကြိမ်ကြိမ် အလီလီပြောတော့ သူ သဘောပေါက်သွားပုံရတယ်၊ အဲ၊ နို့ပေမင့်လို့ ဝင်းကျော်စိုးကို သူတင်မဟုတ် ကျွန်တော်တို့ပါ မျက်ဝါးထင်ထင် တွေ့လိုက်ရတော့တယ်လေ"

သို့နှယ်ပြောပြီး လှိုင်ညွန့်သည် ဆေးပေါ့လိပ်ကို မီးညှိဖွာလိုက်လေပြီး ဆက်ပြောပြန်၏။

"တကယ်ပဲ ဝင်းကျော်စိုးဗျာ၊ သေချာတာတစ်ခုက လူစင်စစ်ဖြစ်နေတာကို သိလိုက်ရတော့ ကျွန်တော်လဲ ထူပူသွားတော့တယ်၊ အင်မတန်အသက်ပြင်းတဲ့ကောင်လို့ ပြောရမှာပဲ၊ သူ မသေဘူးဘဲ၊ သည်တော့ကျွန်တော့်လုပ်ရပ်တွေကို သူ တိုင်ချက်ဖွင့်နိုင်ပြီပေါ့၊ အဲဒါကို ကျွန်တော်စန်းကြည်နဲ့ မျိုးဝင်းနိုင်ကို အမှတ်တမဲ့ ပြောလိုက်မိတယ်"

သို့နှယ်ပြောပြီး လှိုင်ညွန့်မျက်နှာတွင် ဒေါသတို့ ဖုံးလွှမ်းလာပုံ ကိုမြင်ရချေ၏။

"သည်တော့ သူတို့က ဘာပြောတုံး"

လင်းမြင့်လှိုင်က ပြုံးစစမျက်နှာပေးဖြင့် မေးလိုက်သည်။

"မျိုးဝင်းနိုင်ကတော့ ဘာမှ မပြောပါဘူး၊ စန်းကြည်ကတော့ သရဲတစ္ဆေကတော့ ရုံးမှာ တိုင်ချက်မဖွင့်နိုင်ပေမင့် လူစင်စစ်တစ်ယောက်ကတော့ဖြင့် ရုံးတော်မှာ တိုင်ချက်ဖွင့်နိုင်သလို လက်တုံ့ပြန်နိုင်တာပေါ့လို့ ပြောလာတယ်လေ"

"လွယ်ပါတယ် စန်းကြည်ရာ သေပြီးသားလူ မသေတော့ တစ်ခါပြန်သတ်ရုံပေါ့"





"မဖြစ်နိုင်တာ"

"ဘာလို့ မဖြစ်နိုင်ရမှာတုံး၊ သူ ဒီတောတောင်ထဲမှာ ရှိနေတာပဲ၊ သူက တစ်ယောက်တည်း တို့က သုံးယောက်"

"တကယ်ပဲ ကျွန်တော် ဝင်းကျော်စိုးကိုသတ်ဖို့ စိတ်ကူးရှိတယ်၊ အားလုံးက သေပြီလို့ သတ်မှတ်ခံထားရတဲ့သူကို တကယ် သေအောင် သတ်လိုက်လို့ကတော့ အထွေအထူး ပြဿနာ မရှိလောက်ဘူးလို့ ကျွန်တော် ထင်တယ်လေ"

"အဲဒီတော့ သူတို့က ဘာပြောလဲ"

ကျွန်တော့် အမေးကို သူက ဟင်း . . . လို့ သက်ပြင်းရှည်ကြီး ချလိုက်လေပြီး . . .

"စန်းကြည်က ဘာပြောလဲဆိုတော့ သည်တစ်ခါ မင်းက သူ့ကို သတ်လျှင် ငါတို့ပါ ကိုယ်ထိလက်ရောက် ပါရတော့မယ် ဟုတ်လား၊ ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ပြောတော့ ကျွန်တော်က လွယ်လျှင် ငါပဲ လုပ်ပါ့မယ်၊ အခက်အခဲဖြစ်လာမှ ဝိုင်းကူပေါ့ကွာ ဆိုလိုက်တော့ . .

ပထမတစ်ခါ မင်းကို ငါတို့လိုက်လျောပြီးပြီကွာ၊ အဲဒီအတွက် ငါ့စိတ်က ငါ့ကိုခြောက်လှန့်ခံနေရတယ်ကွာ၊ ခုံ သူမသေဘူးဆိုတော့ ပြဿနာမရှိလောက်ဘူးလို့ ထင်တာပဲ၊ ဘုရားမတာလို့ ပြောရတော့မှာပေါ့၊ မင်းလဲ ဆက်မပိုက်ချင်ပါနဲ့ကွာ၊ ပြီးခဲ့တဲ့ကိစ္စ ပြီးပြီပဲ ပြောလာတယ် . .

"ဘာကွ၊ ဘာပြီးရမှာလဲ၊ သူ့ကို နာကျင်အောင်လုပ်တာ အမြစ်ပေါ့၊ ပြီးတော့ သေပြီထင်၊ အလောင်းဖျောက်ဖျက်တာလဲ အထိုက်အလျောက် အမှုဖြစ်နိုင်တာပဲ၊ နို့ဖြင့်လဲ မင်းကိစ္စ မင်းလုပ်တော့ကွာ ငါတို့ဝင်မပါချင်တော့ဘူး၊ အေး . . တစ်ခုတော့ရှိတယ် သည်ကိစ္စ ငါ မသိချင်ယောင်ဆောင်ပေးလို့ရတယ်ဆိုပေမင့် ငါတို့မရှိမှ မင်းလုပ်ချင်တာလုပ်ငါတော့ ရွာပြန်တော့မယ်"

"အဲလိုနဲ့ ကျွန်တော်တို့ သွေးအေးသွားကြတယ်၊ နို့ပေမင့် ကျွန်တော့်ဘက် ကံကြမ္မာလေးကပါလာတယ်လို့ ထင်လိုက်မိတာက အဲဒီနေ့မှာပဲ စန်းကြည် မျောက်တစ်ကောင်ရလာတယ်၊ မျောက်ကောင် ကုတ်ခြစ် ကိုက်ခဲလဲ ခံလိုက်ရတယ်၊ ကျွန်တော့်အတွက် ပညာပါပါ သူ့ . . .



www.burmeseclassic.com

www.burmeseclassic.com



သေစေနိုင်တဲ့အကြံ ရလိုက်တာကတော့ အဲဒီမျောက်ကောင်ရဲ့ဗိုင်းရပ်စ်ပိုးသူ့ကို ကူးစက်လာတာပဲပေါ့"

သို့ သူက ပြောလာသည်တွင် ကျွန်တော်သည် ရွံရှာစွာ ကြည့်လိုက်မိပြီး . . .

"မင်း အင်မတန် အသိဉာဏ်နည်းတာပဲ၊ ရှင်းနေတဲ့ ကိစ္စကို ရှုပ်အောင် လုပ်လိုက်တာပါကလား"

"ဒါကတော့ ဒီလိုရှိတယ်ကိုပိုက်ရဲ့၊ သူ့ကိုက ဒီလိုပဲကံကြမ္မာပါလာတာကိုး၊ အတိတ်ဝဋ်ကြွေးလေးပေါ့" လို့ ရသေ့ဓမ္မပါလက ကျွန်တော့်စကားအဆုံးတွင် ဝင်ရောက်ပြောလာတော့၏။

"နို့ ရသေ့ကြီးရယ် ဝင်းကျော်စိုးက ဘယ်လိုလုပ် ရသေ့ကြီးဆီ ရောက်နေရတာတုံး"

"အေး ပြောရတာပေါ့ကွာ၊ ရသေ့ပြောခဲ့တဲ့ စကားကို ကြားလိုက်ရလျှင်ဖြင့် သည်ကောင် (လှိုင်ညွန့်ကိုရည်ရွယ်၍ ပြောခြင်းဖြစ်၏) ပိုလို့ စိတ်ဆင်းရဲသွားမှာ မြင်ယောင်သေးကွာ ဟင်း . . ဟင်း . . ဟင်း"

"ရှင်းအောင်ပြောပါ ရသေ့ကြီးရယ်"

"အေး ပြောမှာပါ၊ လောလောဆယ် ဝင်းကျော်စိုးကို တွေ့အောင် အရင်ရှာမှဖြစ်မကွယ့်၊ လူရယ်လို့ဖြစ်ပြီး လူရယ်လို့ အသိဉာဏ်မရှိတဲ့ ဝင်းကျော်စိုးအတွက်တော့ သည်ကောင်ကြီးက အန္တရာယ်ကောင်ကြီး ဖြစ်နေလို့ပဲ"

"ဗျာ"

ရသေ့စကားကို ကျွန်တော် နားမလည်နိုင်ဖြစ်ရသလို လင်းမြင့်လှိုင်နှင့် လှိုင်ညွန့်တို့သည်လည်း နားလည်နိုင်ကြလိမ့်မည် မဟုတ်ပါချေ။

"ကဲ၊ မင်းတို့ ဘာကိုနားမလည်ရမှန်း ဖြစ်နေကြပြီ မဟုတ်လား၊ အရေးကြီးတဲ့အလုပ်ကို လုပ်ကြစို့ကွာ၊ သူ့ကိုတွေ့ပြီးမှ သူနဲ့ ရသေ့ဆုံစည်းခဲ့ရတဲ့အကြောင်းကို ပြောပြလျှင် ပိုကောင်းသွားလိမ့်မယ်ထင်တယ်"

သို့ဆိုလျက် ရသေ့ဓမ္မပါလသည် မေတ္တာသုတ်အကျဉ်းကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်လေပြီး လက်တွင်းရှိကြေးစည်လေးကို နှောင် . . . ဝေ . . . ဝေ လို့ မြည်အောင် သုံးကြိမ် သုံးခါ ထုခတ်လိုက်လေပြီး





ထွက်သွားလေသည်ကြောင့် ကျွန်တော်တို့သည်လည်း ရသေ့ဓမ္မပါလနောက်လိုက်သွားကြတော့၏။

သို့ သွားသည်ဆိုရာ၌ ကျွန်တော်နှင့် လင်းမြင့်လှိုင် အလယ်မှ လှိုင်ညွန့်ကို လိုက်ပါစေခဲ့ခြင်းဖြစ်တော့၏။

သို့ လျှောက်ခဲ့ကြရင်း နေမွန်းတည့်ချိန်လောက်တွင် အုံ့ဖွယ်ကောင်းသည်မှာ ကျွန်တော်တို့သည် နံနက်စာ အလို့ငှာ ရသေ့ကြီးဓမ္မပါလကျွေးသည့် ငှက်ပျောသီးတစ်လုံးသာ စားရလေခြင်းအပြင် နေမွန်းတည့်သည့်တိုင် တောင်ဟစ်တောင်ဆင်း တစ်တောတိုးခဲ့ကြရခြင်းကြောင့် ဆာလောင်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း ဖြစ်ကြသဖြင့် နားလိုသည်ဖြစ်ပြား ရသေ့ဓမ္မပါလက မူမပျက် ရှေ့မှဦးဆောင် တောတိုးသွားနေသည်ကို ကြည့်ကာ အံ့ဩမိကြတော့၏။

"ကိုပိုက်တို့ နားလိုကြပြီ မဟုတ်လား"

သို့ဆိုလျက် ရသေ့ဓမ္မပါလသည် လွန်စွာမှ ကြီးမားလှသော ကသစ်ပင်ကြီးအောက်တွင် ရပ်လိုက်လေပြီး . . .

"သည်မယ် အရိပ်ကောင်းတယ် နားနေကြချေ၊ ရသေ့ ဟိုနားခဏ သွားချေဦးမယ်"

ဆိုလျက် ခပ်လှမ်းလှမ်းရှိ တောင်ကြောပြတ်လေးသို့ ထွက်သွားလေတော့၏။

"ရသေ့ကြီး ဘယ်သွားတာလဲ"

လှိုင်ညွန့်က မေးရင်း မြေပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ကျွန်တော်သည် မထိုင်သေးဘဲ လင်းမြင့်လှိုင်ကို လှည့်ကြည့်လိုက်ကာ မျက်ခုံးပင့် ခေါင်းဆတ်မေးပြလိုက်၏။

ကျွန်တော် ဘာကိုဆိုလိုသည်ကို အကဲခပ်းပါးစွာ သိလိုက်သော လင်းမြင့်လှိုင်က သွားတက်လေးပေါ်ရုံ ပြုံးလိုက်လေပြီး သူ့ဘောင်းဘီအိတ်ကပ်အတွင်းမှ ဝီစကီပုလင်းပြားလေးကို ထုတ်ပေးလာချေတော့၏။

"ခင်ဗျားတို့တလဲဗျာ ရသေ့ကြိုက်ပါ့မလား"

သို့ဆိုသလို အပြစ်တင်လိုသော လေသံဖြင့် ပြောလာသည့် လှိုင်ညွန့်ကို ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“သေရည်သောက်တယ်ဆိုတာ ကိုယ့်ကိုလဲအန္တရာယ် သူများကိုလဲ အန္တရာယ်ဖြစ်လောက်အောင် လွန်ကျူးသောက်တာ မဟုတ်ဘူးကွ၊ ရသေ့ မကြိုက်စရာ အကြောင်းမရှိပေဘူး၊ အဲ, နို့ပေမင့် ရသေ့ရှေ့မှာ သောက် တာမှ မဟုတ်တာချည်းကွာ၊ အေး . . ခုလိုသောက်မိတဲ့အတွက် အပြစ် ရှိတယ်ဆိုလျင်လဲ သူ့အသက်ကိုသတ်တဲ့သူလောက်တော့ အပြစ်မကြီး လောက်ပါဘူးကွာ”

သို့ဆိုသလို ကျွန်တော်က ကိုယ်ကျူးလွန်သည့် အပြစ်ကိုတော့ မမြင်တတ်ကြဘဲ သူတစ်ပါးကို အပြစ်ရှာပြောလိုတတ်သည့် လူစားမျိုး ထဲတွင်ပါသည့် လှိုင်ညွှန့်ကို ပြောလိုက်လေသည်တွင် လှိုင်ညွှန့်တစ် ယောက် ဖြူဆွတ်ဆွတ် သူ့မျက်နှာကြီး မီးသွေးခဲ့ဖြစ်သွားသလား ပြော ရလောက်အောင် မျက်နှာပျက်သွားလေတော့၏။

သည့်နောက် လှိုင်ညွှန့်တစ်ယောက် ဆိတ်ငြိမ်သွားတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ပြန်တစ်လှည့် အပေးအယူ လုပ် သောက်လိုက်ကြသည်တွင် ပုလင်းပြားအပြည့် ဝီစကီ တစ်ဝက် ကျိုးသွားလေတော့၏။ ဝမ်းအတွင်း အစာမရှိသည်ကြောင့် သည့်ထက် ပိုမသောက်နိုင်ကြချေ။

“ဆာလိုက်တာ”

သို့ဆိုသလို လှိုင်ညွှန့်က ပြောလာတော့၏။

“တစ်ငုံလောက် သောက်လိုက်”

ကျွန်တော်က ပုလင်းပြားလေးကို လှမ်းပေးရင်း ပြောလိုက်၏။

ခေါင်းခါပြရင်း နေရာမှ ထလိုက်သည်ကြောင့် . . .

“မင်း ဘယ်သွားမလို့လဲ”

“ရေသွားရှာသောက်မလို့”

သို့ သူပြောပြီးသည်နှင့် ကျွန်တော်သည် ခေါင်းကိုခါယမ်းလိုက် လေပြီး . . .

“မင်း သည်မှာပဲနေပါ၊ ငါ ရေရှာပေးမယ်” လို့ ပြောပြီးသည်နှင့် နေရာမှထလိုက်သည်။

“ဘာလဲ ကျွန်တော် ထွက်ပြေးမယ် ထင်လို့လား”





“မင်း ထွက်မပြေးဝံ့ပါဘူး၊ ပြေးချင်လဲ ပြေးလေကွာ၊ မင်းသေ တွင်းကို မင်းတူးသလိုဖြစ်သွားမှာပေါ့”

“ဘာလို့လဲ”

“ဘာလို့ရမှာလဲ၊ မင်းတစ်ယောက်တည်း တောထဲလျှောက်သွား နေရင် ဝင်းကျော်စိုးက အကြိုက်တွေ့သွားမှာပေါ့ ဟင်း . . . ဟင်း”

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လှိုင်ညွှန့်တစ်ယောက် တုန်လှုပ်သွားတော့၏။

“အေး အဲဒါကြောင့် မင်းကို တစ်ယောက်တည်း ရေသွားမရှာစေ ချင်တာပေါ့ကွာ”

သို့နှုတ်ပြောပြီး ကျွန်တော်သည် ရေရှာရန် ထိုနေရာလေးမှ တစ်ယောက်တည်း ထွက်ခဲ့လေတော့၏။

ကညင်ပင်ကြီးအောက်တွင် လင်းမြင့်လှိုင်နှင့် လှိုင်ညွှန့်ကျန်ခဲ့ကြ ၏။ ကျွန်တော်သည် ရသေ့ကြီးနှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ ရေရှာရန် ထွက်ခဲ့ခြင်း ဖြစ်တော့သည်။

သည်သို့ဖြင့် ကျွန်တော်သည် ရေစီးချောင်းကလေးတစ်ခုသို့ ရောက် လာသည်။

ရေအနက် ခြေမျက်စိသာသာလျှင်ရှိခြင်းကြောင့် ချိုင့်ခွက်ရှိမည့် သို့တည်းမဟုတ် အိုင်လေးဖြစ်နေမည့် နေရာရှာရန်အလို့ငှာ ထိုမြောင် လေးအတိုင်း ဆန်တက်ခဲ့တော့၏။

မြောင်လေးသည် အကွေ့အကောက်မရှိပေမင့် လူတစ်ရပ်နီးနီးရှိ ကျောက်ခုတင်ခံနေသည်ကြောင့် ကျွန်တော်သည် ခြေချော်မကျလေ အောင် ခက်ခက်ခဲခဲကုတ်တွယ်တက်ခဲ့တော့၏။

အလိုလေးဗျာ၊ ကျောက်ခုတင်ပေါ် ရောက်သည့်တွင် ထူးဆန်းသော မြင်ကွင်းကို တွေ့လိုက်ရတော့၏။

ကျောက်ခုတင်အထက်တွင် မြောင်သည် အနည်းငယ်ကျယ်လာ လေပြီး မြေပြန့်ကဲ့သို့ ဖြစ်နေချေ၏။

ထိုမြောင်ကျယ်၏ တစ်ဖက်တစ်ချက်တွင် ပင်လုံးရှည် ဖြောင့် ဖြောင့်ဖြူးဖြူး သစ်ပင်ကြီးတို့ရှိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်ပေါင်းရှင်းသည်ဆိုပေမင့် ဆေးခါးကြီးပင်နှင့် အလားတူ အပင်ပေါက်ငယ်လေးများ ရှိချေ၏။

သို့ရှိစဉ် မွှေးပျံ့သောရနံ့တစ်ခုကို ရလိုက်သည်ကြောင့် လေလာရာဘက်သို့ မျက်နှာကိုလှည့်လိုက်ကာ ဖြည်းဖြည်းချင်း အသက်ကို ရှူသွင်းလိုက်၏။

"အာ"

ကျွန်တော် ရလိုက်သောရနံ့သည် အင်ကြင်းပန်းရနံ့ပင် ဖြစ်ချေတော့၏။ ကျွန်တော် မြင်သိရသလောက် အင်ကြင်းပင်တစ်ပင်တလေတောင် မတွေ့ပါကလား။

ရှိတော့ရှိလိမ့်မည်၊ သို့ကြောင့် ရနံ့ရလိုက်ခြင်းဖြစ်၏။

ကျွန်တော့် နားထဲတွင်လည်း လူသံလိုလို သဲ့သဲ့ကြားလိုက်ရ၏။

သို့ဖြစ်၍ ကျွန်တော်သည် မြောင်ကမ်းပါးလေးပေါ် တက်လိုက်ကာ ပင်လုံးရှည် ဖြောင့်ဖြောင့်ဖြူးဖြူး သစ်တောအုပ်အတွင်းရှိ လမ်းကြောင်းလေးအတိုင်း လျှောက်သွားလိုက်တော့၏။ ရေရှာရန်အလုပ်ကို မေ့သွားချေပြီ။

ကျွန်တော့်အာရုံတွင် အင်ကြင်းရနံ့နှင့် လူသံသဲ့သဲ့သာလျှင်ရှိချေတော့၏။

မည်သည့်အပင်ရယ်လို့ ပြောမပြတတ်သည့် ပင်လုံးရှည် ဖြောင့်ဖြောင့်ဖြူးဖြူး တောအုပ်ကိုလွန်လေသည်တွင် လွန်စွာမှ ကြီးမားလှသော အင်ကြင်းပင်ကြီး နှစ်ပင်ကို တွေ့လိုက်ရတော့၏။

အမြှာညီနောင်ဟုပင် ပြောရမလို အင်ကြင်းနှစ်ပင်သည် အကိုင်းအခက် အရွက် ထွက်ပုံခြင်း အတော့်ကိုတူချေ၏။

နှစ်ပင်စလုံး အင်ကြင်းပွင့်တို့ ဝေဝေဆာဆာရှိချေ၏။ ကျွန်တော်သည် ထိုအင်ကြင်းနှစ်ပင်ရှိရာသို့ သွားလိုက်သည်။

"ဟင်"

အင်ကြင်းပင်နောက်ဘက် လှမ်းလှမ်းတွင်ရှိ ချုံနွယ်ပင်ကြီးသည် ထူးဆန်းသလိုရှိခြင်းကြောင့် ထိုနေရာသို့ ဆက်သွားလိုက်ပြန်သည်။

အလိုလေးဗျာ ချုံနွယ်ပင်ကြီးသက်သက် မဟုတ်ပါကလား။





တစ်ဆယ့်နှစ်တောင်ခန့်ရှိ စေတီပျက်ကြီးကို ချုံနွယ်ပင်က တွယ်ရစ်ဖုံးအုပ်ထားခြင်း ဖြစ်သည်။

ရသေ့ဓမ္မပါလ အမိဋ္ဌာန်ဝင်နေသည့် စေတီပျက်များလေလား။ ကျွန်တော်သည် ထိုစေတီပျက်ကို အသေအချာ လှည့်ပတ်ကြည့်လိုက်လေပြီး အင်ကြင်းပင်ကြီးနှစ်ပင်၏ အောက်ခြေကြားသို့ ပြန်လာခဲ့တော့၏။ အင်ကြင်းပင်နှစ်ပင်၏ အောက်ခြေတွင် မြေတလင်းပြောင်ဖြစ်နေသည်ကို သတိထားလိုက်မိ၏။

သို့ဆိုပါလျှင် ထိုနေရာသည် ရသေ့ဓမ္မပါလ အမိဋ္ဌာန်ဝင်သည့် နေရာဖြစ်ဖို့များလေသည်။ သို့စဉ်းစားလိုက်မိခြင်းကြောင့် ထိုနေရာတစ်ဝိုက် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်ပြန်၏။

သစ်ပင်ချုံနွယ်ပင်တို့ကြား ဟိုတစ်စု သည်တစ်စုဆိုသလို ဝါးနက်ဝါးရုံအသိုက်ကိုလည်း တွေ့ရ၏။

ထိုဝါးရုံတန်းတွင် စာကလေးအရွယ် ငှက်ငယ်များစွာ ခိုနားလှုပ်ခတ်လို့ ရှိချေ၏။

"ကျီ . . . ကျီ . . . ကျီ . . . ကျလစ် . . . လစ် . . . ကျလစ်ကျစ်" လို့ ဆူညံစွာ အော်မြည်သံသဲ့သဲ့ကိုလည်း ကြားရ၏။

အင်မတန် သာယာနေချင့်စဖွယ် နေရာလေး ဖြစ်ချေတော့၏။ ကျွန်တော်ထင်သလို ထိုနေရာသည် ရသေ့ဓမ္မပါလ အမိဋ္ဌာန်ဝင်သောနေရာမဟုတ်ခဲ့ပါလျှင်လည်း ထိုနေရာတွင် တစ်ညတာစခန်းချ နားနေရန် ရသေ့ဓမ္မပါလကို တောင်းဆိုရပေမည်။

ရသေ့ဓမ္မပါလသည်လည်း စေတီပျက်ရှိခြင်းကြောင့် စိတ်ဝင်တစား ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

သည့်နောက် ကျွန်တော်သည် လာလမ်းအတိုင်း ပြန်လှည့်ခဲ့တော့၏။

"ဟာ"

ကျောက်ခုတင်အခင်းသို့ ရောက်လုတွင် သစ်တစ်ပင်အောက်ရှိ မြွေ့ောက်တစ်ကောင်ကို တွေ့လိုက်သည်ကြောင့် အမှတ်တမဲ့ဖြစ်သွားကာ လက်တွင်းရှိသေနတ်ဖြင့် လှမ်းချိန်လိုက်သည်တွင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော် သတ်မှတ်ထားတဲ့ သာသနာ့နယ်မြေပေါ်မှာ သားကောင်ကို ပစ်သတ်ဖို့မပြောနဲ့ လက်နက်ကိုင်ဆောင်လာခွင့်တောင် မရှိဘူး၊ ခုတော့ မင်းက သာသနာ့မြေပေါ်မှာ သွေးစွန်းစေတော့မယ်ပေါ့"

သို့ အသံကြောင့် ကျွန်တော်သည် အလန့်တကြား ဖြစ်သွားလျက် အသံလာရာသို့ လှည့်ကြည့်လိုက်သည်။

"ဟင်"

ဝင်းကျော်စိုးပါကလား၊ ပီတောက်ကုန်းရွာသား ဝင်းကျော်စိုးဖြစ်သည်။ ရသေ့ကြီး အလောတကြီးတွေ့လိုသည့် ဝင်းကျော်စိုးဖြစ်သည်။

"ဟိတ်ကောင် ငါလေကွာ"

သို့နှယ် အားရဝမ်းသာပြောပြီး သူ့အနားသွားလိုက်၏။

"ငါလဲ မပစ်ဘူး"

သို့နှယ်ပြောလေပြီး ကျွန်တော့်ကို သူ့လက်တွင်းကိုင်ထားသည့် တစ်လံလောက်ရှိ မျှင်ဝါးစိမ်းတုတ်ဖြင့် လှမ်းပစ်လာချေသည်ကြောင့် ကျွန်တော်သည် ကပျာကသီ တိမ်းရှောင်လိုက်ရတော့၏။

ဟင်, မြန်လိုက်လေခြင်း။

တိမ်းရှောင်လိုက်ချိန် သတိလက်လွတ်ဖြစ်သွားသည်နှင့် ဝင်းကျော်စိုးတစ်ယောက် ပျောက်ခြင်းမလှပျောက်သွားတော့၏။

သူ့အသံသာ မကြားခဲ့ပါလျှင် သူ့ကို လူသားစင်စစ်တစ်ယောက် ရယ်လို့ ကျွန်တော် လက်ခံယုံကြည်လိမ့်မည် မဟုတ်ချေ။

ကျွန်တော်သည် အတန်ကြာရပ်ကြည့်နေလိုက်သေး၍ မည်သည့် ထူးခြားမှု၊ လှုပ်ရှားမှု မရှိလေသည်ကြောင့် ထိုနေရာလေးမှ လှည့်ထွက်ခဲ့တော့၏။

"ကွစ် . . . ကွစ် . . . ကွစ် . . . ကွိ . . . ကွစ်"

မျောက်ကောင် ရှိရင်းနေရာတွင်ပင် ရှိနေသေး၏။ သို့ပေမင့် ကျွန်တော်သည် ပစ်ခတ်လိုခြင်းစိတ်ဆန္ဒပင် မပါတော့ချေ။

ကျောက်ခုတင် အခင်းလေးအတိုင်း မြောင်လေးအတွင်း ပြန်ဆင်းကာ လာလမ်းအတိုင်း လျှောက်ပြန်ခဲ့တော့၏။ သို့ ပြန်ခဲ့သည်ဆိုရာ၌ ဝါးဆစ်ဘူးဖြင့် ရေကို စစ်ထည့်သယ်လာခဲ့တော့၏။





သို့ဖြင့် ကျွန်တော်သည် ခေတ္တနားနေရာ ကသစ်ပင်ကြီးသို့ ပြန်ရောက်ခဲ့သည်တွင် ရသေ့ဓမ္မပါလ ပြန်ရောက်နှင့်နေသည်ကို တွေ့ရတော့၏။ ရသေ့ထွက်သွားသည်မှာ ကျွန်တော်တို့စားရန်အတွက် ငှက်ပျောခိုင်သွားရှာယူလာခြင်း ဖြစ်တော့၏။

"ရသေ့ကြီးရယ် ကျွန်တော်တို့ကို ခေါ်သွားတော့ပါလား၊ ခုတော့ ရသေ့ကြီးက ကိုယ်တိုင်ခုတ်ထမ်းလာရတယ်လို့"

သို့ ကျွန်တော်က ရှောက်မစိုက် ပြောလိုက်သည်တွင် . . .

"သူတို့လဲ ဒီလိုပြောတာပဲ၊ မင်းတို့ပါလို့ ဘယ်ဖြစ်မလဲ၊ ငါသွားခူးတဲ့ ငှက်ပျောတောမယ် မျောက်ကောင်တွေ အများကြီးရှိတယ်၊ လူမပြောနဲ့ သူတို့မျောက်ကောင်တွေတောင်မှ သူတို့စားကျက်ထဲ ဝင်လာတဲ့သတ္တဝါမှန်သမျှ အုံနဲ့ကျင်းနဲ့ ပိုင်းတွယ်ကြတာကွ၊ နို့ကြောင့် ရသေ့ဘာသာပဲ သွားတာ"

"ဟင်, ရသေ့ကြီးကျတော့ မျောက်ကောင်တွေက ဘာမှမလုပ်ဘူးလား"

"ရသေ့မယ် သူတို့ကို တိုက်ခိုက်နိုင်တဲ့ လက်နက်ပါသွားတာကိုး"

"ကျွန်တော်တို့မှာလဲ လက်နက်တွေရှိတာပဲ၊ တစ်ကောင် နှစ်ကောင်လောက် ပစ်လိုက်စမ်းပါ၊ ကြက်ပျောက် ငှက်ပျောက်တောင် ဖြစ်သွားဦးမယ်" သို့ ကျွန်တော်က ပြောလေသည်တွင် ရသေ့ဓမ္မပါလသည် ပြုံး၍ လာချေပြီး . . .

"ဘယ့်နှယ်ကွာ သူတို့အစာကိုလဲယူ၊ သူတို့ကိုလဲသတ်ဖြတ် ခြောက်လှန့်ဦးမယ်ဆိုတော့ မဟုတ်သေးပါဘူး ကိုပိုက်ရယ်၊ အေး. . နို့ကြောင့်လဲ ရသေ့ကြီးဘာသာ သွားလိုက်တာပေါ့၊ ရသေ့ရဲ့လက်နက်က ဘယ်အကောင်ကိုမှလဲ မထိခိုက်မနစ်နာဘူးလေ"

"ဘာလဲ ရသေ့ကြီးလက်ထဲက ကြေးစည်လေးနဲ့ သစ်သားထုတံလေးလား"

လှိုင်ညွန့်က မေးလိုက်၏။

ရသေ့ဓမ္မပါလသည် ခေါင်းကိုခါယမ်းလိုက်ပြီး လက်တွင်းရှိ ကြေးစည်နှင့် ထုတံလေးကို မြှောက်ပြလာကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကြေးစည်နဲ့ ဘုရိုက်တံလေးက ရသေ့ရဲ့မေတ္တာလက်နက်ကို ယူသွားပေးတာလေကွာ"

"ဗျာ"

"ဟင်, ဘယ်လို ဘယ်လို ရှင်းအောင်ပြောစမ်းပါ ရသေ့ကြီးရယ်၊ မေတ္တာလက်နက်ကို ဘယ်လို သယ်ဆောင်သွားတာလဲ"

ကျွန်တော့်က တအံ့တသြဖြင့် မေးလိုက်ပြန်၍ . . .

"ရသေ့ရွတ်လိုက်တဲ့ မေတ္တာသုတ်ဆုံးတာနဲ့ ဒီကြေးစည်လေးကို နောင်ဝေဝေရယ်လို့မြည်အောင် ထုခတ်လိုက်တော့ကာ သတ္တဝါတွေရဲ့ နားထဲကို မေတ္တာသုတ်တွေက ကြေးစည်သံလွင်လွင်လေးနဲ့အတူ ဝင်သွားပြီပေါ့ကွာ၊ သတ္တဝါတွေ ပီတိဖြစ်ကြတယ်ပေါ့၊ ရသေ့ပို့လွှတ်လိုက်တဲ့ မေတ္တာတွေက ရောင်ပြန်ဟပ်လာတယ်လေ၊ လိုသလောက် သစ်သီးတွေ ဆွပ်လာတော့ကာ မျောက်ကောင်တွေကလဲ မပြောပလောက်တဲ့ အရေအတွက်ဆိုတော့ ရသေ့ကို အန္တရာယ်မပေးကြတော့ဘူးပေါ့၊ အေး . . မင်းတို့သာ စောစောကပြောသလို လူသတ်လက်နက်နဲ့ မျောက်ကောင်တွေကို ပစ်ခတ်သတ်ဖြတ်လိုက်မယ်ဆိုလျှင် မယှဉ်နိုင်လို့သာ ထွက်ပြေးကြမယ် ကျေနပ်ကြမှာ မဟုတ်ဘူး၊ အဲလိုနည်းနဲ့ ရလာတဲ့ဝမ်းစာက မသဒ္ဒါရေစာလို့ခေါ်တယ်၊ ဆာလောင်မှု ပြေပျောက်တာပဲ ဖြစ်မယ် အရသာ ရှိမှာမဟုတ်ဘူး၊ ဖာသား ဖြစ်မှာမဟုတ်ဘူး၊ ကိုယ့်အာဟာရ အလို့ငှာ စားလိုက်တဲ့အစာက သန့်ရှင်းဖို့လိုတယ်လေ၊ သည်တော့ သန့်ရှင်းတဲ့အစာ ဘယ်လိုရှာမလဲ 'ဘယ်မှာရှာမလဲ"

သို့နှယ်ပြောရင်း ရသေ့ဓမ္မပါလက မေးလာသည်တွင် အဖြေလွယ်သည့် ထင်ရပေမင့် ခက်လေခြင်းကြောင့် အားလုံးဆွံ့အလို့နေကြတော့၏။

"အေး. . ကိုယ်ကလိုအပ်ပြီး စားချင်ပြီမဟုတ်လား၊ ကိုယ်လိုချင်တဲ့ အရေအတွက်နဲ့ မျှတတဲ့အလုပ်ကို လုပ်ပေးပေါ့၊ အဖိုးအခကိုပေးပေါ့၊ နို့မှမဟုတ် ကိုယလိုသလောက် တောင်းယူပေါ့၊ အေး . . အဲဒီလို အပေးအယူလုပ်တဲ့အခါ စေတနာဆိုတာ ပါကိုပါရမယ်၊ နို့ကြောင့်လဲ စေတနာကောင်းလျှင် ကံကောင်းတယ်လို့ဆိုကြတာပဲ မဟုတ်လား၊ သည်





တော့ တစ်ဖက်ကလဲ သူနိုင်သလောက် သဒ္ဒါသလောက် တွက်ပြီး ပေးလိမ့်မယ်၊ အဲဒီအခါဟာ ငါ့ရဲ့ပေးဆပ်မှုက များတယ် နည်းတယ် သူ့ဘက်ကပြန်လာတော့ နည်းလှချည်လား မတွက်ရဘူးလေ"

သို့ပြောရင်း ရသေ့ဓမ္မပါလသည် စကားကိုရပ်လိုက်ကာ ကျွန်တော်တို့ကို ပြုံးပြုံးကြီးကြည့်နေလေတော့၏။

ကျွန်တော်တို့ သဘောပေါက်သွားကြချေပြီ ဖြစ်သည်ကြောင့် ရသေ့ဓမ္မပါလကို ပြန်၍ပြုံးပြနေလိုက်ကြ၏။

သည်နောက် ကျွန်တော်က ငှက်ပျောသီးတစ်လုံးကို အခိုင်အဖီးမှ ဖြုတ်ယူစားလိုက်ရင်း မျောက်ကောင်ကိစ္စ၊ စေတီပျက်ကိစ္စနှင့် ဝင်းကျော်စိုးကို တွေ့လိုက်သည့်ကိစ္စကို ပြောလိုက်သည်တွင် အားလုံးက စိတ်ဝင်တစား ဖြစ်သွားကြသည့်ကြားမှ ရသေ့ဓမ္မပါလသည် . . .

"ဟာ, ဟုတ်ပြီ၊ နို့ဆိုလျှင်ဖြင့် ဝင်းကျော်စိုး စေတီပျက်ငံနေရာမယ် ပြန်ရောက်နေပြီပေါ့၊ ကဲ ကဲ, စားကြ၊ ပြီးလျှင်ဖြင့် ရသေ့ရဲ့နေရာကို သွားကြတာပေါ့၊ ရသေ့ ဝမ်းသာမိပါတယ် သည်အချိန်ကစလို့ ဒုက္ခသည်လေး အတိတ်ဝဋ်ကြွေးကံကြမ္မာက လွတ်ပြီပေါ့ကွယ်"

သို့ကြောင့် ပြီးသည်နှင့် ရသေ့ဓမ္မပါလသည် သူ့လက်တွင်းရှိ ကြေးစည်လေးကို နောင် . . . ဝေ . . . ဝေ . . . ဝေ ရယ်လို့ မြည်အောင် ထုခတ်လိုက်တော့၏။

ဩော်, ကျွန်ပော် ရောက်ခဲ့ တွေ့ခဲ့ရသည့် စေတီပျက်သည် ရသေ့အမိဋ္ဌာန်ဝင်နေသော စေတီပျက်ဖြစ်သည်ကို သိလိုက်ရသည်ကြောင့် ဝမ်းသာပီတိ ဖြစ်ရပြန်လေတော့၏။

ဘယ့်အတွက်မူ ထိုနေရာလေးတွင် ကျွန်တော် ညအိပ်စခန်းချလိုသည့် ဆန္ဒအာသီသ ပြည့်သွားလေပြီ ဖြစ်ခြင်းကြောင့်ပင်။

သည့်နောက် ကျွန်တော်တို့ကို ရသေ့ဓမ္မပါလကပင် ဦးဆောင်၍ ထိုနေရာလေးသို့ ခေါ်ဆောင်သွားလေတော့၏။

သို့ သွားသည်ဆိုရာ၌ ကျွန်တော်သွားခဲ့သော မြောင်လေးမှဖြတ်ကာ ကျောက်ခုတင်ကို ကျော်လွှားတက်ရလေသော လမ်းကြောင်းမှ သွားခြင်း မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီး ငှက်ပျောတောသို့ သွားရာလမ်းကြောင်းအတိုင်း သွားလေခြင်း ဖြစ်သည်။ ကြောတက် ကြောဆင်း အလျင်းမရှိ၊ ချုံနွယ်ပိတ်ပေါင်းတို့ ရှုပ်ထွေးလွန်းလှသော်လည်း တိုးဝှေ့သွားရခြင်း၊ လမ်းခုတ်ထွင်သွားရခြင်း အလျင်းမရှိ။ အမြဲသုံးနေကျ ဖြစ်ဟန်မတူသော လမ်းမြောင်ဟောင်းလေးမှ လျှောက်သွားလေခြင်းဖြစ်တော့၏။

သည်သို့ဖြင့် နာရီဝက်အချိန်ခန့် အကြာတွင် စေတီပျက်ရှိရာသို့ ရောက်ခဲ့ကြတော့၏။

သို့ ရောက်ခဲ့သည်ဆိုရာတွင် ကျွန်တော်ရောက်လာခဲ့ရသည့် လာလမ်းနှင့် ဆန့်ကျင်ဘက်အရပ်သို့ ရောက်ခဲ့ခြင်းသာဖြစ်၏။

ကျွန်တော် ရောက်ခဲ့သည့် စေတီပျက်ပင် ဟုတ်မှဟုတ်ပါလေစဟုထင်လိုက်မိ၏။ မြင်ကွင်း အနေအထားသည် ပြောင်းပြန်ကြီးဖြစ်နေသည်ကိုး။ အင်ကြင်းပင်ကြီးနှစ်ပင် တွေ့လိုက်၍သာ ယုံရလေခြင်းဖြစ်သည်။

"ကဲ, ကိုပိုက်တို့ နားနေကြချေဦး၊ ရသေ့ ဝင်းကျော်စိုးနေတဲ့နေရာသွားချေဦးမယ်"

သို့ ရသေ့ ပြောလေသည်ကြောင့် . . .

"ဝင်းကျော်စိုးက သည်ကညင်ပင်တစ်ပင်အောက်မှာ နေတာမဟုတ်ဘူးလား" လို့ ကျွန်တော်က တအံ့တသြ မေးလိုက်၏။

ရသေ့က ခေါင်းခါပြလေပြီး . . .

"သူက သာမန်လူသားတစ်ယောက်လေ အကာအရန်မဲ့ပြီး မြေကြီးပေါ်မှာလဲ အမြဲအိပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ သည်တော့ သူ့ကို ဝါးတဲတစ်လုံး ထိုးနေစေရတာပေါ့"

"ရသေ့ကြီးနဲ့ လိုက်ခဲ့လို့ရမလား"

ကျွန်တော့် အမေးကို ရသေ့ကြီးက ခေါင်းခါယမ်းပြပြီး . . .

"သူ လူစိမ်းတွေနဲ့ ယှဉ်ပါးချင်ဦးမှာ မဟုတ်ဘူး"

သို့ဆိုလျက် ရသေ့ဓမ္မပါလသည် ကျွန်တော့်ကို ထားရစ်ထွက်သွားလေတော့သည်။

"ဟင်"





ကျွန်တော်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး အင်ကြင်းပင်ကြီးအောက်သို့သွားလိုက်၏။

လှိုင်ညွှန့်တစ်ယောက်ပင်ပျင်းနေပုံရ၏။ အင်ကြင်းတစ်ပင်အောက်တွင် ခြေပစ်လက်ပစ်ထိုင်ကာ ပင်စည်ကို ကျောမှီအိပ်နေလေ၏။

လင်းမြင့်လှိုင်သည် စေတီပျက်ကြီးကို ဖုံးလွှမ်းနေသည့် ချုံပုတ်ပင်ကြီးကို လေ့လာနေလေ၏။

သို့ကြောင့် ကျွန်တော်သည် သူနားသို့ သွားလိုက်ကာ . . .

"ရသေ့ဓမ္မပါလကတော့ ကြုံကြုံဖန်ဖန် သည်မှာလာ တရားအားထုတ် ထိုင်ရတယ်လို့များ"

လို့ ပြောလိုက်၏။

"ပဋ္ဌာန်းဆက်ကြောင့်ပေါ့ဗျာ"

"သည်စေတီကြီးမပယ် ဦးရသေ့ အဓိဋ္ဌာန်ဝင်ပြီးလျှင် ပြန်လည်မြုပြင်ဦးမယ် ထင်သဗျ"

"ဒါ ဦးရသေ့လုပ်နေကျ အလုပ်ပဲဗျာ"

"နို့ဖြင့် နောင်လာမယ့် ကာလတစ်ခုခုမှာ ဒီတောတောင်ထဲမှာရှိနေကြတဲ့ တောရိုင်းတိရစ္ဆာန်တွေ အလယ်မှာ ရွှေရောင်တဝင်းဝင်း စေတီကြီးတစ်ဆူ ပေါ်လာဦးမှာပေါ့ဗျာ နော်"

"အဲဒါတင်ဘယ်ကမလဲ အတိတ်ကံအကျိုးကြောင့် ဒီဘဝမယ်သက်ရှိသတ္တဝါ ဖြစ်ခွင့်ရခဲ့ပေမင့် ဝဋ်ကြွေး ပါလေသေးတာကြောင့် တိရစ္ဆာန်တွေဖြစ်ခဲ့ရပေမင့် ဘုရားစေတီပုထိုးမယ် နေခွင့်ရတဲ့ တိရစ္ဆာန်တွေဆိုတော့ သာမန်တိရစ္ဆာန်တွေထက် သာသွားကြတာပေါ့ဗျာ၊ အနည်းငယ်တော့ဖြင့် လူမှုဆိုးတွေရဲ့ သတ်ဖြတ်ခံရခြင်းက လွတ်ပြီပေါ့၊ ကိုပိုက်ပဲပြောခဲ့တယ်မဟုတ်လား ကိုပိုက် ဒီရောက်ခဲ့တုန်းက မျောက်တစ်ကောင်ကိုပစ်မယ်အလုပ်မှာ ဝင်းကျော်စိုးကရောက်လာပြီး ဆရာတော် သတ်မှတ်ထားတဲ့ သာသနာ့နယ်မြေပေါ်မှာ သားကောင်ကို ပစ်သတ်ဖို့မပြောနဲ့ လူသတ်လက်နက် ကိုင်ဆောင်ခွင့်တောင်မရှိဘူး သတိပေးသံကြောင့် မပစ်မိတော့ဘူးဆိုဗျာ၊ အဲဒါပဲ ကြည့်ပေါ့ဗျာ ဘုရားတရားရဲ့ အကျိုးပေးပုံများ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပြောတာပေါ့ ကိုလင်းရယ်၊ လူ့ဘဝမယ် လူသားဖြစ်ရတာချင်းအတူတူ ဖွံ့ဖြိုးတဲ့နိုင်ငံကြီးမှာ နေရတဲ့သူနဲ့ မဖွံ့ဖြိုးတဲ့နိုင်ငံငယ်လေးတွေမှာနေရတဲ့သူ၊ အဲဒီအပြင် ဆင်းရဲမွဲတေတဲ့ နိုင်ငံငယ်လေးမှာ နေသူရယ်လို့ အတိတ်ကံအကျိုးပေးအရ လူဖြစ်ခဲ့ရကြရတာပဲဗျာ"

"သည့်ထက် တရားကျဖို့ရှိသေးဗျ ကိုပိုက်ရဲ့၊ အကောင်းစား ဇိမ်ခံကားကြီးပေါ်မှာ အငြိမ့်သားထိုင်လိုက်ပါသွားရတဲ့အပြင် သူဌေးတွေရဲ့ ဂရုတစိုက် ကြင်နာမှုခံရတဲ့ ခွေးတိရစ္ဆာန်ကောင်တွေလဲ ရှိသေးတယ်ဗျ"

"အင်း . . သက်ရှိတွေအားလုံးမယ် ကံကြမ္မာဝဋ်ကြွေးဆိုတာ အမြဲဒွန်တွဲနေပါကလားဗျာ"

"ကဲ, ကိုပိုက်ရေ ကျွန်တော်တို့ နားချဦးမယ်ဗျ"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် အင်ကြင်းပင်ကြီး အောက်သို့ ပြန်သွားလေသဖြင့် ကျွန်တော်သည်လည်း ထက်ကြပ်မကွာ လိုက်ခဲ့ပေတော့၏။

ကျွန်တော် အတော်ကလေး သဘောကျသွားရချေ၏။ သည်နေရာလေးသည် အင်မတန် အေးချမ်းသောနေရာလေးဖြစ်သည်။

ကျွန်တော်တို့ နားနေထိုင်နေကြသည်မှာ အချိန်အတော်ကြာခဲ့ချေပြီ၊ ရသေ့ကြီးလည်း ပြန်ရောက်မလာ၊

သို့ကြောင့် . . .

"ကိုလင်းရေ ကျွန်တော် တော့ ရသေ့ကြီးနောက် လိုက်သွားကြည့်ချင်တယ်ဗျာ" ဆိုလိုက်သည်တွင် လင်းမြင့်လှိုင်က . . .

"စိတ်မပူပါနဲ့ ကိုပိုက်ရယ် အချိန်တန်တော့ ပြန်လာမပေါ့၊ ကဲပါဗျာ ပျင်းလျင်လဲ ဟိုဘက်သွားကြစို့ လှေ့လာတာပေါ့ဗျာ"

သို့ ပြောရင်း နေရာမှထလာသဖြင့် သူနှင့်ကျွန်ုပ်တော်လည်း လှိုင်ညွန့်ကို တစ်ချက်ကြည့်လိုက်ပြီး ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

လှိုင်ညွန့်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေပြီဖြစ်သည်။ ဟောက်လို့ပင် နေသေးတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင် လျှောက်ခဲ့ကြသည်မှာ ကျောက်ခုတင်ရှိရာမြောင်ဘက် ဖြစ်ချေတော့၏။





"ကိုပိုက် ဒီနေရာကို ရောက်ခဲ့တယ်ဆိုတော့ ဒီမြောင်ဘက်က လာတာပေါ့"

"ဟုတ်တယ်"

"ဟာ, ဟိုဘက်ကြည့်စမ်း"

ကျွန်တော်တို့သည် ကျောက်ခုတင်အပေါ်ဘက် ရှိနေကြခြင်းကြောင့် မြောင်ကိုစီး၍ မြင်နေရခြင်းဖြစ်သည်။ တောင်ကြောပေါ်မှ မြောင်အတွင်း ဝံကောင်နှင့် ချေကောင်တို့ တွေ့ရလေခြင်းကြောင့် လင်းမြင့်လှိုင်က လှမ်းပြလေခြင်းဖြစ်၏။

လင်းမြင့်လှိုင် မပြခင်ကတည်းက ကျွန်တော် မြင်ပြီးသားဖြစ်သည်ကြောင့် အထွေအထူး တအံ့တဩ မဖြစ်မိပါချေ။

ဘာသို့တွက်မူ ဝံကောင်နှင့် ချေကောင်သည် တူတူယှဉ်တွဲကာ ချောင်းရေကို သောက်နေကြခြင်းကြောင့် ဖြစ်ချေ၏။

သို့ရှိနေစဉ် တောဝက်သိုးကြီးတစ်ကောင် မြောင်အောက်မှ တက်လာပြန်၏။

"ကွစ် . . . ကွစ် . . . ကွစ် . . . ကွစ်"

"ကွစ် . . . ကွစ်"

သို့ဖြစ်ပြား ဝံကောင်နှင့် ချေကောင်သည် တောဝက်သံကြောင့် တစ်ချက်သာ ခေါင်းငုံ့ကြည့်လိုက်ပြီး ခေါင်းပြန်စိုက် ရေပြန်သောက်နေကြပြန်တော့၏။

တောဝက်ကောင်သည် တကွစ်ကွစ်အော်ရင်း ချေကောင်နှင့် ဝံကောင်နား ရောက်လာတော့၏။

ဘုရားရေ ဘယ်လိုတွေဖြစ်ကုန်ပါလိမ့်၊ ကျွန်တော်ပင် မျက်စိအမြင်မှားလေခြင်းလား၊ သို့တည်းမဟုတ် အိပ်မက်နေခြင်းများလေလား။

"ဝေါင်း . . . ဂရောင်း . . . ဝေါင်း"

သို့ရှိစဉ် ဟင်းကောင်အသံကို သဲ့သဲ့ကြားရသည်ကြောင့် လင်းမြင့်လှိုင်ရော ကျွန်တော်ပါ ထိတ်လန့်သွားကြတော့၏။

"ကိုပိုက်ရေ ကြည့်နေ သည်နှစ်ကောင် တော်နေလစ်သွားကြတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင် ပြောသလို ဟင်းကောင်သံ မကြားလေသည်ကြောင့် လား၊ သူတို့ထံ ရောက်လာလိမ့်မည် မဟုတ်ဟူ၍ တွက်မိထားပေလို့လား မသိ၊ မြောင်းအတွင်း ရေသောက်နေသော ဝံကောင်နှင့် ချေကောင်သည် ရေသောက်မပျက်။ အိန္ဒြေမပျက် ရှိကြ၏။

"ဝေါင်း"

သို့ ကျယ်ကျယ်လောင်လောင်အသံ ကြားလိုက်ရသည်ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် ထိတ်လန့်လို့ပင် သွားမိတော့၏။

ဘုရားရေ သည်နား ရောက်လာလေပြီပဲ၊ သို့ကြောင့် လက်ဖွင်း ရှိသေနတ်ကို အရန်သင့် ပစ်ခတ်နိုင်ရန်အလို့ငှာ မောင်းတင်ထားလိုက် ပြီး ဝံကောင်နှင့် ချေကောင်တို့ကို ကြည့်လိုက်ပြန်၏။

အလိုလေးဗျာ ဟုတ်ရောဟုတ်သေးရဲ့လား မသိ။ မူလ ပုံစံအတိုင်း ရှိနေကြသေး၏။

"ကိုလင်း ကျွန်တော်တော့ သိပ်မသင်္ကာတော့ဘူးဗျာ"

သို့ ကျွန်တော်က ပြောလိုက်သည်ကို နားလည်လိုက်သော လင်းမြင့်လှိုင်က နံဘေးရှိ **ထင်းခြောက်ကိုင်းတစ်ခုမှ** တစ်တောင်ခန့် ကိုင်း ခြောက်တစ်ခုကို **ချိုးယူလိုက်လေပြီး** မြောင်းအတွင်း ရေသောက်နေကြ သော ဝံကောင်နှင့် ချေကောင်ထံ လှမ်းပစ်လိုက်တော့၏။

ခြောက်လှန့်ထုတ်လိုက်လေခြင်း ဖြစ်သည်။

အံ့ဖွယ်ပင် ကောင်းသေးတော့၏။ ချေကောင်နှင့် ဝံကောင်တို့သည် သူတို့နားကျသွားသော သစ်ခြောက်ကိုင်းကြောင့် နှစ်ကောင်သား ခေါင်း မတ်လာကြလေပြီး ဟိုဒီ ငဲ့စောင်းကြည့်လိုက်ကြတော့၏။

သို့ကြောင့် လင်းမြင့်လှိုင်သည် နောက်ထပ် ထင်းခြောက်တိုလေး ဖြင့် လှမ်းပစ်လိုက်ပြန်၏။

သည်တွင်တော့မှ ဝံကောင်နှင့် ချေကောင်သည် မြောင်းအတိုင်း ကဆုန်ပြေးဆင်းသွားကြတော့၏။

"ဝေါင်း . . . ဝေါင်း"

"ဟာ"

လင်းမြင့်လှိုင်လုပ်ရပ် အမှားကြီး မှားသွားပေပြီလား မသိ။





မြောင်းအတိုင်း ပြေးမစောနဲ့ဗျ နော်၊ သည်ကောင်တွေ ကြည့်ရတာ မြောင်းအောက်မှ အထ ့ကို ဒုက္ခပေးလာမယ့်ပုံ မမြင်သေးဘူးဗျ" တိုးသွားပေသည် လား ဆန္ဒစော ပစ်ခတ်လိမ့်မည်ရယ်လို့ ကျွန်တော့်

သူတို့ သို့ဖြစ်ရန် သာ လင်းမြင့်လှိုင်က သို့နှယ် သတိပေးပြောလာ သည်ကြောင့် စိတ်မ

"ကိုပိုက်ရယ် လင်းရဲ့"

ဖြစ်သွားပြီ၊ ကျွန်တော ဆိုလျှင်ဖြင့် ကျွန်တော်က ဟင်းကောင်ကို ဟန့်တား

သို့ဆိုသလို ကောင်ကို ဟန့်တားချေဗျ နော်"

တော့၏။ ထိတ် စောင့်မျှော်နေရင်းကြားမှ ရသေ့ဓမ္မပါလာသည်

"သည်လိုလဲ င်နှင့် ချေကောင်တို့နား ရောက်လာချေတော့၏။

သို့ ကျွန်တော်က စရာ သည်တစ်လမ်းသာရှိ၏။ ထိုသည်မြောင်

"ဂါး ဂရား . . . ဂူး . . သည်း ကျဉ်းလွန်းလှသည့်မြင် ရေအိုင်ရှိ

"ပီးလ် . . . ပီးလ် . . . ပဲး င် ဖြစ်တော့၏။

"ဟာ" း။

"ဟင်"

ဝံကောင်နှင့် ချေကောင် မြောင်းအတိုင်း ပြန်ဝ ဒိတော့၏။ ဝပ်တွား

ကျွန်တော်တို့စိတ်ထင် သူတို့ ဟင်းကောင်နှင့် ထိပ်တုိ လာ၏။ ဒုက္ခဖြစ်ကြပြီထင်ထားတာ၊ ခုတော့ အေးအေးလူလူ ပြန်လှည့်လာကြပါက လား၊ သူတို့ ရေးကြီးသုတ်ပြာ ထိတ်လန့်တကြား ပြန်တက်လာကြခြင်း မဟုတ်။

သို့ဆိုပါလျှင် ဟင်းကောင်သည် မြောင်း**အတိုင်း** **ဆန်တက်**လာခြင်း မဟုတ်၍ ဖြစ်မည်။ သူတို့နှင့် ထိပ်တိုက်မဆုံ၍ **ဖြစ်မည်။**

"ဝေါင်း . . . ဝေါင်း"

အလိုလေးဗျာ၊ ကျွန်တော့် ထင်မြင်ချက် လုံးဝ လွဲမှားသွားပါ ကလား။ ဟင်းကောင်သည် သူတို့နောက်မှ ပါလာသည်ပဲ။

သို့ မြင်ကွင်းသည် သဘာဝမကျနိုင်ချေ။

ကျွန်တော်သည် ဟင်းကောင်ကို မျက်ဝါးထင်ထင် မြင်လိုက် သည်ကြောင့် သွေးပျက်မတတ် ကြောက်လန့်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင် ပြောသလို ဟင်းကောင်သံ ကွဲရှာလာမည် စိုးရိမ်စိတ် လား သူတို့ထံ ရောက်လာလိမ့်မည် မဟုတ်ဟူ၍ လက်တွင်းရှိသေနတ်ဖြင့် မသိ၊ မြောင်အတွင်း ရေသောက်နေသော ဝံဂေ ရေသောက်မပျက်။ အိန္ဒြေမပျက် ရှိကြ၏။ ဉ်ဟင်းကောင်သည်လည်း

"ဝေါင်း"

သာက်နေလေတော့၏။

သို့ ကျယ်ကျယ်လောင်လောင်အသံ ကြားင် ရှိလိမ့်မည်မဟုတ်။ ကျွန်တော်နှင့် လင်းမြင့်လှိုင် ထိတ်လန့်လို့ပင် သွားရမှန်း တွက်ယူရခန်း

ဘုရားရေ သည်နား ရောက်လာလေပြီပဲ၊ ဒ

ရှိသေနတ်ကို အရန်သင့် ပစ်ခတ်နိုင်ရန်အလို့ငှာ ကျေ်ရင်း မြောင်တွင်းကို ပြီး ဝံကောင်နှင့် ချေကောင်တို့ကို ကြည့်လိုက်ပြန်

အလိုလေးဗျာ ဟုတ်ရောဟုတ်သေးရဲ့လာ"

မှိုနေကြသေး၏။

လေးကို ကြားလိုက်သည်ကြောင့်

"ကိုလင်း ကျွန်တော်တော့သည်။

သို့ ကျွန်တော်က ပြေ မြောင်လေးအောက်ဘက်မှ ဖြစ်နေပြန် မြင့်လှိုင်က နံဘေးရှိ ၄း ဝင်သွားရပြန်၏။

ခြောက်တစ်ခုကို ရေ၊ ဒုက္ခပါပဲကလား၊ ရသေ့ဓမ္မပါလသည် နတ်ချစ်ဂါထာ သော ဝံဂေ ရွတ်ဖတ်ရင်း မျက်လွှာချ လျှောက်လှမ်းလာနေ၏။

ဟင်းကောင်နှင့် ဝံကောင်၊ ချေကောင်တို့သည် ရေအိုင်နားတွင် ရှိနေကြဆဲ။ သူတို့သည်လည်း ရသေ့ဓမ္မပါလ လျှောက်လှမ်းလာနေ သည်ကို မြင်သိကြဟန်မတူ။ ဟင်းကောင်ဆိုပါလျှင် အိုင်နံဘေးမှာပင် တစောင်းလှဲလို့ နေလိုက်သေးတော့၏။

ဝံကောင်နှင့် ချေကောင်ကလည်း တစ်ကောင်နှင့်တစ်ကောင် ရန် ငြိုးမမည်သော ချစ်စနိုး တွန်းထိုးဆော့ကစားလို့ နေကြ၏။ အကယ်၍များ ရသေ့ဓမ္မပါလ သူတို့နားရောက်လာပါလျှင် သူတို့မြင်သွားပါလျှင် လန့် ဖျပ်သွား၍သော်လည်းကောင်း၊ နေရင်း ရန်လို၍သော်လည်းကောင်း တိုးတိုက် တိုက်ခိုက်သွားမည် စိုးမိသည်ကြောင့် ကျွန်တော်နှင့် လင်းမြင့် လှိုင်သည် လက်တွင်းရှိ သေနတ်ကိုယ်စီဖြင့် အရန်သင့် ပစ်ခတ်နိုင်ရန် အလို့ငှာ ချိန်ရွယ်ထားလိုက်ကြ၏။





"ကိုပိုက်ရေ ဆန္ဒမစောနဲ့ဗျ နော်၊ သည်ကောင်တွေ ကြည့်ရတာ ခုချိန်ထိတော့ ဘရသေ့ကို ဒုက္ခပေးလာမယ့်ပုံ မမြင်သေးဘူးဗျ"

စိုးရိမ်စိတ်ဖြင့် ဆန္ဒစော ပစ်ခတ်လိမ့်မည်ရယ်လို့ ကျွန်တော့် အပေါ် ထင်ထားမိသော လင်းမြင့်လှိုင်က သို့နှယ် သတိပေးပြောလာ ချေတော့သည်။

"အင်းပါ ကိုလင်းရဲ့"

"ဖြစ်လာမယ်ဆိုလျှင်ဖြင့် ကျွန်တော်က ဟင်းကောင်ကို ဟန့်တား မယ်၊ ကိုပိုက်က ဝံကောင်ကို ဟန့်တားချေဗျ နော်"

ရင်တထိတ်ထိတ် စောင့်မျှော်နေရင်းကြားမှ ရသေ့ဓမ္မပါလသည် ဟင်းကောင်၊ ဝံကောင်နှင့် ချေကောင်တို့နား ရောက်လာချေတော့၏။ ရသေ့ လျှောက်လှမ်းလာစရာ သည်တစ်လမ်းသာရှိ၏။ ထိုသည်မြောင် လမ်းကလေး တစ်လမ်းသည်လည်း ကျဉ်းလွန်းလှသည့်ပြင် ရေအိုင်ရှိ နေခြင်းကြောင့် မြောင်လမ်းပိတ်လုပင် ဖြစ်တော့၏။

ဘုရား . . . ဘုရား . . . ဘုရား။

"ဟာ"

ကျွန်တော် လုံးလုံးလျားလျားကြီး တုန်လှုပ်သွားမိတော့၏။ ဝပ်တွား လဲလျောင်းနေသော ဟင်းကောင်သည် ရုတ်ချည်းဆိုသလို ထလာ၏။ ဝံကောင်သည်လည်း လေးဘက်တွားလျက်မှ မတ်ရပ်ထလာတော့၏။

"ကိုလင်း ပစ်ချေတော့ဗျာ" သို့ ဆိုသလို ပြောလည်းပြော မောင်း ထိန်းခလုတ်ကိုလည်း ဆွဲ ညှစ်လိုက်တော့သည်။

"ချောက်"

"ချောက်"

ဟင်, ဘယ်လိုဖြစ်ရတာလဲ၊ အရေးထဲ သေနတ်က ကျည်မထွက်။ သို့ကြောင့် ရသေ့ဓမ္မပါလကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်၏။

"ဟာ"

အံ့ဖွယ်ပါကလား၊ ရသေ့ဓမ္မပါလသည် ဂါထာရွတ်မပျက်၊ မျက် လွှာချလို့သာ ဟင်းကောင်၊ ဝံကောင်နှင့် ချေကောင်တို့ နံဘေးမှကပ်၍ ရှောင်ကွင်းလျှောက်လှမ်းလာနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဓမ္မပါလ သူတို့နား မှ ကျော်လာချေပြီး ကျောက်ခုတင်ပေါ်သို့ ကိုယ်နေဟန်မပျက်ထွက်၍ ရောက်လာသလို ဟင်းကောင်၊ ဝံကောင်နှင့် ချေကောင်တို့သည်လည်း တစ်ကောင်ချင်းဆိုသလို မြောင်ကိုစုန်၍ထွက်သွားကြတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင် မြင်လိုက်ရသည့် ထူးဆန်းအံ့ဩဖွယ် မြင်ကွင်းကြောင့် မှင်တက်မိနေစဉ်မှာပင် . . .

"နောင် . . . ဝေ . . . ဝေ . . . ဝေ" ရယ်လို့ ကြေးစည်သံ လွင်လွင်လေး ပေါ်ထွက်လာလေမှ ရသေ့ဓမ္မပါလ ကျွန်တော်တို့နား ရောက်လာလေပြီကို သတိပြုမိချေတော့သည်။

"ရသေ့ကြီးရယ် ဟင်းကောင် ဝံကောင်တွေနား ဖြတ်လျှောက်လာတာ မကြောက်ပေဘူးလား"

သို့ဆိုသလို ကျွန်တော်က မေးလိုက်၏။

"ကြောက်တယ် မကြောက်ဘူးဆိုတာတော့ မသိပေဘူးပေါ့။ ကိုပိုက် ပြောသလို တစ်ခါဖူးမျှ ထိပ်တိုက်တွေ့တာ မရှိဘူးလေ"

"ဗျာ"

"ဘုရားရေ့ စောက ရသေ့ကြီးပဲ ဟင်းကောင်, ဝံကောင်, ချေကောင်တွေနားက ဖြတ်လျှောက်ခဲ့တာလေ"

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် . . .

"ဟော, ရသေ့ သတိမထားမိပါဘူး၊ ဟုတ်ချင်လဲ ဟုတ်မှာပါ၊ သူတို့က ရသေ့ကို မမြင်ကြလို့ဖြစ်မပေါ့"

ခက်ချေပြီရော၊ ဘယ်လိုရသေ့ပါလိမ့်၊ ကျွန်တော်တို့ နှစ်ယောက်စလုံး အသေအချာ မြင်လိုက်ကြတာပဲ။

"တကယ် ပြောတာလား ရသေ့ကြီးရယ်"

"ရသေ့ ကံငါးပါးလုံပါတယ်၊ အေး. . တစ်ခုတော့ရှိတယ်၊ ရသေ့လေ သားရဲကောင်တို့ရဲ့အနံ့တော့ ရှူမိလိုက်သား၊ ဘာလဲ ကိုပိုက်တို့က မြင်လိုက် သိလိုက်လို့လား"သို့ ရသေ့က မေးလေသည်ကြောင့် . . .

"မြင်တာပေါ့၊ မြင်လို့လဲ ထိတ်လန့်တကြားဖြစ်ပြီး သေနတ်နဲ့တောင် လှမ်းပစ်ဟန့်တားလိုက်ကြသေးတယ်"





လို့ ပြောလိုက်သည်တွင် ရသေ့ဓမ္မပါလသည် မျက်ခုံးပင့်၍ တအံ့တဩ မော်ကြည့်လာကာ . . .

"မကြားဘူး၊ မသိဘူး" လို့ ပြောလာ၏။

"သေနတ်သံ ဘယ်ကြားပါ့မလဲ၊ ကျွန်တော်တို့ သေနတ်တွေ နှစ်လက်စလုံး ကျည်မထွက်ဘူး ဂျမ်းဖြစ်နေတယ်"

"ဟော"

သည့်နောက် ကျွန်တော်သည် ဟင်းကောင်နှင့် ဝံကောင်၊ ချေကောင်တို့ ရေအိုင်လေးသို့ ရောက်လာကြပုံ၊ တစ်ကောင်နှင့် တစ်ကောင် ရန်ဆောင်ခြင်း ရန်ပြုခြင်းမရှိကြပုံ တွေ့ရလေသဖြင့် ကျွန်တော်တို့ နှစ်ယောက် အံ့ဩနေမိကြပုံတို့ကို ပြန်ပြောပြလိုက်သည်တွင် . . .

"သည်ပတ်ဝန်းကျင်မယ် သားရဲကောင်မပြောနဲ့ သားကောင်ငယ်တောင်မှ ရသေ့ မြင်ခဲ့ဖူးခြင်းမရှိပါဘူး၊ အဲ, တိတ်ဆိတ်တဲ့ညချမ်းအခါတွေမတော့ ခပ်ဝေးဝေးကလာတဲ့ သားကောင်၊ သားရဲကောင်တွေ အသံတွေသာ သဲ့သဲ့ကြားဖူးတာပါ" လို့ ပြောလာသည်ကြောင့် အံ့ဩရပြန်၏။

"နို့ဖြင့် ရသေ့ကြီး ဝင်းကျော်စိုးကို မတွေ့ခဲ့လေဘူးလား"

သို့ဆိုသလို ကျွန်တော်က မေးလိုက်၏။

"တွေ့ပါတယ်"

"ဟင်, နို့ဖြင့် ဘာလို့ ရသေ့ကြီးနဲ့ ပါမလာတာလဲ၊ သူရှိမယ့်နေရာ လိုက်သွားပြီး သွားခေါ်တာ မဟုတ်လား"

လင်းမြင့်လှိုင်က မေးပြန်၏။

"ကိုပိုက်တို့စားဖို့သစ်သီးတွေခူးပြီး လာပါလိမ့်မယ်၊ ကဲ, လာကြလာကြ အင်ကြင်းပင်ကြီးအောက် သွားကြစို့"

သည်သို့ဖြင့် ကျွန်တော်တို့သည် ရသေ့ဓမ္မပါလနှင့်အတူ အင်ကြင်းပင်ကြီးအောက် ရောက်ခဲ့ကြတော့၏။

လှိုင်ညွန့်တစ်ယောက် သစ်ပင်ကိုကျောမှီ၍ အိပ်ပျော်နေလေ၏။

အင်ကြင်းပင်ကြီး အခြေတွင် ထိုင်လိုက်ကြပြီးသည်တွင် ရသေ့ ထွက်သွားသော အရပ်ဘက်ဆီမှ ဝင်းကျော်စိုးတစ်ယောက် ငှက်ပျော တစ်ခိုင်ထမ်း၍ လျှောက်လာလေသည်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အိပ်ပျော်နေသော လှိုင်ညွှန့်ကို ကြည့်လိုက်၏။ သို့အချိန်မှာပင် လှိုင်ညွှန့်သည် အိပ်ရာမှနိုးလာချေတော့၏။

သို့ကြောင့် ကျွန်တော်သည် ပြုံးပြလိုက်ပြီး ဝင်းကျော်စိုးလာရာ လမ်းဘက် မျက်နှာလွှဲကြည့်လိုက်သည်တွင် လှိုင်ညွှန့်သည်လည်း လိုက်ငါကြည့်လေသည်တွင် ဝင်းကျော်စိုးကိုတွေ့လိုက်သည်၌ မျက်စိမျက်နှာပျက်သွားသည့်ပြင် အသားတို့ တဆတ်ဆတ်တုန်နေချေတော့၏။

လှိုင်ညွှန့်သည် ဝင်းကျော်စိုးကို ကြည့်လိုက်၊ ကျွန်တော်တို့ကို ကြည့်လိုက်နှင့် ဂဏာမငြိမ် ဖြစ်နေလေတော့၏။ ဝင်းကျော်စိုးသည် ငှက်ပျောခိုင်ကို ထမ်းလာလျက်မှ လှိုင်ညွှန့်အားလည်းကောင်း၊ ကျွန်တော်တို့နှစ်ယောက်အားလည်းကောင်း မှုန်ကုပ်ကုပ်ဖြင့် ကြည့်နေလေတော့၏။

လှိုင်ညွှန့်တစ်ယောက် ဝင်းကျော်စိုး၏ အကြည့်ကို ရင်မဆိုင်ရဲလေတော့သဖြင့် မျက်နှာငယ်လေးဖြင့် မျက်လွှာချသွားလေတော့သည်။

သည်တွင် ဝင်းကျော်စိုး၏ အကြည့်သည်လည်း ကျွန်တော်နှင့် လင်းမြင့်လှိုင်ဆီသို့သာ တစိုက်မတ်မတ် ကြည့်လာလေတော့၏။ အနားရောက်လာသည်တွင် ကျွန်တော်က ပြုံးပြလိုက်သည်။

ဘယ်လိုကြီးပါလိမ့်၊ သိကျွမ်းဟောင်းတစ်ယောက် မဟုတ်သူက ရယ်ပြလာခြင်းကို အလိုက်အထိုက် ပြန်ရယ်ပြလေခြင်းသာ ရှိချေ၏။ လှိုင်ညွှန့်နှင့် အတူတူရှိနေခြင်းကြောင့် ကျွန်တော်တို့ကိုပင် အမြင်မကြည်လေသည့် သဘောများလား။

"ဘရသေ့ ဒီမယ် ကျုပ်သွားတော့မယ်"

ဝင်းကျော်စိုးသည် သူထမ်းပိုးလာသည့် ငှက်ပျောခိုင်ကို ရသေ့ဓမ္မပါလရှေ့တွင် ချလိုက်လေပြီး သို့နှယ်ပြောကာ လှည့်ထွက်သွားမည်အပြုတွင် . . .

"နေဦး ဒကာလေး ရသေ့ ပြောစရာရှိသေးတယ်" လို့ ရသေ့ဓမ္မပါလက ပြောလိုက်သည်တွင် ဝင်းကျော်စိုးသည် မှုန်ကုပ်ကုပ် မျက်နှာလေးဖြင့် ရသေ့အနားတွင် ပုဆစ်တုပ်ထိုင်လိုက်တော့၏။

"ဒါ ရသေ့ရဲ့မိတ်ဆွေပဲ၊ ဟိုက သွားတက်လေးနဲ့ ရယ်နေတဲ့သူက လင်းမြင့်လှိုင်၊ သည်ဘက်တစ်ယောက်က ကိုပိုက်"





ရသေ့က သို့ မိတ်ဆက်ပေးလေသည်ကြောင့် ကျွန်တော်တို့ သိပြီးနှင့်သူတွေပါဆိုလျက် ကျွန်တော်ကပြောပြီး ဝင်းကျော်စိုး ပြုံးပြလိုက်၏။

"ဪ . . . ဟုတ်"

သို့သာ ဝင်းကျော်စိုးက ပြောလေသဖြင့် ကျွန်တော် သူ့ကို ဒေါသဖြစ်မိတော့၏။ ကိုယ်က သူ့လိုလူတစ်ယောက်ကို အရေးလုပ်ပြောဆိုတရင်းတနှီး ရယ်ပြပေမင့် သူက မသိသလို မကျေနပ်သလို နေလေခြင်းကြောင့် ဒေါသစိတ်ဖြစ်မိတော့၏။

သို့ကြောင့်လည်း လင်းမြင့်လှိုင်က သူ့ကို ရှုတည်တည်လုပ် ခေါင်းညိတ်ပြရုံသာ ဖြစ်ချေ၏။

လှိုင်ညွှန့် တစ်ယောက်ကတော့ဖြင့်မူ ခေါင်းငုံ့ထားသည့်ကြားမှ ဝင်းကျော်စိုးကို မဝံ့မရဲ ခိုး၍ကြည့်နေရှာတော့၏။

သူ့တွင် အပြစ်ရှိ၍ ကြောက်ရွံ့နေခြင်း ဖြစ်တော့သည်။

"ဟိုရှေ့က ဒကာတစ်ယောက်ကိုတော့ ဒကာ သိမှာပေါ့"

သို့ဆိုသလို ရသေ့ဓမ္မပါလ၏ စကားကြောင့် လှိုင်ညွှန့် တစ်ယောက် ပို၍တုန်လှုပ်သွားဟော့၏။

ကျွန်တော်သည် ဝင်းကျော်စိုးတစ်ယောက် လှိုင်ညွှန့်ကို ဘယ်လိုဆက်ဆံလာလေမည်နည်း သိလိုလှသည်ကြောင့် စိတ်ဝင်တစားကြည့်လိုက်မိ၏။ ဝင်းကျော်စိုးသည် လှိုင်ညွှန့်ကို စေ့စေ့ကြည့်လေပြီး ရသေ့ဘက်လှည့်ကာ ခေါင်းခါပြလေတော့၏။

"ဟင်"

မသိဘူးဆိုပါကလား၊ မဖြစ်နိုင်တာချည်း။ လက်တုံ့ပြန်လိုသည်ကြောင့် မသိယောင်ဆောင်နေခြင်းများလား။

သူ့အဖြေကြောင့် လှိုင်ညွှန့်သည်ပင် အံ့ဩတကြီးဖြစ်ကာ ဝင်းကျော်စိုးကို မော့ကြည့်လာတော့၏။ ဝင်းကျော်စိုးတစ်ယောက် ဘာတွေအကောက်ကြံလို၍ ဖြစ်သည်။ ကျွန်တော်နှင့် လင်းမြင့်လှိုင်ကိုပင်မဟုတ်။ သူ့ကိုသတ်ဖြတ်ရန်ကြံခဲ့သူ သူ့ရန်သူကိုပင် လုံးဝမသိပါဆိုသည့်သဘော လုပ်နေခြင်းကြောင့် အံ့ဩမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဓမ္မပါလတစ်ယောက် ကျွန်တော်တို့ ဝင်းကျော်စိုးအပေါ် သံသယဖြစ်နေပုံကို ရိပ်မိပုံရချေ၏။

သို့ကြောင့် . . .

"ကဲ, ဒကာလေး မင်း ဖိုးသူတော်လုပ်ပြီး ရသေ့နားမှာပဲ နေမယ် မဟုတ်လား"

သည်တွင် ဝင်းကျော်စိုးသည် လွန်မင်းစွာပျော်သွားပုံရပြီး ရသေ့ဓမ္မပါလကို အားပါးတရပြုံးပြကာ ဦးချကန်တော့လေတော့၏။

ကျွန်တော်တို့ လုံးဝနားမလည်နိုင်ပါကလား။

ရသေ့ဓမ္မပါလသည် ကျွန်တော်တို့ဘက် လှည့်ကြည့်ပြုံးပြလေပြီး-

"ကဲ, ဒီဒကာလေးကို ရသေ့ ကိုပိုက်တို့ရှေ့မှာပဲ ကတုံးတုံးပေးလိုက်တော့မယ်၊ ပြီးတော့ သူ့ကို ဖိုးသူတော်အသွင် ပြောင်းပေးလိုက်မယ်"

ရသေ့ဓမ္မပါလ၏လုပ်ရပ်ကို ဘာမှန်းမသိပေမင့် ခေါင်းညိတ်ပြမိတော့၏။

"လာ မင်းက သူ့ဆံကို ခံချေ"

ရသေ့ဓမ္မပါလက လှိုင်ညွှန့်ကို သို့ပြောလိုက်သည်ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝေခွဲမရမျက်နှာဖြင့် ရသေ့ဓမ္မပါလကို ကြည့်လိုက်ကြသလို လှိုင်ညွှန့်သည် အံ့ဩတကြီးဖြစ်နေရာမှ ရသေ့ဓမ္မပါလကို ခေါင်းညိတ်ပြပြီး အနားသို့ တိုးကပ်သွားလေတော့၏။

"ဟော, ဟိုရှေ့ကမြောင်လေးထဲမယ် ငှက်ပျောပင်ရှိတယ်၊ ငှက်ပျောရွက်ကြီးကြီးတစ်ရွက် သွားခုတ်လာချေ"

သို့ပြောလေသည့်အတိုင်း လှိုင်ညွှန့်က ထိုင်ရာမှထသွားမည် အလုပ်တွင် . . .

"နေ နေ ကျွန်တော်ပဲ သွားခုတ်ယူခဲ့မယ် ရသေ့ကြီး" ဆိုလျက် ကျွန်တော်သည် နေရာမှ လှစ်ခနဲ ထသွားလိုက်တော့၏။

လှိုင်ညွှန့်တစ်ယောက် ကျွန်တော်တို့ အလစ်အငိုက်တွင် ထွက်ပြေးသွားမည်စိုး၍ ဖြစ်ချေတော့၏။

ကျွန်တော်သည် ခပ်သွက်သွက်ပင်သွား၍ ငှက်ပျောအရွက်ဖားဖားကြီးတစ်ရွက်ကို ယူပြန်လာခဲ့တော့၏။





ရသေ့ ဓမ္မပါလက ကျွန်တော်တို့အား ဝင်းကျော်စိုး ယူလာသော ငှက်ပျောသီးကို စားနိုင်သလောက် စားစေတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့၏ နံနက်စာသည် အဆင်ပြေသွားချေတော့၏။

"ကဲ, ဒီဒကာလေးကို ဆံချတော့မယ်၊ ဆံခံချေ"

စားသောက်ပြီး အတန်ကြာတွင် ရသေ့ဓမ္မပါလက သို့ပြောလာလေသဖြင့် လှိုင်ညွှန့်သည် ငှက်ပျောရွက်ကိုကိုင်၍ ဆောင့်ကြောင့်ထိုင် ခေါင်းငုံ့နေသော ဝင်းကျော်စိုးရှေ့တွင် မျက်နှာချင်းဆိုင် သွားထိုင်လိုက်လေသည်ကြောင့် ကျွန်တော်သည်လည်း လှိုင်ညွှန့်ကိုကူညီရန် အနားသို့ သွားလိုက်သည်တွင် . . .

"ကိုပိုက် မလိုအပ်ပါဘူး သူတစ်ယောက်တည်း ဆံခံပါစေ၊ ဘာလို့လဲဆိုတော့ သူက ဒီဒကာလေးကို သေမင်းနိုင်ငံ ပို့ဖူးတယ်လေ၊ ခု သူ့ကို နိဗ္ဗာန်ရောက်စေဖို့ ဦးတည်နေတဲ့အခါ လှိုင်ညွှန့်ကို ဒီဒကာလေးရဲ့ ပါရမီဖြည့်ဖက် ဖြစ်စေချင်လို့ပါ"

သို့ ရသေ့ဓမ္မပါလက ပြောလေသည်ကြောင့် ကျွန်တော် သဘောပေါက် နားလည်သွားခြင်းကြောင့် ပီတိ ဖြစ်မိတော့၏။

လှိုင်ညွှန့်တစ်ယောက်ကတော့မှ မှုက်စိမျက်နှာပျက် ကြောက်လန့်နေတော့၏။

"ကဲ, ဆံချပြီ"

ဆိုလျက် ရသေ့ဓမ္မပါလသည် သင်တုန်းဓားဖြင့် ဝင်းကျော်စိုး၏ ဦးခေါင်းထက်မှ ဆံပင်တို့ကို စတင်ရိတ်ပေးလေတော့၏။

သူ့ခေါင်းမှ ကျလာသော ဆံပင်စတို့ကို လှိုင်ညွှန့်သည် မြေသို့ မကျစေရန် ဖက်ဖြင့်ခံယူလေတော့၏။

ရသေ့ဓမ္မပါလသည် ပါးစပ်မှ တိုးညင်းစွာ ဂါထာတို့ကို ရွတ်ဖတ်နေရင်း ဝင်းကျော်စိုးအား ဆံချပေးနေလေတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ပရိတ်သတ် ဖြစ်ချေတော့၏။

ကတုံး တုံးပေးသည့်ကိစ္စ ပြီးသည်တွင် . . .

"ကဲ, ဒကာလေး မင်းရဲ့ နောက်စေ့ဘက်ကို သူတို့ လှည့်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချေ" လို့ ရသေ့မမ္ဗပါလက ပြောလေသည့်အတိုင်း ဝင်းကျော်စိုးသည် ကျွန်တော်တို့ မြင်သာအောင် သူ၏ဦးခေါင်း နောက်စေ့ဘက်သို့ လှည့်ပြလာချေတော့သည်။

"ဟင်"

"ဟာ"

ဝင်းကျော်စိုး၏ နောက်စေ့တွင် လွန်စွာမှကြီးမားလှသော ဒဏ်ရာ အမာရွတ်ကြီး ရှိနေပါကလား။

လှိုင်ညွှန့် ဆိုပါလျှင် တုန်လှုပ်ချောက်ချားလို့ပင် သွားသေးတော့၏။ ဒီဒဏ်ရာသည် တစ်ချိန်က လှိုင်ညွှန့်ပေးခဲ့သော ဒဏ်ရာဖြစ်ချိမ့်မည်။

"ကဲ, အားလုံး မြင်ပြီလား၊ ဘယ်လိုလဲ လှိုင်ညွှန့်၊ အဲဒါ ဘယ်သူ လုပ်တာလဲ"

သို့ဆိုသလို ရသေ့မမ္ဗပါလက မေးလေသည်တွင် လှိုင်ညွှန့် တစ်ယောက် ချွေးသီးချွေးပေါက်ပင် ထွက်လာချေတော့၏။

ရသေ့ အမေးကို ပြောမထွက်၊ သူ၏ နှုတ်ခမ်းသည် တဆတ်ဆတ် တုန်နေတော့၏။

"လှိုင်ညွှန့် အဲဒါ မင်း သူ့ကိုငရဲသွားဖို့ပေးလိုက်တဲ့ လက်မှတ်လေ"

သို့ ရသေ့မမ္ဗပါလက ပြောလေသည်ကြောင့် လှိုင်ညွှန့်တစ်ယောက် မျက်နှာတင်မဟုတ်၊ တစ်ကိုယ်လုံး မည်းသွားသည်လား ထင်ရ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် လှိုင်ညွှန့်ကို စက်ဆုပ်ရွံရှာသော အကြည့်ဖြင့် ကြည့်နေလိုက်ကြတော့၏။

"ကဲ, မင်းက သူ့ကို ငရဲပို့ပေမင့် သူက မသွားချင်တာလေ၊ အဲ, ခု ရသေ့ သူ့ကို နိဗ္ဗာန်ပို့ဖို့လုပ်တဲ့အခါ မင်းက ပါရမီဖြည့်ဖက် လုပ်ပေးတော့ကာ မင်းပြုလုပ်ခဲ့တဲ့ အပြစ်အတွက် သည်ဘဝမယ် မခံစားရတော့ဘူးပေါ့၊ အဲ, နို့ပေမင့် နောင် တမလွန်ဘဝမှာတော့ ပြန်ပေးဆပ်ရမှာနော် ဟုတ်လား"

လှိုင်ညွှန့်သည် ရသေ့မမ္ဗပါလကို မော်ကြည့် ခေါင်းညိတ်ပြလာချေတော့၏။





သည်တွင် ရသေ့မမ္ဗပါလက လှိုင်ညွှန့်ကို ပြုံး၍ကြည့်လေပြီး ကျွန်တော်နှင့် လင်းမြင့်လှိုင်ဘက်သို့လည်း တစ်ချက်ဝေ့ကြည့်လိုက်ကာ. . .

"ဒီဒကာလေး ဘယ်လို ငရဲ မသွားဖြစ်သလဲဆိုတာ ရသေ့ပြောပြချင်တယ်" ဆိုလျက် ပြောလာခြင်းကြောင့် ကျွန်တော်တို့ သုံးယောက်သည် စိတ်ဝင်တစား နားစွင့်နေလိုက်ကြတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



"နောင် . . . ဝေ . . . ဝေ . . . ဝေ"

ကြေးစည်သံ လွင်လွင်လေးကြောင့် ချုံနွယ်ပင်အတွင်းမှ ယုန်ညိုကြီး တစ်ကောင်သည် ခေါင်းပြူထွက်လာကာ မျက်လုံးအပြူးသားဖြင့် လမ်းမြောင်ကလေးကို စူးစမ်းကြည့်နေလေ၏။

"ချက် . . . ချက် . . . ချက် . . . ချလပ် . . . ချတ်ချလပ်"

သို့နှယ် သစ်ရွက်ခြောက်များ နင်းလျှောက်သံကို နားစိုက်ထောင်နေရလေခြင်းကြောင့်လားတော့ မသိ၊ ယုန်ညိုကြီး၏ နားရွက်သည် ထောင်လို့ နေချေတော့၏။ သူ့ကြေးစည်သံလေးကို ကြားနေကျ နားယဉ်ပြီးဖြစ်သည်ကြောင့် ထိုနေရာလေးမှ ပြေးလွှားထွက်သွားခြင်းလည်း လုပ်စရာ မလိုပေ။ ထိုအသံလွင်လွင်လေးသည် မင်္ဂလာအခါပေးဟုပင် ပြောရပေမည်။

ထိုချုံပုတ်ပင်နှင့် ခပ်လှမ်းလှမ်းရှိ သစ်ဆိမ့်ပင်အောက်တွင်ရှိ ချေကောင်လေးသည်လည်း ကြေးစည်သံလွင်လွင်ကြားရာကာ ငှဲစောင်းလို့ စူးစမ်းကြည့်နေလေ၏။

သို့ဆိုသလို ထိုနေရာဝန်းကျင်ရှိ သားကောင်နှင့် သားရဲကောင်တို့သည် ထိုကြေးစည်သံ လွင်လွင်လေးကို နားစွင့်နေလိုက်ကြပြီး ထိုအသံပိုင်ရှင်ကို မြင်လိုက်သည်နှင့် ကိုယ်ပိုင် ကိုယ်စီအသံတို့ကို သာသာညင်းညင်း ဟစ်ကြွေးလိုက်ကြလေ၏။

ထိုကြေးစည်သံလေးနှင့်အတူ အသံသြဇာကောင်းကောင်းဖြင့် ရွတ်





ဖတ်လိုက်လေသည့် နတ်ချစ်ဂါထာသံကို သူတို့ နားလည်သည့်အလား ခံစားနားထောင်လိုက်ကြသေးတော့၏။

ပြီးလေမှ ကိုယ်စီ နေရာမှခုန်ပေါက်ပြေးလွှား ထွက်သွားကြလေတော့သည်။

ဩော်, နတ်ချစ်ဂါထာကို နတ်တို့သည်ပင် မဟုတ်တော့၊ တိရစ္ဆာန်ကောင်တွေပင် နှစ်သက်လိုလား နားဆင်လိုကြလေသည်ပဲ။

ထိုသည်က နိစ္စဓူဝဟုပင် ပြောရလေမည့် ဥက္ကံရိုးမရှိ တစ်စိတ်တစ်ဒေသ နေရာလေးတစ်ခု၏ မြင်ကွင်းတစ်ကွက် ဖြစ်ချေ၏။

ရသေ့ဓမ္မပါလသည် သို့ဆိုသလို နတ်ချစ်ဂါထာကို ရွတ်ဖတ်ရင်း လျှောက်လှမ်းနေရာမှ လျှိုကြီးတစ်ခုရှေ့သို့ ရောက်လာသည်တွင် ကြားနေကျမဟုတ်သော ထူးဆန်းသောအသံကြောင့် ခြေအစုံကိုရပ်ကာ ငှဲစောင်း ကြည့်လိုက်၏။

လျှိုပေါက်ဝရှိ ချုံနွယ်ပင်တို့သည် လှုပ်ခပ်လို့နေ၏။

"ဘာကောင်ပါလိမ့်"

ချုံနွယ်ပင် နောက်ကွယ်မှ အသံသည် ညည်းညူသံ ဖြစ်တော့၏။

သားရဲတိရစ္ဆာန်ကောင်တို့၏ ညည်းညူသံတော့မဟုတ်။ လူသားတစ်ယောက်၏ ညည်းညူသံဖြစ်ခြင်းကြောင့် ရသေ့ဓမ္မပါလသည် ထိုလျှိုအနားသို့ တိုးကပ်သွားကာ စူးစိုက်ကြည့်လိုက်၏။

အလိုလေး ဒဏ်ရာအနာတရနှင့် လူသားတစ်ယောက်ပါကလား။ သို့ကြောင့် ရသေ့ဓမ္မပါလသည် ထိုဒုက္ခသည်လူသားကို ကယ်တင်ခဲ့လေတော့၏။

ဘယ်လိုကြောင့် သို့ ဖြစ်ရပါလိမ့်။

သစ်ခုတ်သမားလေး ပေပဲ၊ တောင်ကြောပေါ်မှ ခြေလွတ်လက်လွတ် ပြုတ်ကျလာခြင်းသက်သက်တော့ဖြင့် မဟုတ်နိုင်။ ဘယ်လိုကြောင့် ဆိုသည်ကို မေးကြည့်မှ သိရပေမည် ဆိုပေမင့် သို့ မေးရလောက်အောင် သူ့အသက်ကို အရင်ကယ်မှဖြစ်ချိမ့်မည်။

ကြည့်စမ်း၊ ခေါင်းပွင့်ရထားသော ဒဏ်ရာသည် နည်းနည်းနော နောမဟုတ်။ သွေးတို့သည်လည်း စိုစို့ရွှဲလို့။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အနှံ့ရှိ ပွန်းပဲ့ဒဏ်ရာသည် မပြောပလောက် ဆိုပေမင့် ခြေထောက်ရိုး ကျိုးသွားခြင်းကတော့ဖြင့် ဆိုးရွား လှလွန်းချေတော့၏။

နာကျင်ခြင်း ဝေဒနာကြောင့် တဟင်းဟင်း ညည်းညူလေပြား မည်သို့မျှ မေးစမ်းလို့မရ။ သည်တော့ ရသေ့ခမ္မပါလလည်း ထိုသူ၏ခေါင်းမှ ဒဏ်ရာကိုလည်း ဆေးကြောပြီး ဆေးဝါး (ဆေးဘက်ဝင် အရွက်၊ အခေါက်၊ အမြစ်) တို့ကို ထုထောင်းသိပ်ထည့် စည်းနှောင်ပေးရ၏။

ခြေထောက်ရိုး ကျိုးသွားလေခြင်းကိုလည်း ကျပ်စည်းထားလိုက်ရပြန်သလို ရသေ့နားနေရာတဲတွင် အကျအန ထားပေးလိုက်ရပြန်၏။

ထိုသည်ပဲလား မဟုတ်၊ ရသေ့ အမိဋ္ဌာန်ဝင်ပုတီးစိပ် တရားထိုင်ခြင်း အချိန်ကိုလျှော့လျက် ထိုသူအတွက် သစ်သီး သစ်ဥများ ရှာဖွေစုဆောင်းပေးထားရပြန်သေး၏။

သို့တောင်မှ ထိုသူ သုံးလေးရက်ခန့်အိပ်ရာတွင် ပက်လက်နေလိုက်ရပြီးလေမှ ထူ၍ထနိုင်လာ၍ အနည်းငယ်မျှစားနိုင် တွဲ၍သွားနိုင် အဆင့်လောက်သာ ရှိသေး၏။

မည်သို့ပင် ဆိုစေ၊ သေတွင်းနှုတ်ခမ်းဝ ရောက်နေပြီဖြစ်သည့် ထိုသူ့ကို အချိန်မီ လှမ်းဆွဲလိုက်နိုင်သည့် အတွက်တော့ဖြင့် ရသေ့ခမ္မပါလ ကျေနပ်နေမိတော့၏။

ထိုသူ သတိရလေပြီး ပြောနိုင် ဆိုနိုင်လာသည်တွင် . . .

"ဒကာ ဘယ်သူလဲ၊ ဘယ်လိုလုပ် ဒုက္ခနဲ့ ကြုံရတာလဲ"

သို့ဆိုသလို မေးခဲ့ချေ၏။

ထိုသူ ရသေ့ခမ္မပါလအား ပြည့်ပြည့်စုံစုံပင် ပြောနိုင်သည် မဟုတ်။ သူ့ကိုယ်သူပင် ဝိုးတဝါး မြင်နေပုံရချေ၏။

နာမည် မေးသည်။ တစ်နေ့တစ်မျိုး ပြောသည်သာ မဟုတ်။ မေးလိုက်တိုင်း တစ်မျိုးစီ ပြောနေလေသူကို ဘယ်လိုလုပ် သူ့အကြောင်း သိခွင့်ရနိုင်ပါလိမ့်မည်နည်း။ သည်တော့ ရသေ့ သိလိုက်ချေပြီ။ ခေါင်းထိမိသော ဒဏ်ရာကြောင့် အတိတ်မေ့သွားလေခြင်း ဖြစ်မည်။

(သို့ ရသေ့ ပြောသည်ကို သိလိုက်ခြင်းကြောင့်. လှိုင်ညွန့် တစ်ယောက် မှင်တက်မိသွားချေတော့၏။ သည်လိုမှန်း စောစောက သူသိခဲ့လျှင် သူ့အဖြစ်ကို ဖုံးကွယ်ထားနိုင်ပေဦးတော့မည်။ ယခုတော့ သူ့အမူ သူဖော်သလို ဖြစ်လေပြီပဲ။)





ထားတော့ လူ့အသက်တစ်ချောင်းဆိုသည် ကယ်ကောင်းသည်ပဲ။ ရသေ့သည်ပင် ခေါ်ထားရပေရော့မည်။ တစ်နေ့နေ့ တစ်ချိန်ချိန် ပြန်လည်မှတ်မိလေတော့မှ ပြန်လွှတ်ရမည်။ သည်ကြား ရသေ့နှင့်ပင် နေနိုင်ရပေလိမ့်မည်။ လောလောဆယ် ရသေ့ တရားထိုင်ခြင်း အနှောင့်အယှက်မဖြစ်ပါက အဖော်အလို့ငှာ ဖြစ်ပေမည်။

သို့ဖြစ်လာရသည့် ကိစ္စကြောင့် ရသေ့သည် အဓိဋ္ဌာန်တရားထိုင်ပြီးလျှင် စေတီကိုဖုံးအုပ်နေသည့် ချုံနွယ်ပိတ်ပေါင်းနှင့် မြက်ရိုင်းပင်တို့ကို ဖယ်ရှားခိုင်းရပေမည်လို့ပင် အရှည်တွက်ထားပြီး ဖြစ်သည်။

သည်သို့ဖြင့် ထိုသူ အတန်အသင့် ကျန်းမာလာသည်တွင် ရသေ့လည်း အဓိဋ္ဌာန်ပြန်ဝင်ချေတော့၏။

ဟုတ်တော့ ဟုတ်ပေသား။ ရသေ့ နေ့ညမပြတ်တရားထိုင်နေလျှင် သူလည်း ငြိမ်သက်စွာ တစ်ယောက်တည်း အင်ကြင်းပင်ကြီးအောက်တွင် ထိုင်နေတတ်၏။ ရိက္ခာပြတ်လျှင် သစ်သီး ခူးဆွတ်တတ်၏။

အခြား ဘယ်မှလည်း သွားလေ့မရှိ။

ရံဖန်ရံခါဆိုသလို ဘာစိတ်ကူး ပေါက်သည်မသိ။ တစ်ယောက်တည်း ရယ်နေတတ်၏။ ငိုချင်လည်း ငိုလိုက်ပြန်၏။

လိပ်ကောင်နှင့် အပြေးပြိုင်လျှင်လည်း ပြိုင်နေတတ်၏။ ရယ်စရာတော့ အကောင်းသား။ အင်းလေ. . တောတောင်ထဲမယ် တစ်ယောက်တည်းဆိုတော့ သည်လိုပဲ ဖြစ်တော့မပေါ့။

ရံဖန်ရံခါဆိုသလို ရသေ့ကဲ့သို့ စေတီပျက်ကြီးနားတွင် ငုတ်တုတ်လာထိုင်နေလေသည်ကြောင့် . . .

"ဒကာလေး မင်း ရသေ့လို တရားထိုင်ပါလား" ဆိုလျက် တရားထိုင်နည်းကို ပြလိုက်၏။

အဟုတ်တော့ အဟုတ်သား။ သို့ပေမင့် သုံးလေးရက်သာရှိချေတော့၏။ သစ်သီးရှာ မထွက်သည့်နေ့များတွင် အင်ကြင်းပင်ကြီးအောက် ၌သာ တစ်ယောက်တည်း ငူငူငိုင်ငိုင်ကြီး ဖြစ်နေချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် သူသည် ထူးထူးခြားခြား ရသေ့မမ္မပါလကို ထူးထူးဆန်းဆန်း စကားပြောလာချေတော့၏။

"ကျုပ် ပြန်ချင်တယ်"

"ဟေ"

ရသေ့မမ္မပါလ အံ့ဩသွားတော့၏။

"ဘယ်ပြန်မှာတုံး"

သို့ မေးလိုက်သည်တွင်မတော့ . . .

"ဘယ်ပြန်ရမှန်း မသိ" ဟု ပြောလာချေတော့၏။

ထိုသည် ပြန်ချင်သည် ပြန်ချင်သည် ဆိုသည့်စကားကို ကြားလေသည်မှာ အကြိမ်မနည်းချေပြီ။

သည်သို့ဖြင့် တစ်နေ့တွင် သူ ပျောက်ခြင်းမလှ ပျောက်သွားတော့၏။ ရသေ့မမ္မပါလသည် သူ့အတွက် စိုးရိမ်ပူပန်မိတော့၏။

ထိုညက အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် ဟင်းကောင် အသံများကို သဲ့သဲ့တော့ဖြင့် ကြားလိုက်ရ၏။

ဘုရားရေ ဒုက္ခဆိုးနှင့်ကြုံပြီး ပြန်မရောက်လာနိုင်များလေလား။

သို့ဖြစ်၍ ရသေ့မမ္မပါလသည် စေတီဟောင်းနားမှ တရားထိုင်ခြင်းကို ဖျက်လိုက်ကာ သူ့ကို လိုက်ရှာခဲ့ရချေတော့၏။

သူသွားနေကျ သစ်သီးခူးဆွတ်သည့် နေရာတွင်လည်း မရှိ။

ပြန်ချင်တယ် ပြန်ချင်တယ် ပြောနေရင်း စိတ်ကူး ပေါက်လာသည်ကြောင့် ရသေ့အပါးမှ တစ်ခါတည်း ထွက်သွားလေသည်လား။ သို့ဆိုပါလျှင် သူ့အတွက် အန္တရာယ် များလွန်းလှချေ၏။ မဖြစ်ချေပြီ တွက်လျက် ရသေ့ သူ့ကို အရှာထွက်ခဲ့လေခြင်းဖြစ်၏။

ရသေ့မမ္မပါလသည် သူရှိလောက်သည့် သူရောက်လောက်သည့် နေရာများ၊ လမ်းများကို လိုက်၍ရှာချေ၏။ သို့ရှာလေသည်တွင် ဝတ်လည်း မပျက်စေရန် မေတ္တာသုတ်ကို ရွတ်ဖတ်လို့နေ၏။ နတ်ချစ်ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်လို့ နေ၏။ သို့ကြောင့် လမ်းတစ်လျှောက် ကြေးစည်သံ တလွင်လွင် ရှိချေ၏။

သားရဲကောင်တို့နှင့် ကြုံခြင်း တွေ့ခြင်း မရှိချေ။





သို့ဆိုငြား တောတောင်တွင်းဆိုလေတော့ သားရဲကောင်တို့ ဥဒဟိုသွားလာနေကြသည် ဆိုငြား တွေ့လွဲကလေးများ လွဲဟတ်ချေ၏။

သည်တော့ ရသေ့သည် သူ့အတွက် ပို၍ စိုးရိမ်မိတော့၏။

တစ်ညနှင့် တစ်နေ့လုံးလုံး သူပျောက်နေလေပြီကြောင့် ရသေ့သည် သူ တောင်ခြေရွာတစ်ရွာသို့ ရောက်[illegible]လေပြီဟုတွက်ကာ စေတီဟောင်းလေးနားသို့ပြန်လာကာ အမိဋ္ဌာန်ပြန်ဝင်ခဲ့ပြန်၏။ ထိုနေ့မှာပင် သူ ပြန်ရောက်လာပြန်သည်။

"ဘယ်သွားနေတာလဲ"

"ရွာပြန်တာ"

"ရွာပြန်ရောက်ပြီး ပြန်လာတာလား"

"ဟင့်အင်း"

"ရွာပြန်တယ်ဆိုပေမင့် ရွာ မရောက်ခဲ့ဘူးပေါ့၊ ဆိုပါဦး ဘယ်ရွာကို ပြန်တာတုံး"

"ဟင့်အင်း" လို့ ဆိုလာပြန်၏။ ရသေ့ သိလိုက်ချေပြီ။ အတိတ်ကို ပြန်သတိရ တစ်ချက်၊ မရတစ်ချက် ဖြစ်နေသည်ပဲ။ သို့ကြောင့် ရသေ့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

သည်လိုချည်းပဲ နေသွားလျှင် သူ့အပေါ်ထားသည့် မပြတ်နိုင်သည့် သံယောဇဉ်ကြောင့် ရသေ့လည်း အလုပ်ပျက်သည်။ သည်တော့ ရသေ့ သူ့ကို ကောင်ခြေရွာတစ်ရွာသို့ လိုက်ပို့ရပေရော့မည်။ သူ နေထိုင်ရာ ရွာဖြစ်နေလျှင် အဆင်ပြေလောက်ချေပြီ။

သို့မဟုတ်ပါကလည်း သူ့ကို ထိုရွာထံ အပ်နှံခဲ့မည်။

သို့ဖြင့် ရသေ့သည် သူ့ကိုခေါ်၍ စေတီဟောင်းနေရာလေးမှ ထွက်ခဲ့ပြန်၏။ ရသေ့အတွက် အကြောင်းမဟုတ်ပေမင့် သူ့အတွက် စားနပ်ရိက္ခာလိုသည်ကြောင့် လာလမ်းတစ်လျှောက် သူ့ကို ငှက်ပျောတစ်ခိုင် ထမ်းလာခဲ့စေ၏။

သည်သို့ဖြင့် ဆင်သေမြောင်သို့ ရောက်သည်တွင် အသင့်တွေ့ရသော ဝါးခုက်တဲဟောင်းတစ်လုံးတွင် စခန်းချနားလိုက်ကြ၏။

သို့ဆိုတော့လည်း သူသည် သိတတ်ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ညဘက် ထင်းမီးထိုးရန် ထင်းခြောက် သစ်တုံးခြောက်များကို ရှာဖွေစုဆောင်းလေတော့ ၏။

ဘရသေ့ လမ်းလျှောက်ရတာ ညောင်းတာပေါ့၊ ကျုပ် နှိပ်ပေးမယ် ဆိုလျက် ခြေဆုပ်လက်နယ် ပြုချေ၏။

ရသေ့ကြီး တရားထိုင်နေချိန်တွင်မတော့ သူသည် တစ်ယောက်တည်း ချောင်းစပ်တွင် သွား၍ထိုင်နေလေ၏။

ရသေ့ကြီး တရားထိုင်အပြီးတွင် သူ့ကို လှမ်းကြည့်လိုက်သည်၌ လွန်မင်းစွာ အံ့ဩဖွယ်ကောင်းသည့် မြင်ကွင်းကို မြင်လိုက်ရတော့၏။

သွက်သွက်ခါ ရူးသွားလေပြီလား။

သူသည် ချောင်းစပ်မှ ဥဒဟိုပြေးလွှားနေလေပြီး . . .

"ငခွေးရေ ရော့၊ တာပုရေ ရော့၊ ဦးသိန်းကြီး ရော့၊ ဖိုးခွားမ ရော့" ရယ်လို့ နှုတ်မှ တတွတ်တွတ် အော်ဟစ်ပြောရင်း ငှက်ပျောသီးများကို ယိုယွင်း ဆွေးမြည့်ပြိုပျက်နေပြီဖြစ်သော ဝါးခုတ်တဲဟောင်းနေရာများတွင် လိုက်လံချနေလေခြင်းကြောင့် ရသေ့ဓမ္မပါလ အံ့ဩနေမိသည်။

ရသေ့ဓမ္မပါလသည် သူ့ကိုသာ ငေးကြည့်နေလေ၏။

အတန်ကြာတွင် သူသည် ရသေ့နား ပြန်ရောက်လာသဖြင့် . . .

"ဒကာ ဘာလုပ်နေတာတုံး" လို့ မေးလိုက်သည်တွင် သူသည် ဝမ်းနည်း ကြေကွဲဟန်ဖြင့် . . .

"တစ်ရွာတည်းသား မိတ်ဆွေတွေလေ သူတို့တွေမယ် စားစရာမရှိ ဝတ်စရာမရှိ ဖြစ်နေတယ်၊ နို့ကြောင့် ကျုပ် သူတို့ကို ငှက်ပျောသီးတွေ လိုက်ဝေပေးတာပေါ့" လို့ ပြောလေသဖြင့် ရသေ့ဓမ္မပါလ လွန်မင်းစွာ အံ့ဩသွားရလေ၏။

ရသေ့ သဘောပေါက်သွားချေပြီဖြစ်သည်။ လွန်ခဲ့သော အချိန်က ဆင်သေမြောင်တွင် လူအများကြီး သေခဲ့ရသည်ပဲ။ ရသေ့ သိရသလောက် ပိတောက်ကုန်းရွာသားတွေ ဖြစ်ကြ၏။

ပိတောက်ကုန်းရွာသားတို့ ဝါးခုတ်စခန်း နေရာပေပဲ။ သို့ဆိုပါလျှင် သူသည် ပိတောက်ကုန်းရွာသား ဖြစ်မပေါ့။

သို့နှယ် ရသေ့က တွက်မိလေသည်နှင့် . . .





"ဒကာ့နာမည် ပြောပါဦး" လို့ ရုတ်တရက် မေးလိုက်၏။

"ငခွေး" ဟု ပြောလေ၏။

ရသေ့ သဘောကျသွား၏။ ပိုသေချာရန် အလို့ငှာ အတန်ကြာကြာတွင် ထပ်မေးလိုက်ပြန်သည်။

"ဒကာ့နာမည် ဘယ်လိုခေါ်လဲ"

"သိန်းကြီး"

"ဟင်, စောဇာတစ်မျိုး၊ ခုတစ်မျိုး"

အတန်ကြာတွင် မေးလိုက်ပြန်၏။

"တာပု"

အတန်ကြာတွင် ထပ်မေးလိုက်ပြန်၏။

"ဖိုးခွားမ"

မဟုတ်လောက်ပြန်ချေ။

ရသေ့ ဦးနှောက်ခြောက်သွားရချေတော့၏။

စောစောက သူ လိုက်အော်ခေါ်နေသော နာမည်များကို ပြောလေခြင်း ဖြစ်သည်။

"ရသေ့မေးတာ ဒကာရဲ့နာမည်ကိုပါ"

"အင်းလေ ပြောပြီးပြီပဲ"

ရသေ့ သူ့ကိုကြည့်ပြီး ပြုံးလိုက်မိတော့၏။

ထိုည အိပ်လိုက်ကြပြီး နောက်တစ်နေ့ မိုးလင်းသည့်တွင် ရသေ့ဓမ္မပါလသည် ချောင်းအတိုင်း စုန်ဆင်းမည် အလုပ်တွင် . . .

"ရသေ့ကြီး ကျုပ်တို့ ပြန်ကြမယ်" လို့ ဆိုလာလေသဖြင့် . . .

"ခု ပြန်နေတာပဲ မဟုတ်လား" ပြောလိုက်ရတော့၏။

"ဟုတ်ဘူးလေ၊ သည်နောက်ကြောင်းကို ပြန်လှည့်မှ ပြန်ရောက်မှာပေါ့" ဟု ပြောလာလေသဖြင့် ရသေ့ကြီးက . . .

"အေး ဟုတ်ပါပြီတဲ့၊ ဘယ်ရွာကိုလဲ" ဟု အမှတ်တမဲ့ မေးလိုက်သည်။

"ရသေ့ကြီးနဲ့ ကျုပ်နေတဲ့ စေတီပျက်ကြီးရွာလေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြောလာလေသဖြင့် ရသေ့ဓမ္မပါလ အံ့အားသင့်သွားမိတော့၏။

"ဟွန်း"

သည်ပုံဆိုလျှင်ဖြင့် မလွယ်ပါကလား။

အချိန်ကုန် မခံတော့၊ အပင်ပန်း မခံတော့ချေ။ စေတီပျက်ကြီးသို့သာ ပြန်ခဲ့လေတော့၏။

သူ့ကို ရသေ့ကြီး ခေါ်ထားရုံကလွဲ၍ ဘာဆက်လုပ်ပေါ့တော့မည်နည်း။ သူ့ကို လူသစ်၊ စိတ်သစ်၊ ဘဝသစ်တွင်သာ နေခိုင်းရပေရော့မည်။

သို့ကြောင့် ရသေ့ဓမ္မပါလသည် သူ့ကို ဘုရားစာတွေသင်ပေး၏။ တရားကို ထိုင်စေ၏။ ဂါထာတွေ ရွတ်စေ၏။ မန္တန်တွေ ကျက်မှတ်စေ၏။

သူ့ကို သာသနာပြု ပုဂ္ဂိုလ်တစ်ယောက်ဖြစ်အောင် လုပ်မပေးနိုင်လျှင်တောင်မှ သာသနာပြုသူများကို ကူညီထောက်ပံ့ပေးနိုင်ရန် အလို့ငှာ သို့နှယ် လုပ်ပေးလိုက်လေခြင်း ဖြစ်တော့၏။

သည်သို့ဖြင့် သူသည်လည်း ရသေ့ဓမ္မပါလနှင့်တွဲ၍ တရားထိုင်တတ်လေပြီ ဖြစ်၏။

သည်တော့ သူသည် လူသစ် စိတ်သစ် ဘဝသစ်သို့ ရောက်လာခဲ့ချေပြီ။ နိစ္စဓူဝ သို့ အလုပ်များသာ လုပ်နေရခြင်းကြောင့် အားရဖွယ်ကောင်းသော လူတစ်ယောက် ဖြစ်လာတော့၏။

ရသေ့ကဲ့သို့ပင် မွန်းလွဲ ညစာ မစားလို့ နေနိုင်ချေတော့၏။

ခြင်၊ ဖြုတ်၊ မှက် ကိုက်ခံရခြင်းကိုလည်း အထွေအထူး ကြောက်ရွံ့ပူပန်ခြင်း မရှိပါတော့ချေ။

သည်လိုဆိုပြန်တော့ ပါဝါတွေ တိုးလာခဲ့တော့၏။

"ကျုပ် မိတ်ဆွေတွေကို ကူညီချင်တယ်"

သို့နှယ် တစ်နေ့ ပြောလာသည်တွင် ရသေ့ဟ . . .

"ဘယ်က မိတ်ဆွေတွေတုံး" မေးလိုက်၏။

"ရသေ့နဲ့ ကျုပ် သွားခဲ့တဲ့နေရာလေ"

"ဟိုနေ့က ရောက်ပြီးပြီ မဟုတ်လား"





"အဲဒီတုန်းက အမျှအတန်း မဝေခဲ့ဘူးလေ"

"ဟော"

အံ့ဖွယ်ပါကလား။ ဟုတ်တာပေါ့။ သို့ကြောင့် နောက်တစ်နေ့တွင် ရသေ့သည် သူနှင့်အတူ ဆင်သေမြောင် ဝါးခုတ်စခန်းသို့ ပြန်လာကာ ထိုနေရာလေးတစ်ဝိုက်တွင် သူ ပြောသလို သူ့မိတ်ဆွေများကို တရားရေအေး တိုက်ကျွေးပြီး အမျှအတန်း ဝေပေးလိုက်ချေတော့၏။

သည်တော့မှ သူသည်လည်း စိတ်လက်ပေါ့ပါးသွားပုံ ရချေ၏။

ထိုနေ့မှာပင် ထိုဝါးခုတ်တဲပေါ်တွင် ထူးဆန်း အံ့သြဖွယ် အဖြစ်အပျက်တို့ ဖြစ်ခဲ့ချေပေါ့သည်။

ထိုညက ရသေ့သည် မှောင်စပျိုးအချိန်တွင် အညောင်းအညာပြေ အလို့ငှာ ချောင်းအတွင်း လမ်းလျှောက်ရင်း နတ်ချစ်ဂါထာကို ရွတ်ဖတ်နေမလေ၏။ သူသည် သူ၏မိတ်ဆွေများ နေရာဟောင်းဝှင် သူ့မိတ်ဆွေများအတွက်ဆိုကာ တရားထိုင်နေချေ၏။

ရသေ့ဓမ္မပါလသည် အထက်အောက် လူးလာခေါက်တုံ့ လျှောက်ရင်း အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့လိုက်လေပြီး ကြေးစည်လေးကို နောင်ဝေဝေရယ်လို့ မည်အောင် ထုခတ်လိုက်တော့၏။

ပြီးနောက် ရသေ့သည် ဝါးတဲရှိရာသို့ ပြန်လာကာ ဝါးကြမ်းခင်းပေါ်တွင် ခြေဆန့်လက်ဆန့် လှဲလျောင်းလိုက်တော့၏။ အတန်ကြာ ရသေ့ဓမ္မပါလတစ်ယောက် မှေးခနဲ ဖြစ်သွားသည်တွင် . . .

"အား"

လို့ အလန့်တကြား အသံနက်ကြီးကြောင့် ရသေ့ဓမ္မပါလ လန့်ဖျပ်သွားကာ မျက်လုံးကျယ်လာရတော့၏။

သူ အော်လိုက်သော ထိတ်လန့်တကြားအသံ ဖြစ်ခြင်းကြောင့် ရသေ့ဓမ္မပါလသည် သူ တရားထိုင်ရာနေရာသို့ သွားလိုက်၏။

"ဟင်"

သူ့မျက်နှာတစ်ပြင်လုံးတွင် ချွေးသီးချွေးပေါက်တို့ ကျနေ၏။ တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်ဖြစ်နေ၏။

"ဘယ်လို ဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို ရသေ့ဓမ္မပါလက သူ့ကို ညင်ညင်သာသာမေးလိုက်၏။

"ကျွန်တော့်ကို ကျောက်ခဲနဲ့ထုတယ်"

"ဟင်, ဘယ်သူလဲ ဘယ်သူလဲ"

"သိဘူး၊ ကျုပ်အထင် ကျုပ်ကို ကျောက်ခဲနဲ့ထုတာ ကျုပ်ရွာသား မဟုတ်မှန်းတော့ သိတယ်"

"ဟေ"

"ဒကာလေး နောက်စေ့မှာရထားတဲ့ ဒဏ်ရာက အဲဒီကောင်ထုလိုက်တာလား"

"ဟုတ်တယ်"

"ထုပြီး ပြေးသွားရောလား"

သူ သတိရတုန်း ရသေ့ဓမ္မပါလက သိလိုသည်များကို မေးလိုက်၏။ သူ ဘာမှမပြောနလတော့။ အဝေးသို့သာ ငေးကြည့်နေလေ၏။

"ပြောပါဦး၊ ဒကာလေးကို ကျောက်ခဲနဲ့ထုလိုက်တဲ့ လူက ဘယ်သူလဲ"

"သိဘူးဗျ သိဘူး၊ ကျုပ့် မသိတော့ဘူး"

"ဟင်း"

ရသေ့သည် သက်ပြင်းရှည်တစ်ချက် ချလိုက်လေပြီး . . .

"ကဲ, ဒကာ လာလာ ရသေ့နဲ့ ဂူအိပ်ချေတော့၊ မနက် စောစော ထပြန်ကြမယ်၊ အိပ်ရေးဝအောင် အိပ်ထားချေ"

သည်သို့ဖြင့် ရသေ့ဓမ္မပါလနှင့် သူလည်း အိပ်ရာဝင်ခဲ့ကြတော့၏။ သူလည်း ကြမ်းခင်းပေါ် ခေါင်းချလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

ရသေ့ဓမ္မပါလသည် အတော်နှင့် အိပ်မပျော်ခဲ့ချေ။

သို့ကြောင့် တဲပေါ်မှဆင်းကာ မီးပုံနှင့်မလှမ်းမကမ်းရှိ အင်ကြင်းပင်ကြီးအောက်သို့သွားကာ တရားမှတ်ရန်အလို့ငှာ တင်ပျဉ်ခွေထိုင်လိုက်လေတော့သည်။ တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေသည် ဆိုရပေမင့် သူ၏ ဟောက်သံသည် သဲ့သဲ့ပေါ်ထွက်လို့ နေတော့၏။





သည်လိုဖြင့် နောက်တစ်နေ့တွင် ပြန်ခဲ့ကြသည်၌ ရသေ့ဓမ္မပါလသည် သူ၏ နောက်ကြောင်းရာဇဝင်ကို သလိုသည်ကြောင့် သူ့ကို ဒဏ်ရာအနာတရဖြင့် တွေ့ခဲ့ရသော လျှိုကြီးရှိရာဘက်မှ လှည့်ပြန်ခဲ့လေတော့၏။

"ကျုပ် ဆာတယ် ရသေ့ကြီး"

လမ်းတွင် သို့ သူက ပြောလာသည်ကြောင့် . . .

"အေးကွယ့် ဒကာလေးရဲ့ သည်ကစ်ဝိုက်မယ် သစ်သီးသစ်ဥ မရှိလောက်ပေဘူး"

သို့ ရသေ့ပြောလိုက်သည်ကိုလည်း သူ နားလည်သဘောပေါက်သွားလေသည်ကြောင့် တစ်လမ်းလုံး မည်သည့်စကားမျှ မပြောပါတော့ချေ။ သို့ဖြင့် နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့်ဆိုသလို လျှောက်ခဲ့ကြရင်း ကြက်ခြမ်းမြောင်ထိပ်သို့ ရောက်လာသည်တွင် . . .

"ကွတ် ကွတ် ကွတ်"

"ကတော် . . . ကတော် . . . ကတော်"

ကြက်ခြမ်းမြောင်အတွင်း အစပ်လောက်မှ သို့ဆိုသလို တောကြက်ကောင်၏ ထိတ်လန့်တကြား အော်ဟစ်သံနှင့် ရှန်းရင်းဆန်ခတ်သံကြားရလေသဖြင့် သူသည် ကပျာကသီဆိုသလိုပင် ထိုကြက်ခြမ်းမြောင်အတွင်း ပြေးဝင်သွားချေတော့၏။ သို့ သိလိုက်လေခြင်းကြောင့် ရသေ့ဓမ္မပါလသည် ရှေ့မှသွားနေရာမှ မြောင်ဝထိပ်သို့ပြန်လှည့်ကာ သူ့ကို လှမ်းကဲကြည့်လိုက်၏။

သူသည် မြောင်အတွင်း ဝါးခုတ်သမားတို့ ထောင်ထားလေသည့် သုတ်ကိုင်းတွင်မိနေသော တောကြက်ကောင်ကို တွေတွေကြီးရပ်ကြည့်နေလေ၏။

တောကြက်ကောင်သည် ရှန်းကန်ရင်းကြားမှ ငြိမ်သက်သွားချေ၏။ ရသေ့ သိလိုက်သည်မှာ တောကြက်ကောင် သေလေပြီ။

သူသည် တောကြက်ကောင်သေကို ဆတ်ခနဲ ဆွဲယူလိုက်၏။ ကြက်သေလည်ပင်းတွင် လျှော့ကွင်းကြိုးနှင့် ဝါးစိမ်းတုတ်တံ ပါလာချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွက် ကြက်သေကတော့ ပွဲသကူသား မှန်ပေမင့် သူများ ထောင်ထားသော ကြက်ဖြစ်နေခြင်းကြောင့် သူ့တွင် ခိုးမှုမြောက်သွားလေပြီ ဖြစ်၏။ သို့ကြောင့် ဟန့်တားတော့မည် ရသေ့ စဉ်းစားလိုက်သည်တွင် . . .

"အား" ရယ်လို့ အော်လိုက်လေပြီး သူ့လက်တွင်းရှိ ကိုင်းတံတန်းလန်းနှင့် ကြက်သေကောင်ကို ပစ်ချလိုက်လေပြီး မြောင်တွင်းမှ ပြေးထွက်လာတော့၏။

မြောင်ဝတွင် ရပ်ကြည့်နေသည့် ရသေ့ဓမ္မပါလကို တွေ့သည်၌ ရပ်တံ့သွားလေပြီး ရသေ့ကို တွေတွေကြီးကြည့်နေလေတော့၏။

သူ၏မျက်နှာတွင် စိုးရိမ်ကြောက်လန့်နေခြင်း အရိပ်တို့ပေါ်လွင်နေတော့၏။

သည်တွင် ရသေ့ဓမ္မပါလက သူ ဘယ်လိုကြောင့် ရုတ်ခြည်းပြောင်းလဲသွားသည်ကို သိလိုသဖြင့် . . .

"ဒကာ ဆာတယ်ဆို ဘာလို့ ကြက်သေကောင်ကို လွှတ်ပစ်ရတာလဲ၊ သူ့အသက်ကို ဒကာသတ်တာမှ မဟုတ်တာချည်း" လို့ မေးလိုက်သည်တွင်

"ကျုပ် . . . ကျုပ် အဲဒီ ကြက်ကောင်ကိုယူလျှင် သူများက ရိုက်နှက်တော့မှာပေါ့၊ ဗိုက်ဆာချင် ဆာပါစေတော့ ရသေ့ကြီးရယ်၊ ဟိုမယ် စားစရာတော့ ရှိတယ်မဟုတ်လား"

သို့ ပြောလာသည့် သူ့ကို သဘောကျသည်ထက် ဘယ်လိုကြောင့် သို့အတွေးဝင် သို့ထိတ်လန့်တကြား ဖြစ်ရလေသည်ကို စဉ်းစားမရလေအောင် ဖြစ်ရလေ၏။

(လှိုင်ညွန့် ရှင်းပြလေပြီးမှ ထိုစဉ်က မသိခဲ့ရသည်ကို ရှင်းရှင်းလင်းလင်း သိရလေခြင်း ဖြစ်တော့၏။)

"အေး သိပ်ဟုတ်တာပေါ့ ဒကာလေး၊ သူများပစ္စည်းခိုးတာ သူတို့သိသွားလျှင် ဝိုင်းရိုက်ကြလိမ့်မယ်၊ ရှက်စရာလဲ ကောင်းတယ်၊ ပြီးတော့ ဒါဟာ ငါးပါးထဲက တစ်ပါးကို ကျူးလွန်လိုက်တာပဲ၊ လူဆိုတာ ငါးပါးသီလ မြဲနိုင်တာ အကောင်းဆုံးပဲ"





"ရသေ့ကလဲ ကြည့်နေတာ၊ ဒကာလေးသာ အဲဒီ ကြက်ကောင်ကို ယူခဲ့လျှင်ဖြင့် ရသေ့က တားတော့မလို့၊ ခုတော့ ဒကာ့သဘောနဲ့ဒကာ ဘယ်လိုသဘောနဲ့ဖြစ်ဖြစ် မယူလိုက်ခြင်းဟာ အကောင်းဆုံးပဲလေ၊ ကဲ ကဲ လာ လာ ဟိုမယ် စားစရာ သစ်သီးတွေရှိပါတယ်၊ တော်နေ ရောက်ပါတော့မယ်"

သို့ပြောရင်း ရသေ့ ဓမ္မပါလသည် ရှေ့မှ ဦးဆောင်ထွက်ခဲ့လေ၏။ သူ လျှောက်ရင်း သူ သေလုမျောပါးရလိုက်သည့် ဒဏ်ရာကြီးသည် တစ်စုံဟစ်ဦးထံမှ ခိုးမှုကျူးလွန်မိခြင်းကြောင့် ဖြစ်နိုင်၏ဟု ထိုစဉ်က တွက်လိုက်မိသည်။

ဟုတ်ပြီ၊ သို့ဆိုပါလျှင် သူ အတိတ်အကြောင်းကို ရေးရေးတော့ဖြင့် ရုံဖန်ရံခါ ဆိုသလို မြင်သိလေသည် ဖြစ်ပေမည်။

ဟုတ်ပြီ သူ့ကို ဒဏ်ရာပြင်းပြင်းထန်ထန်နှင့် တွေ့ခဲ့လေသည့် လှိုနားရောက်လျှင် သူသတိရကောင်း ရပေလိမ့်ဦးမည် ထင်သည်။

သို့ ရသေ့ဓမ္မပါလ တွက်ထားသလို ဖြစ်လာလေလျှင် သူ ဘယ်သူ၊ ဘယ်ရွာက၊ ဘာလို့ သို့ဖြစ်ရသည် သိရပေလိမ့်မည်။

သည်သို့ဖြင့် ဆက်လျှောက်ခဲ့ကြရာမှ လှိုကြီးရှေ့သို့ ရောက်ခဲ့ကြချေပြီ ဖြစ်သည်။

"ရသေ့ကြီး လမ်းမှားလာပြီလား"

သို့နှယ် မေးလာသည့် သူ့ကို ရသေ့ တအံ့တသြ ဖြစ်မိတော့၏။ ကြည့်စမ်း၊ ပါးပါးနပ်နပ် ရှိလှချည်ကလား။

သူတို့ ခါတိုင်းသွားလာနေကျလမ်း မဟုတ်ခြင်းကို သူ သိနေပါကလား။

"ဟုတ်တယ် ဒကာလေးရဲ့၊ ဒကာလေး ဆာနေတယ်ဆိုလို့ လာနေကျလမ်းကို သွေဖယ်ပြီး ဖြတ်လမ်းကလာခဲ့ကြတာ" လို့ ပြောလိုက်ပြီး လှိုရှေ့တွင်ရှိ ဇင်ပြွန်းပင်ကြီးအောက်တွင် နားနေလိုက်တော့၏။

ရသေ့ကြီး မောပန်းလွန်းလို့တော့ မဟုတ်၊ သက်သက်နားနေလိုက်ခြင်း ဖြစ်၏။ လှိုကြီးနှင့် ပတ်သက်၍ သူ ဘာများ အမှတ်ရနေသလဲ သိလို၍ ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ရသေ့ကြီး နားဦးမလို့လား"

သို့ဆိုသလို သူက မေးလေပြီး ဇင်ပြွန်းပင်၏အခြေ ပါးပျဉ်းဘောင်တွင်း ဝင်ထိုင်လိုက်လေတော့၏။

"ဒကာ အဲဒီလှိုဏ်ကြီးထဲမယ် ဘာတွေရှိမလဲ မသိဘူးနော်" လို့ မေးလိုက်သည်တွင် သူသည် မျက်မှောင်ကုပ်ကာ လှိုဏ်ကြီးအတွင်း စူးစိုက်ကြည့်နေရင်းမှ တုန်လှုပ်သွားလေပြီး . . .

"ရသေ့ကြီး ကျုပ် အဲဒီအထဲ ရောက်ဖူးသလိုပဲ" ဟု ပြောလာလေသဖြင့်

"ဟုတ်မှာပေါ့၊ နို့ဖြင့် အဲဒီအထဲမယ် ဘာကောင်ရှိလဲဆိုတာ ဒကာသိမှာပေါ့" ပြောလိုက်ပြန်၏။

"သိဘူး . . . " လို့ ပထမ ငြင်းဆိုလိုက်လေပြီး မျက်မှောင်ကို ကျုံ့၍ စေ့စေ့ကြည့်လိုက်ပြန်ပြီး . . .

"ဘာမှမရှိဘူးလို့ ထင်တာပဲ၊ ကျုပ် အဲဒီအထဲရောက်ခဲ့တုန်းက ခေါင်းတွေက တအားမူးနေတာပဲ သိတယ်၊ ပြီးတော့ ဘယ်တုံးက ဘယ်လို အဲဒီအထဲ ရောက်မိမှန်းကို စဉ်းစားလို့မရဘူး ရသေ့ကြီးရဲ့၊ အဲဒီအထဲမှာနေရတာ မကောင်းဘူးဆိုတာတော့ သိနေသလိုပဲ၊ ရသေ့ကြီးနဲ့နေရတာပဲ ကောင်းတယ်၊ လာပါ ရသေ့ကြီးရယ် သွားကြပါစို့၊ ကျုပ်ဆာလာပြန်ပြီ"

သို့ကြောင့် ရသေ့ကြီးသည် နေရာမှထလိုက်ကာ လက်တွင်းရှိ ကြေးစည်လေးကို နှောင်ဝေဝေဝေ ရယ်လို့ ထုခတ်လိုက်လေတော့၏။ သည့်နောက် အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့သရင်း ဖြည်းလေးသော ခြေလှမ်းများဖြင့် ထွက်ခဲ့ချေတော့သည်။

ရသေ့ သိသင့်သလောက် သိလိုက်ရချေပြီ၊ ရသေ့ကြီးနှင့်သာ သူ့ကို ခေါ်ထားခြင်းသည် အကောင်းဆုံး ဖြစ်ပေမည်ဟု တွက်လိုက်၏။

စေတီအို အပေါင်းအပျက်ကြီးနားတွင် အဓိဋ္ဌာန်ပင်ပြီးလျှင် သူနှင့်အတူ ချုံပုတ်နွယ်ပင်တို့ကို ရှင်းလင်းမည်၊ စေတီတော်ကြီး ရုပ်လုံးပေါ်လာလျှင် ပြန်လည်ပြုပြင်ရန်အတွက် တောင်ခြေရွာများတွင် စည်းရုံးရပေမည်။





အတိတ်ကံကြောင့် သူ သို့ဖြစ်ရခြင်းအတွက် အတိတ်ကံဝဋ်ကြွေးသည်တွင် အဆုံးသတ်နိုင်ရန် သူ့ကို ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့်ပေးရချေမည်။

သို့ ရသေ့ ဓမ္မပါလက တွက်ထားပေပြား သူ တစ်ညနှင့် နှစ်ရက်လုံးလုံး ပျောက်သွားသည်ကြောင့် ရသေ့ဓမ္မပါလသည် စိတ်ပူကာ လိုက်ရှာခဲ့ရာမှ မမျှော်လင့်ဘဲ သူ့နောက်ကြောင်းရာဇဝင် ဖြစ်ရပ်ဆိုးကြီးကို သိရလေခြင်း ဖြစ်တော့သည်။

ရသေ့ဓမ္မပါလ စကားဆုံးသည်နှင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် လှိုင်ညွှန့်ကို ပြုံးစေ့စေ့လုပ်ကာ ကြည့်လိုက်ကြ၏။

လှိုင်ညွှန့်တစ်ယောက် ယူကြုံးမရ ဖြစ်နေဟန်ပင်။

ဝင်းကျော်စိုးကို အတိတ်မေ့နေသူ တစ်ယောက်မှန်း မသိ၍ ထိတ်ထိတ်ပျာပျာဖြစ်ကာ ကိုယ့်အမှု ကိုယ်ဖော်မိခြင်းကို ကြီးစွာနောင်တရနေဟန် ဖြစ်ချေ၏။

သို့ကြောင့် . . .

"ဖိုးလှိုင်ညွှန့်ရယ် ရာဇဝတ်ဘေးဆိုတာ ပြေးလွတ်ရိုး ထုံးစံမရှိပါဘူး" လို့ ကျွန်တော်က ပြောလိုက်လေတော့၏။

"ကျွန်တော်ရော သူ့လို ဖိုးသူတော်လုပ်လို့ မရပေဘူးလား"

လို့ ရုတ်တရက် ပြောလာသည့် စကားကြောင့် လင်းမြင့်လှိုင်သည် သွားတက်လေးပေါ်ရုံ ပြုံးလိုက်လေပြီး . . .

"ကိုယ်လုပ်ခဲ့တဲ့ အပြစ်တွေအတွက် ထိုက်သင့်သလောက် အပြစ်ဒဏ်ခံယူပြီးလေလျှင်ဖြင့် ဖိုးလှိုင်ညွှန့်ကို ငါတို့မြို့မှာ ပဉ္စင်းခံပေးပါ့မယ်" လို့ ပြောလိုက်လေတော့သည်။

"ကဲ, ရသေ့တို့ သွားပြီ"

ဆိုလျက် ရသေ့ဓမ္မပါလသည် ဂုဏ်တော်ကိုးပါးကို ရွတ်ဖတ်ရင်း ထွက်သွားလေတော့၏။

ရသေ့ဓမ္မပါလ၏ နောက်မှ ဦးပြည်းကတုံးနှင့် ဝင်းကျော်စိုးသည် ရိုကျိုးသော ခြေလှမ်းများဖြင့် ရသေ့ကြီးနောက် လိုက်ပါသွားသည့်မြင်ကွင်းကို ငေးကြည့်မှင်တက်မိနေရာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"နောင်. . . ဝေ. . . ဝေ. . . ဝေ" လို့ ကြေးစည်သံလွင်လွင်လေးကို ကြားလိုက်ရလေမှ ကိုယ်စီအသိတရား ပြန်ဝင်ခဲ့ကြရသဖြင့်. ,

"ကဲ၊ ကျွန်တော်တို့လဲ သွားကြဦးစို့" ဆိုလျက် လှိုင်ညွန့်ကို သူပြုလုပ်ခဲ့သည် ပြစ်မှုလူသတ်မှုအတွက် အပြစ်ဒဏ်ခံယူရန် ခေါ်ဆောင်၍ ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။

စာဖတ်ပရိတ်သတ်အား လေးစား

ကြိုးစားလျက်

ကိုပိုက်

၁၊ ၈၊ ၂၀၀၅၊ ၃း ၃၅။



ခင်းစပ်ကတဲမယ် ရှိတယ်"

င့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အရေ

ဟာရှိသော ဝါးခုတ်တဲတို့၏ အစွန်ချောင်းစပ်

်လက်သော ခြေလှမ်းများဖြင့် သွားလိုက်

လာကြတာလား၊ အတော်ပေပဲကွာ ငါတို့

စားရချေသေးရဲ့ကွာ"

ခွေးက မြင်မြင်ချင်းဆိုသလို အားရဝမ်းသာ

## ထူးဆန်း

တောကြက်နဲ့တောကြောင် ခြေရာအတော်

မဟူရာချောင်းဖျားအော ဖောသီသီ မစားရပေဘူးလားကွ၊ သုတ်

ဝေလင်းအချိန်တွင် လူတစ်ယောက်တွေ ဘာတွေ ဆင်မဖမ်းကြဘူးလား

လေသည်။ ယ်ကွာ"

ဆောင်းလယ်ကာလဖြစ်သည်ကြောင့် မြောင်အတွင်း ရေခန်းခြောက်လုနီးဖြစ်သည်။ မြောင်ကမ်းပါးနံရံတွင် ဆေးမြင်းခွာပင်နှင့် ကြက်ခြမ်းပင်တို့ အမြောက်အမြား ပေါက်ရောက်လျက်ရှိချေ၏။

သို့ကြောင့်လည်း ဝါးခုတ်သမားတို့သည် နီရဲရဲကြက်ခြမ်းသီးလေးများနှင့်မျှားကာ "သုတ်ကိုင်း" ထောင်တတ်ကြ၏။ ထိုနေရာတစ်ဝိုက် တောကြက်နှင့် ရစ်ကောင်တို့ စားကျက်ဖြစ်နေခြင်းကြောင့် ပုံမှန်တစ်နေ့ တစ်ကောင်နှစ်ကောင်တော့ဖြင့် ရတတ်ကြစမြဲဖြစ်သည်။

ထိုသူသည် မြောင်အလယ်လောက်တွင်ရှိ သုတ်ကိုင်းတစ်ခုမှ 'ရစ်' ဖကြီးတစ်ကောင် လည်ပင်းကြိုးတန်းလန်းဖြင့် သေနေသည်ကို မြင်လိုက်သည်ကြောင့် သူ၏မျက်နှာ ပြုံးယောင်သမ်းသွားချေတော့သည်။

မိုးလင်းလုအချိန်မှ ကျော့ကွင်းအတွင်း လည်စင်းပေးလိုက်ရသော ရစ်ဖကြီးဖြစ်ချိမ့်မည်။ အသားတို့ ပူပူနွေးနွေး ပျော့ပျော့ပျောင်းပျောင်း ရှိနေသေးတော့သည်။ ထိုသူသည် ရစ်ဖကြီးကို ကျော့ကွင်းမှဖြုတ်လိုက်လေပြီး ယင်းသုတ်ကိုင်းကို နေသားတကျ ပြန်ပြုလုပ်လိုက်ပြီး ထိုမြောင်အတွင်းမှ ပြန်ထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောင် . . . ဝေ . . . ဝေ . . . ဝေ" နှင့် တစ်ပြိုင်နက်ဆိုသလိုပင် လေးကို ကြားလိုက်ရလေမှ ကိုယ်စီအသိတ

"ကဲ, ကျွန်တော်တို့လဲ သွားကြဦးစို့"

လုပ်ခဲ့သည် ပြစ်မှုလူသတ်မှုအတွက် အဖွဲ့သံတစ်ခုကို ထိုနေရာနှင့် မနီး ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။ းမှ ကြားလိုက်ကြရပေလိမ့်မည်။

ဘြာစွယ်၏အစွန်း မြေပြန့်လေး

စာ ည့် သစ်တုံးများဖြင့် ပြုလုပ်ထား

းတာကြောင်တစ်ကောင်သည်

သူပ်ရှားရုန်းကန်နေရင်းမှ တခွီး

အသံတိမ်ဝင်သွားချေတော့၏။

ပျှ ဘော့၏။

မရှေးမနှော တွင် လူတစ်ယောက်ရောက်လာကာ "ကပ်ဖိ" ထောင်ချောက်ကို မ,၍ သေဆုံးနေပြီဖြစ်သော တောကြောင် ကောင်ကို ဆွဲထုတ်ယူသွားချေတော့၏။

"ကြောင်ကတိုးကြီးပါကလား . . . ဟန်ကျလိုက်လေ"

သို့နှုယ်ပြောယူသွား ချေးသည်ဆိုငြား ယင်းကာပ်ဖိကိုတော့ဖြင့် နေ သားတကျ ပြန်လည်တပ်ဆင်သွားသေးတော့၏။

"ဒိန်း"

မရှေးမနှောင်း အချိန်ကလေးမှာပင် ထိုနေရာလေးမှ ယမ်းအား ပေါက်ကွဲသံ ပေါ်ထွက်လာပြန်သည်။

*

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အမဲကြီးပစ်ရန်အလို့ငှာ မဟူရာ ချောင်းဖျားသို့ တက်လာခဲ့ကြသည်တွင် ယင်းမြောင်အဝ၌ ချေတစ်ကောင် ပစ်ခတ်ရလိုက်လေသည်ကြောင့် ကဒွတ်မြောင်ဝတွင်းရှိ ဝါးခုတ်သမား တစ်စုထံ ဝင်ချက်ပြုတ်စားရန် စီစဉ်လိုက်ကြသည်နှင့်အညီ ထိုဝါးခုတ်တဲစုသို့ ရောက်သည်တွင် . . .

"ကင်းမကီရွာသား ငခွေးတို့ တာပုတို့ရှိကြလား" မေးလိုက်၏။





"ဟောဟို တောင်ချောင်းစပ်ကတဲမယ် ရှိတယ်"

သို့သိရလေခြင်းကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အရေ အတွက်အားဖြင့် လေးလုံးမျှသာရှိသော ဝါးခုတ်တဲတို့၏ အစွန်ချောင်းစပ် တွင်ရှိ တဲတစ်လုံးရှိရာသို့ သွက်လက်သော ခြေလှမ်းများဖြင့် သွားလိုက် တော့သည်။

"ဟာ, ခွားစော အမဲပစ်လာကြတာလား၊ အတော်ပေပဲကွာ ငါတို့ ဟင်းလျာတွေ ဖောဖောသီသီ စားရချေသေးရဲ့ကွာ"

တာပုတော့ မတွေ့၊ ငခွေးက မြင်မြင်ချင်းဆိုသလို အားရဝမ်းသာ ပြော လာချေတော့သည်။

"ဟာ, ဒီနေရာတစ်ပိုက် တောကြက်နဲ့တောကြောင် ခြေရာအတော် များများတွေ့ရတာကြောင့် ဖောဖောသီသီ မစားရပေဘူးလားကွ၊ သုတ် ကိုင်းတွေ ဘာတွေ ထောင်ချောက်တွေ ဘာတွေ ဆင်မဖမ်းကြဘူးလား၊ ရေအိုင်တွေမှာကွ၊ ငါးတွေ တွေ့ပါတယ်ကွာ"

သို့ဆိုသလို ကျွန်တော်က ပြောလိုက်သည်။

"ဟုတ်တယ် . . ခွားစောရဲ့၊ ငါတို့သုတ်ကိုင်း ငါထောင်တာပေါ့၊ ကပ်ဖိတွေကိုပါ ဆင်ထားတာပေါ့၊ နို့ပေမင့် ဘာဖြစ်လို့လဲ မသိဘူးဗျာ မိခဲပါတယ်၊ ငါးလောက်ပဲ ဖောဖောသီသီစားရတာ"

သို့ . . . စကားသံနှင့်အတူ တာပု ရောက်လာတော့၏။

"ခွားစော ဟယ်လိုလဲ အခြေအနေ"

ငခွေးက တာပုကို မေးလိုက်၏။

"ငါ့လက်ထဲ ဘာ့ကောင်မှ ပါမလာတာတွေ့ရက်နဲ့ မေးရလားကွ၊ ဘာကောင်မှမမိလို့ လက်ချည်းထွက်လာတာပေါ့"

သို့ဆိုသလို . . .

တာပုက ငခွေးကို ခပ်မာမာလေးဖြင့် ပြောလာချေတော့၏။

"အေးပါကွာ ငါတို့ရောက်လာပြီပဲ၊ နောင်ဆို ဟင်းလျာတွေ ဖောဖော သီသီ စားရတော့မှာပါ"

လင်းမြင့်လှိုင်က သွားတက်ကလေးပေါ် ရုံပြုံး၍ ပြောလိုက်ချေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် ကိုလင်းတို့ ငါတို့နဲ့ နေဦးမှာလား"

တာပုက အားရဝမ်းသာပြောလာသည်။

"အင်းပေါ့ နို့ပေမင့်လို့ မြောက်ဖျားတက်ပြီး အမဲပစ်ချင်တယ်၊ မြောက်ဖျားမယ် ပြောင်တို့ စိုင်တို့ရှိနိုင်ပါ့မလား"

"ဟာ, ငါ့ခုတ်ကွက်ထဲမှာတောင် ပြောင်ခြေရာတွေ တွေ့မိသေးတယ်ကွ၊ ငါလိုက်ပြမယ်"

ကျွန်တော့်အမေးကို တာပုက အားရဝမ်းသာ ပြောလာချေတော့၏။

"အေး. . ခွားစောတို့ ဝါးမခုတ်ကြနဲ့တော့ ငါတို့ကို လမ်းပြလုပ်၊ ပြောင်နှစ်ကောင်လောက်လဲ ပေးမယ်၊ ဒါဆို မင်းတို့လုံလောက်တယ် မဟုတ်လား"

"ဘယ့်နှယ်ပြောပါလိမ့် ဆရာပိုက်ရယ်၊ ဩော်, ဒါနဲ့ပြောရဦးမယ်၊ ဟိုးရှေ့တောင်ကြောလမ်းမှာ သာယာဝတီက မုဆိုးတစ်ယောက် ရောက်နေတယ်၊ သူရတဲ့အမဲတော့ ငါတို့တွေစားဖို့ဆိုပြီး လာလာပေးတတ်တယ်"

"ဒါနဲ့များ စောစောက ငခွေးပြောတော့ ငါတို့လာမှပဲ ဟင်းလျာဖောဖောသီသီ စားရတော့မယ်လေး ဘာလေးနဲ့၊ ခု တာပုပြောတော့ အဲဒီမုဆိုးက ဟင်းလျာလာလာပေးတယ်ဆို"

"လာပေးတယ်ဆိုပေမင့် တောကြက်လေး၊ ရစ်လေး၊ တောကြောင်လေးလောက်ပါကွာ"

"တာပုရယ် မင်းပြောပုံဆို အဲဒီမုဆိုးက တခြားသားကောင်တွေတော့ မပေးဘူးဆိုတဲ့ သဘောပေါ့"

"တာပုရာ မင်းအဲလို မပြောပါနဲ့၊ အဲဒီမုဆိုးက သူလဲ တောကြက်၊ ရစ်နဲ့ တောကြောင်လောက်ရတာကိုးကွ၊ သူရတာပဲ သူကျွေးနိုင်တော့မပေါ့" သို့နှယ် ငခွေးက တာပုကို အားမလိုအားမရကြည့်ကာ ပြောလာပေသည်။

"နို့ဖြင့် မင်းရဲ့ပြောပုံဆို အဲဒီမုဆိုးက အင်မတန်ညံ့တာပေါ့"

"အဲလိုလဲ ပြောလို့မရဘူး ဆရာပိုက်ရဲ့၊ သူက အင်မတန်လက်မှန်းဘည့်တာဗျ၊ ဆရာလင်းတို့ ဆရာပိုက်ဘို့လိုပဲ ကြက်ငှက်ပစ်လျင်ဖြင့် ခေါင်းကိုပဲပစ်တာကွ"





"ဟေ, မုဆိုးကောင်းတစ်ယောက်ပေါ့၊ နို့ဖြင့် ဘာလို့ တခြားသားကောင်တွေကို ပစ်မရတာပါလိမ့်"

"သူ့အစီအစဉ်နဲ့သူ ဖြစ်မှာပေါ့ ကိုပိုက်ရယ်"

သို့ဆိုသလို လင်းမြွင့်လှိုင်က ပြောလာချေတော့သည်။

"ဆရာလေးကို့ရောက်လာလေမှတော့ မပူတော့ပါဘူးကွာ ဟဲ. . ဟဲ"

"ဟာ, ခွားစော ဘယ်လိုတုံး၊ မင်း ကပ်ဖိ သွားကြည့်ပြန်တာလား၊ ထုံးစံအကိုင်းပဲပေါ့ ဘာမှမမိငြိန်ဘူး ဟုတ်လား၊ အေး, ဘာမှမပူနဲ့တော့ကွ ဒီမယ် ငါ့မိတ်ဆွေမုဆိုးရောက်လာပြီ၊ ဒီချေသား ဖျက်ပြီးလျှင်လဲ ဟင်းစားပေးဦးမယ်"

သို့ရှိစဉ် ချေကောင်ကို အသားဖျက်နေသော တာပုက ခပ်လှမ်းလှမ်းတွင် ဖြတ်သွားလေသည့် ဝါးခုတ်သမားတစ်ယောက်ကို လှမ်းပြောလိုက်လေသဖြင့် ထိုဝါးခုတ်သမားက တာပုထံသို့ လျှောက်လာလေပြီး. . .

"အေးဗျာ. . ဘယ်လိုဖြစ်တယ် မသိပါဘူး၊ ငါက အသေအချာရမယ် တွက်ထားတာကွ၊ အဲဒီနားတစ်ဝိုက် တောကြောင်ခြေရာတွေ ဗရပွပဲ၊ ဒီတောကြောင်ဟောင်း အဲဒီနားတင် ကျက်စားနေတာ သေချာသိလို့ ဟိုမုဆိုးပေးထားတဲ့ တောကြောင်ပေါင်တောင် မစားဘဲ အစာလုပ်မျှားထားတာကွာ"

လို့ ညည်းညူပြောလေတော့၏။

သို့အချိန်ကလေးမှာပင် . . .

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံတစ်ခု တစ်ဖက်တောင်ကြောလေးမှ ကြားလိုက်ရလေသည်ကြောင့် . . .

"မင်းတို့ပြောတဲ့မုဆိုး ပစ်တာများလား"

"ဟုတ်တယ် ဆရာလေး၊ ကျွန်တော် ကပ်ဖိသွားကြည့်တုန်းက သူ့ကိုလမ်းမှာ တွေ့လိုက်တယ်၊ ကျွန်တော့်ရှေ့က ထွက်သွားတာ သူပဲဖြစ်မှာပေါ့"

"ကဲ, ခွားစော ရော့. . ဟင်းစား ယူသွားချေ၊ ဖိုးလှိုင်ညွှန့်တို့ မောင်မောင်စိုးတို့ကိုလဲ ပေးလိုက်ချေဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျက် တာပုသည် ချေသားတွဲများကို ထိုဝါးခုတ်သမားများအား ခွဲဝေပေးလိုက်လေတော့၏။

"တာပလူးအားကြီးယော်"ရယ်လို့ ကျေးဇူးတင်ကြောင်းပြောပြီး ကျွန်တော့်ဘက်လှည့်လာကာ ကျွန်တော်တို့မုဆိုးကလဲ ဒီတောမယ် တောကြက်၊ ရစ်နှင့် တောကြောင်လောက်ပဲ ပစ်ခွင့်လိုင်စင်ရထားလားမသိပါဘူးဗျာ၊ တစ်ခါလာလဲ ရစ်၊ တောကြောင်နဲ့ တောကြက်လောက်ပဲ ပစ်ရတာချည်းပဲဗျာ၊ ခုလဲကြည့် တောကြက်၊ ရစ်နဲ့တောကြောင် တစ်ခုခုပဲ"

"ဟကောင်ရ. . အဲလိုမပြောပါနဲ့၊ သူရတာလေးတွေ ကိုယ့်တဲကို ဟင်းစား လာလာပေးရှာတာပဲ မဟုတ်လား၊ လုံးဝ ဟင်းလျာမစားရတာထက်စာလျှင်တော့ မဆိုးပေဘူးပေါ့"

"ဟာ, ဟိုမယ် ဟိုမယ် ပြန်လာပြီ၊ အဲ, သူ့လက်ထဲမယ် တောကြောင်တစ်ကောင်ဟ"

သို့ တာပုက ပြောလာသဖြင့် လှမ်းကြည့်လိုက်၏။

သူတို့ပြောသောမုဆိုးသည် ပိန်ပိန်သေးသေး မျက်လုံးပြူးပြူးဖြစ်၏။

ဘဲနှုတ်သီး လျှာဦးထုပ်ကိုဆောင်းထား၏။ သူ့ညာလက်တွင် ရိုင်ဖယ်သေနတ်အိုကြီးကိုကိုင်၍ ပခုံးထက်ထမ်းပိုးထား၏။ ဘယ်လက်တွင် တောကြောင်ကောင်သေကို အမြီးမှကိုင်၍ တွဲလောင်းဆွဲလာချေ၏။

"ဟင်. . ."

တောကြောင်ကောင်၏ ဦးခေါင်း မရှိတော့ပါကလား။

အင်း. . ခေါင်းကို ပစ်မှတ်ထား ပစ်ခဲ့လေခြင်းပါကလား။

ထိုမုဆိုးသည် ကျွန်တော်တို့ရှိရာသို့ တန်းတန်းမတ်မတ်လျှောက်လာလေပြီး "အောင်မယ် ကရင်ကြီးတို့များ ချေတွေဘာတွေ ရလို့ပါကလား၊ မဟုတ်မှလွဲသည်က မိတ်ဆွေတွေ ပစ်လာခဲ့တာဖြစ်မယ်၊ အင်း. . အင်း ကျုပ်တော့ တောကြောင်လေးပဲရခဲ့သမို့ ချေသားနဲ့ လဲစားရတော့မှာပဲ၊ ဒီနေရာက ဘယ်လိုဖြစ်တယ် မသိပါဘူးဗျာ၊ တောကြက်၊ ရစ်ကောင်နဲ့ တောကြောင်လောက်ပဲ ရတယ်ဗျာ အံ့ရော"

သို့ဆိုသလို ချေသားဖုတ်နေသော တာပုကိုပြောရင်း ကျွန်တော်တို့နှစ်ယောက်ဘက် လှည့်ကြည့်ပြောလာချေတော့သဖြင့် . . .





"ရပါတယ်ဗျာ လဲစရာမလိုပါဘူး၊ တာပုရေ ဒီကမိတ်ဆွေကို ဟင်းစားပေးလိုက်ပါဦး"လို့ ကျွန်တော်က ပြောလိုက်သည်တွင် . . .

"ကျေးဇူးတင်တယ်ဗျာ"

ဆိုလျက် ထိုမုဆိုးသည် တာပုထံမှ ချေသားတစ်တွဲကိုယူကာ ထွက်သွားမည်အပြုတွင် "မိတ်ဆွေ အဲဒါ ကြောင်နံ့သာမဟုတ်လား၊ စားကောင်းမှာပဲနော်" လို့ လင်းမြင့်လှိုင်က လှမ်းပြောလိုက်သည်ကြောင့် ကျွန်တော်အံ့သြသွားရတော့၏။ လင်းမြင့်လှိုင်သည် သူများပစ်ငြိး သားကောင်ကို ဘယ်သောအခါမှ တောင်းယူဖူးခြင်းမရှိ။ ယခု ဘယ့်အတွက်ကြောင့် ကျွန်တော်က ထိုမုဆိုး လဲစားမည် ပြောခဲ့ဖူးသည်ကိုပင် ရပါတယ် မလိုပါဘူး ပြောလိုက်လေသည်ကို ခုတော့ ဘယ်လိုကြောင့် ထိုမုဆိုးထံမှ တောကြောင်ကို စားလိုနေပါလိမ့်။

"အား. . ရပါတယ်ဗျာ၊ စောစောကတဲက ပေးနေတာပဲ ယူပါဗျာ ယူပါ၊ ကြောင်သားထဲမှာ ကြောင်နံ့သာက နံ့မည်နဲ့လိုက်အောင် မွှေးမြစားကောင်းသားဗျ၊ ကျုပ်တော့ ဒီမယ်ကြောင်သား၊ ရစ်သား၊ ကြက်သား စားရတာ ငြီးငွေ့နေပြီဗျာ၊ အဲ, ကျုပ်က သားကောင်ကို ပစ်မှတ်ချိန်လျှင်ဖြင့် ခေါင်းကိုပဲ ချိန်တတ်သဗျာ၊ နို့ကြောင့် ကြောင်ခေါင်းတော့ မရှိတော့ဘူးဗျာ"

သို့ဆိုသလို ကြွားကြွားပြောပြော ဆိုလာချေပြီ။ လင်းမြင့်လှိုင်ထံသို့ ကြောင်သေကို ပစ်ပေးလေပြီး ထွက်သွားချေတော့သည်။

လင်းမြင့်လှိုင်သည် ကြောင်သေကို အသေအချာ ကိုင်တွယ်ကြည့်နေလေခြင်းကြောင့် . . .

"ကိုလင်းကလဲဗျာ ကြောင်နံ့သာကို မမြင်ဖူးတာကျနေတာပဲ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က သွားတက်လေးပေါ်အောင် ပြုံးလိုက်လေပြီး . . .

"မြင်ဖူးပါ့ဗျာ၊ ပစ်ဖူးပါ့ဗျာ၊ စားဖူးပါ့ဗျာ၊ နို့ပေမင့်လို့ တစ်ဘဝမှာ တစ်နေ့ တည်းနှစ်ခါပြန်သေရရှာတဲ့ ကြောင်သားကိုတော့ဖြင့် မမြင်ဖူး မစားဖူးလို့ အသေအချာ ကြည့်နေရတာဗျ"လို့ ပြောလာခြင်းကြောင့် အံ့သြသွားမိရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းအောင် ပြောစမ်းပါဗျာ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် . . .

"ကိုပိုက်ကို ရှင်းအောင်ပြောဖို့ရာ ရှင်းရှင်းလင်းလင်းသိပြီးမှ ပြောလို့ဖြစ်တော့မပေါ့ဗျ"လို့ ပြန်ပြောလာချေတော့သည်။

သို့ကြောင့် ကျွန်တော်သည် ခေါင်းကိုယမ်းခါလိုက်တော့၏။

သို့ကြောင့် . . .

"ဒီလိုလုပ်မယ်ဗျာ၊ ဒီကနေ့ ဒီမှာပဲ နားနေစားသောက် အိပ်လိုက်ကြတာပေါ့၊ မနက်စောစော အမဲပစ်ထွက်ကြမယ်၊ အဲဒီတော့ ရှင်းအောင်ပြောပြမယ် ဟုတ်ပလား"လို့ လင်းမြင့်လှိုင်က ပြောပြီး ပြုံးပြလာချေတော့သည်။

သို့ကြောင့် ကျွန်တော်တို့သည် တစ်နေကုန်ဆိုသလိုပင် တာပု ချက်ပြုတ်ပေးသည့် ချေသားနှင့်၊ တောကြောင်သားချက်ကို စားရင်းသောက်ရင်း အချိန်ဖြုန်းလိုက်ကြတော့သည်။

လင်းမြင့်လှိုင် စီစဉ်လေသည့်အတိုင်း နောက်တစ်နေ့ စောစောတွင် "တာပုရေ မင်းတို့သုတ်ကို ငါးတွေ ကပ်ဖိတွေ ထောင်ထားတာရှိလား၊ ဘယ်နားမှာလဲ၊ ပြောစမ်းကွာ"လို့ လင်းမြင့်လှိုင်က အမဲပစ်ထွက်ခါနီး မေးလိုက် သည်။

"ကဒွတ်မြောင်ထဲမှာ ရှိတယ်"

"အေး ငါတို့ ဝင်ကြည့်သွားမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သေနတ်ကိုယူ၍ ထွက်သွားလေခြင်းကြောင့် ကျွန်တော်သည်လည်း ကပ်လိုက်သွားတော့သည်။

ကျွန်တော်တို့သည် ကဒွတ်မြောင်အတွင်း ဝင်ခဲ့ကြသည်တွင် . . .

"ဟာ၊ ဟန်ကျတာပဲ"

သုတ်ကိုင်းတစ်ခုတွင် လွန်စွာမှကြီးမားသော ကြက်ဖကြီး တစ်ကောင် လည်ပင်းကြိုးတန်းလန်းနှင့် ရှိနေချေ၏။

"ဖြုတ်သွားမယ်"

သို့ဆိုလျက် ကျွန်တော်သည် တောကြက်ဖသေကောင်ကို သုတ်ကိုင်းမှ ဖြုတ်ယူလိုက်မည်အလုပ်တွင် . . .





"ကိုပိုက် မဖြုတ်နဲ့ မဖြုတ်နဲ့"လို့ လင်းမြင့်လှိုင်က ကမန်းကတန်း ဟန့်တားလေတော့သဖြင့် . . .

"ဘာလို့တုံး ကိုလင်းရဲ့၊ တစ်ခါတဲ ဖြုတ်ယူသွားတာ မကောင်းပေဘူးလား"

"ဒီအတိုင်းထားပါ၊ သူ လာဖြုတ်လိမ့်မယ်"

"ဟာ၊ ကိုလင်းပဲ တာပုကို ငါတို့ ဖြုတ်ခဲ့မယ်ဆို၊ အပြန်မှ ဖြုတ်မယ်ဆိုလျှင်ဖြင့် သည်လမ်းကြုံဦးမှ ဖြစ်တော့မပေါ့"

သို့ ကျွန်တော်က အချက်ကျကျ ပြောလိုက်သည်တွင် . . .

"တာပုတို့ လာဖြုတ်မှာမဟုတ်ဘူး၊ အခြားတစ်ယောက် လာဖြုတ်မှာ" လို့ လင်းမြင့်လှိုင်က ပြောလာသဖြင့် . . .

"ကိုလင်းရယ် သစ်ခုတ် ဝါးခုတ်သမားအချင်းချင်း သစ္စာမဲ့တဲ့ အလုပ်လုပ်ကြမယ် မထင်ပါဘူး၊ စည်းဆိုတာ ရှိကြပါတယ် ထားကြပါတယ်"

သို့ ၊ ကျွန်တော်က လင်းမြင့်လှိုင်ကို နားမလည်စွာ ကြည့်ပြောလိုက်၏။

"အေးဗျာ . . ကျွန်တော်လဲ ကိုပိုက်ကို ဘယ်လိုပြောရမလဲမသိဘူး၊ နို့ဖြင့် ဒီလိုလုပ်မယ်ဗျာ၊ ကျွန်တော် ကိုပိုက်ကိုပြောချင်တဲ့ စကားတွေအတွက် ခိုင်လုံမှုရှိအောင် ခဏလောက်တော့ အချိန်ပေးဗျာ၊ ပြောသင့် မပြောသင့် စဉ်းစားလိုက်ချင်လို့"

သို့ပြောလေသည့် လင်းမြင့်လှိုင်ကို ကျွန်တော် ဘယ်လိုနားလည်ရမည် မသိပါတော့ချေ။

"ကဲ၊ လာ . . ကိုပိုက် . . ဟိုနား လေးမယ် သွားထိုင်ကြရအောင်"

လင်းမြင့်လှိုင်နှင့်အတူ ခပ်လှမ်း လှမ်းရှိ ချုံနွယ်ပင်ကြီးနောက်တွင် သွား ထိုင်လိုက်ကြတော့သည်။

"ခေါင်းနည်းနည်းကိုက်နေသေးလို့ မောနင်းပက်လေးလဲ လှုံရင်းပေါ့ဗျာ"

ဆိုလျက် လင်းမြင့်လှိုင်သည် ဝီစကီပုလင်းပြားလေးကိုထုတ်၍ တစ်ငုံ မော့သောက်လိုက်လေပြီး ကျွန်တော့်ထံ ကမ်းပေးလာတော့သည်။ ဒီလိုဖြင့် နှစ်ယောက်သား စကားမပြောဘဲ တစ်ပြန်တစ်လှည့်အပေး



www.burmeseclassic.com

www.burmeseclassic.com



အယူလုပ်သောက်နေကြစဉ် မြောင်းအတွင်းမှ ရေကိုဖြတ်နင်းလျှောက်လာသံ ကြားရလေသည်ကြောင့် . . .

"သားကောင်ထင်တယ်"ဆိုလျက် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် မြောင်းအတွင်းသို့ လှမ်းကဲကြည့် ချိန်ထားလိုက်တော့လေသည်။

သားကောင်သည် မြောင်းကို ဆန်တက်လာနေခြင်းဖြစ်သည်။

ကျွန်တော် သဘောပေါက်သွားချေပြီဖြစ်သည်။

လင်းမြင့်လှိုင်က တောကြက်သေကို မဖြုတ်ဘဲ ထားခြင်းသည် သားရဲကောင်ကို မျှားထားခြင်း ဖြစ်သည်ကိုး။ သို့ကြောင့် . . .

"ကျွန်တော် သဘောပေါက်ပြီ" ဆိုလျက် လင်းမြင့်လှိုင်မျက်နှာကို ကြည့် လိုက်သည်တွင် သွားတက်ကလေးပေါ် အောင် ပြုံးပြချေပြီး. . .

"သားကောင်ကို ကွက်ကွက်ကွင်းကွင်း မြင်ရလေပြီးမှ ပစ်နော်"လို့ သတိ ပေးလာသဖြင့် ခေါင်းညိတ်ပြလိုက်ကာ သားကောင်ရောက်အလာကို စောင့်နေလိုက်တော့သည်။

"ဟင်. . ."

အတန်ကြာတွင် ကျွန်တော့်ပစ်မှတ် ရှေ့ရောက်လာသည့် သားကောင်ကို မြင်လိုက်သည်တွင် လွန်မင်းစွာ တုန်လှုပ်သွားမိတော့၏။

"ကံသီပေလို့ဗျာ"

သို့ဆိုလျက် ကျွန်တော်သည် ပစ်မှတ်ဆီမှ သေနတ်ကို လွှဲလိုက်လေပြီး ထိုင်ရာမှ ထလိုက်မည်အလုပ်တွင် . . .

"အသာ ငြိမ်နေလိုက်ဦး ကိုပိုက်၊ သူဘာလုပ်မလဲ၊ ဘယ်သွားမလဲ စောင့်ကြည့်ချေဦး"

သို့ လင်းမြင့်လှိုင်က ပြောလေသဖြင့် ကျွန်တော်သည်လည်း ရှိရင်းနေရာမှာပင် ငြိမ်သက်စွာနေလိုက်ပြီး ကျွန်တော့် ပစ်ကွင်းရှေ့ရောက်လာသော မုဆိုးကို ကြည့်နေလိုက်တော့သည်။ ထိုမုဆိုးသည် သုတ်ကိုင်းတွင်မိနေသည့် တောကြက်ဖကောင်ကို ဖြုတ်ယူလိုက်ပြီး သုတ်ကိုင်းကို နေသားတကျ ပြင်ဆင်လိုက်ချေ၏။ ဒီနောက် တောကြက်ဖသေကြီးကို ဆွဲ၍ ထိုနေရာမှ လှည့်ထွက်သွားတော့သည်။





အတန်လှမ်းလှမ်းနေရာ အရောက်တွင် ရပ်တန့်လိုက်လေပြီး ကြက်ကောင်ကို သစ်ပင်ငယ်တစ်ခု ကိုင်းတက်တွင် [illegible]င်းချိတ်လိုက်လေတော့၏။

ဒီနောက် ခေါင်းအောက်စိုက် တွဲလောင်းဖြစ်နေသော တောကြက်ကောင်၏ ဦးခေါင်းကို သေနတ်ဖြင့် ချိန်ပစ်လိုက်လေတော့သည်။

"ဒိန်း"

"ကိုပိုက် သဘောပေါက်ပြီလား"

"အှင်း. . ."

ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်လေပြီ။

"သူ အဲဒီလို လုပ်တတ်ပါကလားဆိုတာ ကိုလင်း ဘယ်လိုလုပ် သိထား သလဲ"

သို့ ကျွန်တော်က မေးလိုက်သည်တွင် . . .

"တာပုတို့ ပြောကြတယ်မဟုတ်လား၊ သည်နေရာ တောကြက်တွေ၊ ရစ်တွေ၊ တောကြောင်တွေ ပေါသလောက် မရကြဘူးဆိုတော့ မဖြစ်နိုင်လောက်ဘူးလေ၊ ပြီးတော့ အဲဒီမုဆိုးက သူပစ်ရလျှင် တောကြက်၊ ရစ်၊ တောကြောင်ပဲဆိုတော့ မထူးဆန်းပေဘူးလား၊ ပြီးတော့ ပစ်တိုင်းလဲ ခေါင်းချည်းပဲဆိုတော့ စဉ်းစားရပြီလေ၊ တိုက်တိုက်ဆိုင်ဆိုင် မနေ့က သူ တောကြောင်တစ်ကောင် ခေါင်းကိုပဲ ပစ်ရလာတယ်ဆိုတော့ ကျွန်တော် မသက်သာတာနဲ့ အဲဒီသေ[illegible]ကြောင်ကို လှမ်းအကဲခတ်ကြည့်လိုက်တယ်၊ ကျွန်တော် စဉ်းစားမိသလို ဖြစ်နေမလားဆိုပြီး တောင်းယူထားလိုက်တာပဲပေါ့"

"ကိုပိုက်လဲ အသိပဲ၊ ကျွန်တော် အဲဒီ ကြောင်သေကို အသေအချာကိုင်တွယ်စစ်ဆေးကြည့်လိုက်တော့ နံ့ရှိုးတွေကျိုးနေတယ်၊ ခြေတစ်ချောင်းပေါင်လယ်လောက်က ကျိုးနေတယ်၊ ဒီကြောင်က ကပ်ဖိမှာ ညပ်ပိနေတော့ကာ အရိုးတွေကြေကုန်တာပေါ့၊ ခေါင်းကို သေနတ်မှန်ပြီး သေတဲ့ကြောင်က ဘယ်လိုလုပ် အရိုးတွေကျိုးကြေရမှာတုံးဗျာ"လို့ ရှင်းပြလာတော့၏။

"အင်း. . . ကျွန်တော် သဘောပေါက်ပြီ ကိုလင်း၊ ကပ်ဖိမှာ ညပ်ပိသေနေတဲ့ ကြောင်ရဲ့ခေါင်းကို သေနတ်နဲ့ ပစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ နို့ကြောင့် သူပစ်ရတဲ့ သားကောင်တိုင်းက ခေါင်းမပါကြတာချည်းပေါ့၊ အင်မတန် လက်ဖြောင့်တာဗျ နော် ဟင်း. . ဟင်း. . ဟင်း"

သို့နှယ်ပြောပြီး လင်းမြင့်လှိုင်သည် သဘောကျကာ ရယ်မောနေလေတော့၏။ ကျွန်တော်သည် သဘောမကျနိုင်ပါ။ ဘယ့်တွက် သို့လုပ်ရတာပါလိမ့်။ သစ္စာမရှိတဲ့အလုပ် လုပ်နေတာပေပဲ။ စည်းမရှိတဲ့သူ။

"ကျွန်တော် ဒီကိစ္စ သူနဲ့ အပြတ်ရှင်းမယ်"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က . . .

"အလို မလုပ်နဲ့ ကိုပိုက်၊ သူ ခိုးယူတဲ့အကောင်တွေကို တာပုတို့ကို ပြန်ပေးစားတာပဲ မဟုတ်လား၊ အဲဒါဟု ကြည့်ခြင်းအားဖြင့် ဒီမုဆိုးက သူဟာ အင်မတန်တော်တဲ့ မုဆိုးတစ်ယောက်ဆိုတာ လူတွေ သိစေချင်တာကလွဲလို့ တခြား မသမာတဲ့စိတ် သူ့မှာ မရှိလောက်ပါဘူးဗျာ"လို့ ပြောလာတော့၏။

"အို့ ဘယ်ဟုတ်ပါ့မလဲ၊ သစ္စာမရှိတာဟာ သစ္စာမရှိတာပဲပေါ့၊ ခိုးတာဟာ. . ခိုးတာပဲလေ"

"သူက ခိုးချင်လို့ ခိုးတာမဟုတ်ပါဘူးဗျာ၊ သူဟာ သိပ်တော်တဲ့ မုဆိုးတစ်ယောက် အင်မတန် လက်ဖြောင့်တဲ့မုဆိုးတစ်ယောက် ဖြစ်ချင်လွန်းလို့ ကိုယ်ကလဲ လုံးလုံးမှအသုံးမကျတော့ သစ္စာမဲ့စွာ ကြံမိကြံရာ ကြံလိုက်တာ ဖြစ်မှာပေါ့ဗျာ၊ ကိုပိုက် သူ့အပေါ်မှာလဲ ခွင့်လွှတ်လိုက်ပါဗျာ"

"နို့ဖြင့်လဲ တာပုတို့ကိုတော့ဖြင့် နားလည်ပေးဖို့ ပြောထားရပေမပေါ့ဗျာ"

"အဲဒီလောက်ပဲ ကောင်းပါတယ်"

ကိုပိုက်
(၁၁. ၇. ၂၀၀၅)

## မုဆိုးပါးပုလင်းထိ

တောသည် တိတ်ဆိတ်ငြိမ်သက်လို့ နေသည်။ 'ကျလိ' 'ကျလိ' 'ကျလိ' ရယ်လို့ ကျေးငှက်သာရကာတို့၏ အသံ သာလျှင် ကြားရ၏။ ရံခါဆိုသံလို. . . လေပြင်းတိုက်စတ်လာခြင်းကြောင့်'ဖလပ်' 'ဖလပ်' 'ဖလပ်' ဆိုသည့် သစ်ရွက်လှုပ်ခတ်သံတို့ ကြားရခြင်းဖြစ်၏။

ကျွန်တော်နှင့် လင်းမြင့်နိုင်သည် ချုံပုတ်နွယ်ပင် နောက်ကျောမှ ချောင်း မြောင်း၍ ရှေ့တူရူသို့ မျက်တောင်မခတ် ကြည့်နေကြ၏။

သို့ရှိစဉ်. . .

"ပီးလ်ရဲ ဂီးရဲလ် ပးရယ်"

သို့ စူးရှရှအသံ ကြားရသည်တွင် ပို၍အာရုံစိုက် ရှေ့သို့ကဲကြည့်နေရင်း ရင်ခုန်နေကြရတော့၏။

"ပီးလ်ရဲ ပီးရဲဂ် ပီးရဲလ်"

ထိုအသံသည် ကျွန်တော်တို့ စိုက်ကြည့်နေသောနေရာမှ ထွက်ပေါ်လာခြင်း မဟုတ်ပါ၊ ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့ ရှေ့တစ်လံလောက်နေရာမှာ မြည်နေခြင်း ဖြစ်တော့၏။

"ရှပ် ရှပ် ဖလပ် ရှပ် ရှလွပ်၊ ရှပ်"

ထိုအသံ ကြားရပြန်သည်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့သည် ဝမ်းသာအား ရ ဖြစ်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ ထင်တယ် ကိုလင်းရဲ့"

သို့ဆိုသလို ကျွန်တော်က လင်းမြင့်လှိုင်ကို တိုးတိုးကပ်ပြောလိုက်ရင်း လက်တွင်ရှိ ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကို မောင်းတင်လိုက်၏။

"ချောက်"

တိတ်ဆိတ်နေသည်ဖြစ်၍ သေနတ်မောင်းတင်သံသည် ကျယ်လောင်သည်ဟု ထင်ရလေတော့၏။ သို့ကြောင့် ရှေ့တူရူမှ သစ်ရွက်ခြောက်မ်ားပေါ်သို့ ဖြတ်လျှောက်လာသည့် ခြေသံရှင်သည် ရပ်တန့်သွားပုံရ၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို မျက်စောင်းထိုးကြည့်လာချေတော့၏။ 'ခုမှ သေနတ်မောင်း တင်ရသလား'ရယ် လို့ အပြစ်ပြောလိုဟန်ဖြစ်သည်။

'တောင်းပန်ပါတယ်'လို့ တိုးတိုးပြောလိုက်ရပြန်၏။

'ပီးရဲလ်' 'ပီးရဲလ်' 'ပီးရဲလ်'

သို့ ဆိုသလို အသံထွက်လာပြန်၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့ နားစွင့်ထားလိုက်ကြပြန်သည်။

'ရှပ် ရှပ် ရှပ် ဖလပ် ရှလပ်'

သို့ အသံပြန်ကြားရလေတော့မှ ကျွန်တော် စိတ်အေးသွားရတော့သည်။

မကြာလိုက်သော အချိန်ကလေးတွင် ချုံပုတ်သစ်ပင်တို့ကြား လမ်းမြောင်လေးမှ ဂျီ (ချေ)မကြီးတစ်ကောင် ထွက်လာချေတော့၏။

"ပီးရဲလ် ပီးရဲလ်"

လို့ အသံထွက်လာပြန်၏။ သည်တွင် ရှေ့တူရူသို့ ရောက်လာပြီဖြစ်သော ဂျီ(ချေ)မကြီးသည် ချုံပုတ်နွယ်ပင်တစ်ခု၏ နောက်ကွယ်တွင်သို့ ရပ်တန့်လိုက်ပြီး ရှေ့တူရူနှင့် ဘေးတစ်ဖက်တစ်ချက်ဆီသို့ အကဲခတ်၍ ကြည့်နေလေတော့၏။ ထောင်နေသော နားရွက်သည်လည်း တဆတ်ဆတ် ခါလှုပ်နေတော့၏။ပါးစပ်မှလည်း တလှုပ်လှုပ် ဖြစ်နေသည်။

"ပီးရဲလ်"

အတန်ကြာတွင် သို့နှယ် အော်ဟစ်လာတော့၏။





ဂျီ (ချေ)မသည် ချုံ ပုတ်ပင်ငယ်နောက်ကွယ်တွင် ရှိနေသော်လည်း ဦးခေါင်းနှင့်လည်တိုင် သည်ချုံပုတ်မှကျော်၍ ထင်းထင်းကြီး ဖြစ်နေလေတော့၏။

"ပီရဲလ်"

သို့နှယ် အော်ဟစ်လာပြန်ပြီး နေရာတွင်ပင် ရပ်နေသည်ဆိုပေမင့် ဦးခေါင်းကတော့မူ ဟိုဒီလှည့်ကြ်နေလေတော့၏။

သို့ပေမင့် 'ပီးရဲလ် ပီးရဲလ် ပီးရဲလ်' လို့ ကျွန်တော်တို့ ရှေ့တစ်လံနားမှာရှိ ချုံပုတ်ပင်နောက်ကွယ်မှ ထိုအသံ ပြန်ထွက်လာသည်။

ယင်း ဂျီ (ချေ)မကြီးသည် ငြိမ်သက်စွာ နားစွင့်နေလိုက်တော့၏။

ပါးစပ်က တလှုပ်လှုပ် ဖြစ်နေရသလို နားရွက်အစုံသည်လည်း တဆတ်ဆတ် တုန်လှုပ်လို့နေတော့၏။

ပစ်မှတ်ငြိမ်ဟု ပြောရပေတော့မည်။ ထို့ကြောင့် ကျွန်တော်သည် သေ နတ်မောင်းထိန်းခလုတ်ကို ညင်သာစွာ ဆွဲချလိုက်တော့သည်။

'ဒိန်း'

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ ဂျီ (ချေ)မကြီးသည် ခေါင်းခါလျက် သွေးတို့ဖြာထွက် လဲကျသွားတော့သည်။

"ဟာ, တော်လိုက်တာ တစ်ချက်ပါပဲကလား"

သို့ဆိုသလို ပြောရင်းဒေသခံမုဆိုးကြီး တာပုသည် ထ၍ ပြောလာလေသည်ကြောင့်. . .

"ဖထီးရဲ့ ဖက်စုပ်ပညာကလဲ အံ့သြလောက်ပါပေတယ်ဗျာ၊ တကယ့်သားပေါက်လေး အော်သံအတိုင်းပဲ၊ ဖထီးကျွန်တော်တို့နဲ့ တူတူရှိနေလို့သာပေါ့၊ နို့မဟုတ် တကယ့် ဂျီ(ချေ)သားပေါက်လေး ထင်မိမှာ ပစ်မိမှာဗျ"

"အဲလိုတင် ဘယ်ဟုတ်ပါ့မလဲ ဆရာလေးရယ်၊ သည်လိုဖက်စုပ်ပြီး ဂျီ (ချေ)သားပေါက်လေး အသံတုလုပ် ဂျီ (ချေ)မကြီးတွေကို မှားခေါ်တဲ့ အလုပ်က အန္တရာယ်အများသားကလား၊ ဟင်းကောင်ရန်လဲ ကြောက်ရသေးတယ်လေ"

"ဘယ်လိုကြောင့်လဲ ဖထီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟင်းကောင်(ကျား)က ဂျီ(ချေ)ကောင်လေးမှတ်ပြီး လာတတ်သေး တယ်လေ"

"နို့ဖြင့် အန္တရာယ် အများသားကလား"

သို့ဖြင့်. . .

ကျွန်တော်တို့သည် ဂျီ (ချေ)ကောင်သေကို ထမ်း၍ ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

သို့ဆိုသလို မုဆိုးကြီးတာပုသည် တောတောင်ထဲတွင် အနေများသည်ကြောင့် တောကောင်တို့၏အသံကိုလည်း ကျက်မိနေသူဖြစ်သည်။ တောကောင်သံ ကြားသည်နှင့် ဘာကောင်ဆိုသည်ကို ပြောနိုင်၏။

သို့အသံမျိုးလည်း လိုက်တုအော်တတ်ချေ၏။

မုဆိုးကြီးတာပု၏ တောကောင်တို့၏အသံတုသည် အံ့သြလောက်သည်။ သို့ဖြစ်ရအောင်လည်း သူသည် သွားရင်လာရင်း အားအားနေလျှင် တောကောင်တို့၏အသံကို တစ်မျိုးမဟုတ်တစ်မျိုး လမ်းသွားရင်း အော်ဟစ်တတ်လေ့ရှိချေ၏။ အလေ့အကျင့်သဘောဟု သူက ဆိုလေ၏။

သို့ဖြင့် ကျွန်တော်တို့သည် စခန်းသို့ ပြန်ခဲ့ကြလေပြီ၊ ဂျီ (ချေ)ကောင်ကို အသားဖျက်နေစဉ်. . .

"ဆရာလေး ငါ ထင်းခြောက်တုံးတွေ သွားရှာချေဦးမယ်" ဆိုလျက် မုဆိုးကြီးတာပု "အူ အူ အူအူ အူအူ အူအူ" ရယ်လို့ အော်ဟစ်ထွက်သွားလေတော့၏။

"ဖထီးတာပုတော့ လုပ်ချသွားပြန်ပြီဗျို့၊ တကယ့် မျောက်မြီးရှည်အသံလေးဗျ"

မျောက်အူသံကဲ့သို့ အော်ဟစ်သွားသော မုဆိုးကြီးတာပု၏ ကျောပြင်ကိုကြည့်၍ လင်းမြင့်လှိုင်က ပြုံးစစဖြင့် ပြောလာချေတော့သည်။

သို့ဖြင့် ကျွန်မဟော်နှင့် လင်းမြင့်လှိုင်သည် ဂျီ(ချေ)ကောင်ကို အသားဖျက်ပြီးသောက်တွင်. . .

'အူအူ' 'အူအူ' 'အူအူ' 'အူအူ' လို့ စခန်းတဲ နောက်ဘက် သစ်ပင်ထက်မှ မျောက်အူသံကြောင့် လင်းမြင့်လှိုင်သည် နေရာမှ ကပျာကသီ ထလိုက်ကာ သူ၏ ဝင်ချက်စတာ ရိုင်ဖယ်ကြီးကို ဆိုးချိန်လိုက်သဖြင့်. . .





"ကိုလင်းရေ ကြည့်လဲလုပ်ပါဦး၊ မျောက်ကောင်စစ်စစ်မဟုတ်ဘဲ ဖထီးတာပု ဖြစ်နေဦးမယ်"

သို့ဆိုသလို. . . ကျွန်တော်က ရယ်စရာ ပြောလိုက်သေး၏။

"ဟင် ဟင်း ဟင်း ဘယ်လိုဖြစ်နိုင်မှာလဲ ကိုပိုက်ရယ်၊ ဖထီးတာပုက အရှေ့ဘက်တောင်ကြောသွားတာပဲ၊ ခုဟာက စခန်းနောက်ဘက်ကလေ၊ နို့တောင်မှ အပင်ပေါ်ကလာတဲ့ အသံလေဗျာ၊ ဟား ဟိုမယ် ဟိုမယ် အကိုင်းလှုပ်နေဟယ် ကောင်လုံးတော့ မမြင်ရဘူး"

"ဒိန်း"

သို့ဆိုသလို လင်းမြင့်လှိုင်သည် မျောက်ကောင်ကို အလွတ်မပေး လျှပ်တစ်ပြက် ပစ်လိုက်ချေတော့၏။

"ဘုတ်"

မျောက်မြီးရှည်ကောင် မြေပြင်သို့ ပြုတ်ကျလာတော့၏။

"ဖထီးလဲ ခုထိ ပြန်မလာသေးဘူး၊ မောလိုက်တာ"

မျောက်ကောင်ကို အသားဖျက်ပြီးသည့်တိုင် မုဆိုးကြီးတာပု ပြန်ရောက်မလာသဖြင့် လင်းမြင့်လှိုင်က ညည်းတွားစွာ ပြောလာချေတော့၏။

"ဒိန်း"

သို့ရှိစဉ် ဖထီးထွက်သွားသော တောင်ကြောဘက် ခပ်လှမ်းလှမ်းမှ သေနတ်သံတစ်ချက် ကြားရလေတော့၏။

"ဖထီးတာပု ပစ်လိုက်တာတော့ မဟုတ်လောက်ဘူးဗျ၊ သူ သေနတ်မှယူမသွားတာ၊ ထင်းတုံးဖြတ်ဖို့ ဓားမပဲယူသွားတာလေ"

"နို့ဖြင့် အမဲလည့်ထွက်တဲ့မုဆိုး တစ်ယောက်ယောက်ဖြစ်လိမ့်မယ်"

သို့ဖြင့် ကျွန်တော်တို့သည် ဖျက်ပြီးအသားများကို တံစို့ထိုးထားလိုက်သည်။

"ဟော. . . ဟိုမယ် ဖထီတာပု ပြန်လာပြီထင်တယ်" ရှေ့တူရူမှ တောတိုးလျှောက်လာသံကြောင့် လှမ်းကြည့်ပြောလိုက်သည်။

"ဟင်"

မုဆိုးကြီးတာပုဖြစ်သော်လည်း သူ့ကို လူတစ်ယောက်ကထမ်းပိုးလာခြင်းဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖထီး ဘယ်လိုဖြစ်လာတာလဲ ဟင်"

ပေါင်တွင်လည်း ဒဏ်ရာကြီးနှင့် သွေးတို့ ယိုစီးထွက်နေသည်မှာ မနည်းပါကလား။

"ကျွန်တော် သူ့ကို မျောက်မှတ်ပြီး ပစ်လိုက်မိတာ ကံကောင်းလို့ ပေါင်ကိုတွင် ရှပ်မှန်သွားတာ"

"ဟော"

သူ့ကို ထမ်းပိုးလာသော လူငယ်က သို့ဆိုသလို ပြောလာတော့၏။

"မင်းကလဲ မင်းပဲကွာ၊ မျောက်ဆိုလျှင် သစ်ပင်ပေါ်ပဲ ရှိရမှာပေါ့၊ သူ မြေပြင်မှာရှိနေတာပဲ မဟုတ်လား"

ကျွန်တော်သည် လူငယ်မုဆိုးလေးကို သည်လောက်ညံ့ဖျင်းရကောင်းလားဆိုသည့် သဘောဖြင့် ပြောလိုက်သည်။

"သူက. . . သစ်ပင်ပေါ်မှာပါဗျ၊ မျောက်လိုအော်နေတော့ မျောက်ထင်ပြီး ပစ်လိုက်တာပေါ့"

သို့လူငယ်မုဆိုး ပြောလေသောကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မုဆိုးကြီးတာပုကို စေ့စေ့ကြည့်ကာ. . .

"ဖထီးရယ် ဘယ်လိုကြောင့် သစ်ပင်ပေါ်တက် မျောက်လိုအူရတာတုံး မသေကောင်း မပျောက်ကောင်း" လို့ ပြိုင်တူ ပြောလိုက်ကြလေ၏။ သည်တွင် မုဆိုးကြီးတာပုက မျက်နှာငယ်လေးဖြင့် . . .

"အေး ငါ သစ်ကိုင်းခြောက်ကို တက်ခုတ်နေရင်း မျောက်လို အူမိတယ်ကွာ၊ သည်ပတ်ဝန်းကျင်မှာ ဆရာလေးတို့ နှစ်ယောက်ကလွဲပြီး အခြားမုဆိုး မရှိလောက်ဘူးထင်လို့ပေါ့" လို့ ပြောလာချေတော့သည်။

"ခြော်, သတ္တဝါလေးတွေကို လှည့်စားဖြားယောင်းတတ်သည့် မုဆိုးကြီးတာပုတစ်ယောက် လူပါးပုလင်းဆီ ဖြစ်ရချေပြီ"

* * *

## ထူးဆန်းသောလမ်းပြမုဆိုး

မဟူရာကြိုးဝိုင်းအတွင်း ရောက်လာသည်တွင် မှောင်စပျိုးနေချေပြီဖြစ်၏။

သို့ကြောင့်. . .

"ခပ်သုတ်သုတ်လျှောက်မှ ထင်တယ်၊ ရှေ့မြောင်လေးအတွင်း ဝင်ပြီးလေမှ တောင်ကြောတစ်ဖြတ် ဖြတ်တက်ရမှာဆိုတော့ ဒီမြောင်ထဲ ဖြတ်တဲ့အခါ သတိထားရလိမ့်မယ်"

သို့ဆိုသလိုပြောင်း [illegible]ကြီးမြင့်မောင်သည် ရှေ့မှ ခပ်သွက်သွက် လျှောက်သွားသည်ကြောင့် နောက်မှ အမီကပ်လိုက်သွားကြရတော့သည်။

မြောင်အတွင်း ရေရှိနေခြင်းကြောင့် အေးစိမ့်စိမ့်ဖြစ်ရချေ၏။

မြောင်တစ်ဖက်တစ်ချက် ကမ်းပါးယံတို့တွင် တောရှောက်ပင်တို့၏အမြစ်များ အပြိုင်းအရိုင်းပေါ်နေကြ၏။

ကြက်ဟင်းသီးပင်တို့ကလည်း ရှိသည့်ပြင် ဆေးမြင်းခွာပင်တို့လည်း ရှိကြချေ၏။

မြောင်အလယ်လောက် ရောက်စဉ်တွင် မုဆိုးကြီးမြင့်မောင်သည် တစ်ဖက်ကမ်းပါးယံပေါ် သို့ တောရှောက်ပင် အမြစ်များမှ တွယ်၍တက်သွားချေ၏။ သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်နိုင်သည်လည်း သူ့လိုလိုက်တက်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြောင်ကမ်းပါးယံ တောင်ကြောပေါ်သို့ ရောက်သည်တွင် ဝါးသုဦး တောနှင့် ဆုံရလေတော့၏။

ဝါးသုဦးတောမှ ဝါးပင်မေါက်တို့သည် ခါးလယ်လောက်ရှိချေ၏။ အုန်းပင် အနည်းအကျဉ်းမျှကိုလည်း တွေ့ရချေ၏။

"စခန်းချဖို့ နေရာခပ်ခက်ခက်ရယ်"

သို့ဆိုသလို ကျွန်တော်က ဝါးသုဦးတောကိုတိုးဝှေ့ကာ ဖြတ်လျှောက်ရင်းပြောလိုက်၏။

"ကိုမြင့်မောင်ကြီး ကျွန်တော်တို့ ဘယ်မှာစခန်းချမလဲ"

"သည်ဘက် အုန်းတောတောင်ကြောအခြေကိုဆင်းမှ စခန်းချရမယ့်နေရာ တွေ့နိုင်မှာဗျ"

"အမှောင်ထုလဲ ရောက်လာပြီ"

"နို့ကြောင့် မြန်မြန်လျှောက်ခိုင်း တာပေါ့ဗျ"

ကျွန်တော် လွန်မင်းစွာ စိတ်ပျက်သွားတော့၏။ မနက်ကတည်းက ထွက်လာလိုက်သည်မှာ ယခုတိုင်ဟုပြောလျှင် ယုံအံ့မထင်။

အမှန်တကယ်လည်း နားနားနေနေ လျှောက်ခဲ့ကြလေသည်ကြောင့် ကျွန်းပင်ကြီးစခန်းသို့ မရောက်ခင် မှောင်လာချေပြီဖြစ်တော့၏။

ကျွန်တော်တို့ ကျွန်းပင်ကြီးစခန်းသို့ ယနေ့ညရောက်မှ ဖြစ်ချိမ့်မည်။

ဘယ်တွက်မူ ကျွန်းပင်ကြီးစခန်းတွင် တောအုပ်လေးမျိုးဝင်းနိုင် စောင့်နေမည်ဖြစ်သောကြောင့်ပင်။

ကျွန်းပင်ကြီးစခန်းတွင် မျိုးဝင်းနိုင်နှင့် တောခေါင်းတစ်ယောက်သာ ရှိပေမည်။

သူတို့နှင့်ဆုံလေမှ သူတို့က ကျွန်တော်တို့ကို ဝန်ထောက်လေး ရဲဆွေထံ လမ်းပြခေါ်သွားကြမည်ဖြစ်၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝန်ထောက်လေးရဲဆွေနှင့် တွေ့ဆုံလို၍ ချိန်းထားခြင်းကြောင့်လာခဲ့ခြင်းဖြစ်တော့၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကျွန်းပင်ကြီးစခန်းဆိုသည်ကိုသာ သိ၏။

"ကျွန်းပင်ကြီးစခန်းမယ် ကျားသစ်ပေါတယ်ဗျ၊ အချိုးအဆက်တော့ ဖြင့် မလွဲစေနဲ့ဗျ"





သို့ဆိုသလို ဝန်ထောက်လေးရဲဆွေက ပြော၍ မှာချေ၏။

"ကျွန်တော် ခင်ဗျားတို့ကိုကြိုဖို့ တောအုပ်လေးမျိုးဝင်းနိုင်နဲ့ တောခေါင်းကြီးမောင်မောင်စိုးကို လွှတ်လိုက်မယ်၊ သူတို့ ကျွန်တော် ဘိုတဲ အရောက်ကို ပြခေါ်သွားလိမ့်မယ်"

သို့ဆိုလေသောကြောင့် ခပ်သုတ်သုတ် လျှောက်ခဲ့ကြရာမှာ မှောင်လာချေတော့၏။

သို့ကြောင့် မုဆိုးကြီးမြင့်မောင်၏ ရှေ့ခရီးကို နောက်မှနေ၍ ကျွန်တော်က ဓာတ်မီးထွန်းလိုက်ခဲ့ချေတော့၏။

ရုံခါဆိုသလို ရဲရဲနီနေသည့် မျက်လုံးအစုံတို့ကို ခပ်လှမ်းလှမ်း လောက်ဆီ မှမြင်နေရ၏။

ဓာတ်မီးရောင်ကို ကြောက်လန့်၍ ပြေးလွှားသွားသံကိုလည်း ကြားရချေ၏။ သို့လျှောက်ခဲ့ရာမှ မုဆိုးကြီးမြင့်မောင်နှင့် လူချင်းကွဲခဲ့ရတော့သည်။

"ဝူး. . . ဝူး"

သို့နှယ် အချက်ပေးလေငြား တုံ့ပြန်ထူးသံမကြားရသဖြင့် မုဆိုးကြီးမြင့်မောင်အတွက် ပို၍ စိုးရိမ်သွားရတော့သည်။ ကျွန်တော်တို့သည်ပင် မှောင်နှင့် မည်းမည်းတွင် ဓာတ်မီးရောင်ကိုသာ အားကိုးမိတော့၏။ သို့ဖြင့် စမ်းတဝါးဝါး လျှောက်ခဲ့ကြရာမှ . . .

"ဟာ, ကိုလင်  ယ မီးထိုး မီးထိုး၊ ရှေ့က အပင်ခွဆုံကို ထိုးချေဗျ"

ကျွန်တော် ပြောသလို လင်းမြင့်လှိုင်သည် မီးထိုးပြလေ၏။

"ဟာ"

"ဟင်"

အိမ်ခွေးသာသာရှိ ကျားသစ်တစ်ကောင်ပါကလား၊ ထိုသစ်ပင်ခွဆုံမှ ခွဲထွက်သွားသော ကိုင်းခက်တစ်ခုတွင်ဝပ်သွားရင်း ကျွန်တော်တို့ကို ချောင်းမြောင်းတိုက်ခိုက်ရန် ဟန်ပြင်နေသည်ကြောင့် . . .

"ဒိန်း"

"ဘုတ်"



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့ . . အမြင်စော အပစ်မြန်ပေလို့။

"ဘယ်လိုလုပ်မလဲ ကိုလင်း"

ဆိုအယ်အော်မှ ကျားသစ်ကောင်ကို ကြည့်၍မေးလိုက်၏။

"ကျွန်တော်တို့ ဘယ်ရောက်လို့ ရောက်နေန်းတောင် မသိဘူးဗျာ၊ ဒီလိုလုပ် .ဒီကောင့်ကို သည်အပင်ရင်းမှာပဲထားခဲ့မယ်၊ ရှေ့နည်းနည်း လျှောက်ပြီး နေရာအနေအထားကို ကြည့်မယ်ဗျာ"

"ကြည့်ပြီးတော့ . . ."

"သည်အတိုင်း စမ်းတဝါးဝါး မှောင်ကြီးမည်းကြီးထဲ လျှောက်သွားနေမယ့်အစား စခန်းချ ညအိပ်ကြမယ်ဗျာ၊ မနက် လင်းလင်းထင်းထင်း ကျမှ ဆက်စဉ်းစားကြတာပေါ့"

"ကောင်းရော ကိုလင်း၊ ကျွန်တော်လဲ တစ်နေကုန် လျှောက်ခဲ့ရတာ အတော်ပင်ပန်းနေပြီဗျာ နားချင်ပြီ"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကျားသစ်သေကောင်ကို သစ်ပင်ကြီးအခြေသို့ ဆွဲမထားခဲ့ကြပြီး ရှေ့သို့ ဆက်လျှောက်ခဲ့ကြပြန်၏။

ချုံနွယ်ပိတ်ပေါင်း ထူထပ်အောင် ပေါင်းရှုပ်သည့်နေရာတွင် စခန်းချ ညမအိပ်လို၍ဖြစ်၏။

သို့လျှောက်ခဲ့ရာမှ ကံအားလျော်စွာ မီးရောင်လဲ့လဲ့လေးကို တွေ့လိုက်သည်ကြောင့် အတိုင်းမသိ ဝမ်းသာသွားကြလေ၏။

"ကိုလင်းရေ ဟိုရှေ့မယ် ဝါးခုတ်သမားတဲပေပဲဗျ၊ အဲဒီမယ် အကူအညီ တောင်းကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုဝါးတဲလေးရှိရာသို့ သွားလိုက်ကြ၏။ ဝါးတဲရှိရာသို့ရောက်သည်၌ တဲကြမ်းခင်းပေါ်တွင် တင်ပျဉ်ခွေထိုင်၍ ကွမ်းဝါးနေဟန်တူသော ကရင်ကြီးတစ်ယောက်သာလျှင် တွေ့ရချေ၏။

"ဖထီး ကျွန်တော်တို့လမ်းပျားလာလို့ သည်မယ် တစ်ညတည်းခိုခွင့်ပေးပါ"

သို့ ကျွန်တော်က မေတ္တာရပ်ခံလိုက်သည်တွင် "အေး" လို့သာ တစ်ခွန်းပြောချေ၏။

"ဒါ ဒီနေရာ ဘယ်လိုခေါ်တုံး ဖထီး"





လင်းမြင့်လှိုင်က တဲကြမ်းခင်းပေါ် တက်ထိုင်လိုက်ရင်း မေးလိုက်ပြန်၏။

"ဖားအောက်စခန်း"

"ဗျာ"

ဘယ်လို ဖြစ်ရတာပါလိမ့်၊ ဖားအောက်စခန်းဆိုသည်မှာ ကျွန်တော်တို့ သွားလိုသည့် ကျွန်းပင်ကြီးစခန်းနှင့် တခြားစီပါကလား။ သို့ဆိုပါလျှင် ကျွန်တော်တို့ လမ်းမှားလာကြသည်မှာ သေချာပြီဖြစ်၏။

"ဖထီး ကျွန်တော်ဟို့ကို မနက်ကျလျှင်ဖြင့် ကျွန်းပင်ကြီးသွားတဲ့လမ်း ညွှန်ပေးစမ်းပါနော်"

"အေး"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စကားနည်းသော ကရင်ကြီးကို အနှောင့်အယှက်မပေးလိုသည်ဖြစ်၏။ ပင်ပန်းနွမ်းနယ်လာသည်လည်း ဖြစ်သောကြောင့် ဝါးကြမ်းခင်းပေါ် လှဲချလိုက်တော့သည်။

မကြာမီအချိန်ကလေးတွင် အိပ်ပျော်သွားကြတော့၏။ အိပ်ရာမှ ပြန်နိုးလာသည့် အချိန်တွင် လင်းရောင်ခြည် သမ်းလာချေပြီဖြစ်၏။

"ဟင်"

ကရင်ကြီး ဘယ်အချိန်ကနိုးနေပါလိမ့် သို့မှမဟုတ် ညကတည်းက မအိပ်ပေဘဲ ထိုင်ကာ ကွမ်းမြုံ့ဝါးနေလေခြင်းမှာလား။

"ဖထီး ကျွန်တော်တို့ ကျွန်းပင်ကြီးစခန်းကို ခပ်စောစော သွားချင်တယ် လမ်းညွှန်ပေးပါလား"

ဒေသမုဆိုးကြီးမြင့်မောင်နှင့် ပြန်ဆုံရေးထက် ကျွန်းပင်ကြီးစခန်းတွင် ည ကတည်းက တမျှော်မျှော်ဖြစ်နေမည့် တောအုပ်လေး မျိုးဝင်းနိုင်နှင့် တွေ့ရန် အရေးကြီးသည် မဟုတ်ပါကလား။

"အေး, လာ လိုက်ခဲ့"

ကရင်ကြီးက သို့နှုယ်ပြောပြီး တဲပေါ်မှဆင်းသွားတော့၏။ တဲပေါ်မှ မဆင်းမီ တဲထောင့်ဝါးတိုင်တွင် ချိတ်ဆွဲထားသည့် ဝါးပလိုင်းတစ်ခုနှင့် ဒူးလေးကြီးကို ယူလိုက်တော့၏။ ညက အမှတ်တမဲ့နေကြခြင်းကြောင့် ကရင်ကြီးကို မုဆိုးကြီးမှန်း မသိကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကရင်ကြီးသည် ကျွန်တော်တို့ကို မည်သည့်စကားမျှတော့ဖြင့် မပြောလေဘဲ ရှေ့မှ လျှောက်သွားလေသည်ကြောင့် ကျွန်တော်တို့သည်လည်း ကိုယ့်အတွေးနှင့်ကိုယ် သူ့နောက်မှလိုက်ခဲ့ကြတော့၏။

သို့ လမ်းမြောင်လေးအတိုင်း လျှောက်ခဲ့ကြရာမှ ဆင်လမ်းတစ်ခုကို ရောက်လာကြတော့၏။

ထိုဆင်လမ်းအတိုင်း ဆက်လျှောက်ခဲ့ကြရ၏။ သို့မှ ဝါးဖြိုက်တောလေးတစ်ခု အစပ်သို့ရောက်သည်တွင် . . .

"အဲဒီ လမ်းမြောင်လေးအတိုင်း လိုက်သွားချေ"

သို့သာပြောပြီး ကရင်ကြီးသည် အခြားမည်သည့်စကားမျှ မပြောလေဘဲ လာလမ်းအတိုင်း လှည့်ပြန်သွားတော့၏။

"ဖထီး တာ့ပလူးအားကြီးအောင်"

လို့ ကျွန်တော်က ကျေးဇူးအများကြီး တင်ပါတယ်လို့ ပြောလိုက်ပြီး သူညွှန်ပြရာ ဝါးဖြိုက်တောအတွင်း ဖြတ်သွားသည့် လမ်းကြောင်းလေးအတိုင်း လျှောက်သွားလိုက်ကြတော့၏။

ဝါးဖြိုက်တောအတွင်းမှာပင် မုဆိုးကြီးမြင့်မောင်နှင့် ဆုံရလေတော့၏။

"ကိုမြင့်မောင်ရေ ကျွန်းပင်ကြီးစခန်းကို အလျင်သွားမှဖြစ်မယ်၊ ညက တစ်ညလုံး တောအုပ်လေးမျိုးဝင်းနိုင် ကျွန်တော်တို့ကို လည်တဆန့်ဆန့် မျှော်နေရှာမယ်၊ ကျွန်တော်တို့အကြောင်းတွေ နောက်မှပြောကြတာပေါ့"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် . . .

"သည်ဝါးဖြိုက်တော အလွန်က ကျွန်းပင်ကြီးစခန်းပေါ့ ကိုပိုက်ရယ်၊ ကျွန်တော် ညက မျိုးဝင်းနိုင်တို့နဲ့ ဆုံပြီးပါပြီ၊ သူတို့စခန်းမှာ အိပ်ကျန်ခဲ့တယ်၊ ကျွန်တော် ကိုပိုက်တို့ကို ထွက်မျှော်နေတာ"

"ဟင်၊ နို့ဖြင့် ဟန်ကျတာပေါ့ဗျာ၊ ကျွန်တော်တို့နှစ်ယောက် ညက လမ်းမှားပြီး ဖားအောက်စခန်းဘက် ရောက်သွားကြတာဗျ၊ တော်သေးတာပေါ့ ကရင်မုဆိုးကြီးတစ်ယောက်ရဲ့ တဲမှာ ညအိပ်ခဲ့ကြတာ၊ ခုမှပဲ သည်ဝါးဖြိုက်တောအစပ်ကို လိုက်ပြ လမ်းညွှန်လိုက်တာလေ"





"တော်သေးတာပေါ့ဗျာ၊ ကဲ ကဲ ကိုပိုက်တို့ သည်အတိုင်း ဆက်လျှောက်သွားကြချေ၊ သည်ဝါးဖြိုက်တောလေး ကုန်တာနဲ့ မျိုးဝင်းနိုင်တို့ တဲကိုတွေ့လိမ့်မယ်၊ ကျွန်တော်တော့ ဟိုနား သည်နားသွားပြီး အမဲရှာချဦးမယ်၊ မနေ့ကတဲက ဘာမှ မပါလာသေးဘူးဗျ"

"ဟာ၊ နို့ဖြင့်လဲ အထွေအထူး ရှာစရာမလိုပါဘူး၊ ညက အဲဒီ ဖားအောက်စခန်းနားမယ် ကျားသစ်တစ်ကောင် ပစ်ထားခဲ့သေးတယ်၊ ဘာမှ မပြောလောက်ဘူး သွားယူကြမယ်"

"အထွေအထူး ရှာစရာ မလိုတော့ဘူးပေါ့ဗျာ"

သို့ဖြင့် ကျွန်တော်တို့သည် လာလမ်းအတိုင်း ပြန်လှည့်ခဲ့ကြတော့၏။ မှတ်မှတ်ရရ ဝေးလောက်သည့်ခရီးမှ မဟုတ်လေတာ။ သို့ဖြင့် ကျွန်တော်တို့ ညက လမ်းကြောအတိုင်း ပြန်ရောက်လာကြသည်ဟု ထင်မိ၏။

သို့ လျှောက်ခဲ့ကြရာမှ သစ်ပုပ်ပင်ကြီး တစ်ပင်အောက်တွင် ခါးလောက် အမြင့်ရှိ ဝါးတဲငယ်လေးတစ်ခုကို တွေ့သည်ကြောင့် . . .

"ဒါ ဘာလုပ်တာလဲဗျ" လို့ မြင့်မောင်ကို မေးလိုက်၏။

"ဒါ နတ်ကွန်းလေ၊ သည်နေရာတစ်ဝိုက် အမဲပစ်တဲ့သူမှန်သမျှ သည် နတ်ကွန်းကိုလာပြီး ပသပူဇော်ကြရတယ်လေ၊ ဒါ တောပိုင်ကြီး နတ်ကွန်းခေါ်တယ်"

ဩော်၊ သို့နှယ် အမှတ်တမဲ့ ပြောလိုက်လေပြီး ထိုနေရာလေးမှ ဆက်လျှောက်ခဲ့ရာ . . .

"ဟာ၊ မှတ်မိပြီဗျ၊ ဟိုးရှေ့က အပင်ကြီးအောက်မယ် ကျွန်တော်တို့ ကျားသစ်ကောင်ကို ထားခဲ့တာပေါ့" လို့ အားရဝမ်းသာ ပြောလိုက်ပေမင့် ထို အပင်အောက်ရောက်သည်တွင် ကျွန်တော်တို့ ညက ထားခဲ့သည့် ကျားသစ်ကောင် မရှိတော့ပါချေ။

သို့ပေမင့် သင်းခွေချပ်တစ်ကောင်တော့ဖြင့် သေနေသည်ကို တွေ့ရ၏။ ထိုသင်းခွေချပ်ကောင်သည် သေနတ်မှန်ထားသည်ကြောင့် ပေါက်ရာ တစ်ခြမ်း မရှိတော့ချေ။

"ကျွန်တော်တို့ ညက ပစ်လိုက်တာ ကျားသစ်ကောင်ပါဗျာ"

အံ့ဩဖို့ပင် ကောင်းလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖြစ်တာပါလိမ့်"

"ဘယ်လိုဖြစ်ရမှာတုံးဗျာ၊ ညက တောမှောက်ခံလိုက်ရတာ ဖြစ်မှာပေါ့"

သို့ မုဆိုးကြီးမြင့်မောင် ပြောလေမှ တစ်စုံတစ်ခုကို သတိရလိုက်လေသည်ကြောင့် . . .

"ဟာ, ဟုတ်ပြီ၊ လာဗျာ ကိုမြင့်မောင် စောစောကတွေ့ခဲ့တဲ့ သစ်ပုပ်ပင်ကြီးအောက်က နတ်ကွန်းကို ပြန်သွားကြမယ်"

လို့ပြောပြီး ကျွန်တော်က ရှေ့မှ ဦးဆောင်လျှောက်ခဲ့တော့၏။

သစ်ပုပ်ပင်ကြီးသို့ ရောက်သည်တွင် နတ်ကွန်းဆိုသည့် တဲပုံစံငယ်လေးကို အသေအချာ ထိုင်ငေးလိုက်လေ၏။

"ဟင်"

ကျွန်တော်တို့ ညက အိပ်ခဲ့သည့် တဲပုံစံအတိုင်းပါကလား။

သို့ကြောင့် . . .

"ကိုမြင့်မောင် ဒါ ဒီနေရာ ဘာခေါ်လဲ"လို့ မေးလိုက်၏။

"ဖားအောက် စခန်းပေါ့"

"နို့ဖြင့် ဒီနားလေးမယ် ကျွန်တော်တို့ ညအိပ်ခဲ့တဲ့ ကရင်ကြီးတဲရှိလိမ့်မယ်"

ကျွန်တော့်စကားကြောင့် ဒေသခံမုဆိုးကြီးသည် ပြုံး၍ ကြည့်လာလေပြီ။

"အထွေအထူး စဉ်းစားမနေပါနဲ့ ကိုပိုက်ရယ်၊ သည်နတ်ကွန်းပတ်ပတ်လည်တစ်ပိုင်ဝန်းကျင်မှာ ဘာစခန်းတဲမှ မရှိနိုင်ပါဘူး၊ ဘယ်မုဆိုးမှလဲ စခန်းမချကြဘူး၊ ညက ကိုပိုက်တို့အိပ်ခဲ့တာ သည်နတ်ကွန်းမှာပါ"

"ဗျာ"

"မဖြစ်နိုင်တာပဲ ကိုမြင့်မောင်ရာ"

လင်းမြင့်လှိုင်ကလည်း လက်ခံချင်ပုံမပေါ်။

"ကဲ, မယုံလျှင် သည်မယ် ကြည့်ကြချေဗျာ"

သို့ဆိုလျက် မုဆိုးကြီးမြင့်မောင်က နတ်ကွန်းပတ်ဝန်းကျင်အတွင်းရှိ မြေပြင်မှ ခြေရာများကို ပြလေတော့၏။





"ဟာ"

"ဟင်"

ထိုနတ်ကွန်းရှေ့မြေပြင်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်၏ တောစီးဖိနပ်ရာများနှင့်အတူ ခြေဗလာသေးသေးလေးကို တွေ့ရလေခြင်းကြောင့် အံ့ဩသွားရလေတော့၏။

ထိုခြေရာ သေးသေးလေးသည် ထိုနတ်ကွန်းလေးနှင့် နှိုင်းယှဉ်၍ ကြည့်ပါလျှင် "ငလက်မလေး" တစ်ယောက် နေထိုင်ရာတဲနှင့် တူနေချေတော့၏။

"ကျွန်တော်ပြောတာ မယုံမရှိလေနဲ့ဗျာ၊ ကျွန်တော်ကိုယ်တိုင်လဲ ကြုံဖူးခဲ့လို့ပါ၊ သည်တောပိုင်ကြီးက ကရင်ကြီးလေဗျာ၊ သူသည် မုဆိုးတစ်ယောက်လို့ ရှေးလူကြီးတွေ ပြောတာ ကြားဖူးတယ်"

ကိုပိုက်

(၁၃-၉-၂၀၀၅)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com